# မဟာဗောဓိရွှေညောင်တော်



ရှင်အရဟံမထေရ်မြတ် ပုံတော်

( ပုဂံမြို့ အာနန္ဒာဘုရားအတွင်း၌ ရှိသည် )

# ရှင်အရဟံ ပုတီးစိပ်နည်း

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ နာမ ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ နာမ ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

၃။ သံဃံ သရဏံ ဂစ္ဆာမိ၊ နာမ ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

၄။ အနန္တံ ဗလဝံ ဗုဒ္ဓံ၊ အနန္တံ ဂေါဇရံ ဓမ္မံ၊ အနန္တံ အရိယံ သံဃံ၊ အနန္တံ ဗောဓိမုတ္တမံ။

[ဤ ၄-ပုဒ် ဆိုပြီးမှ ပုတီး တလုံး ချ၊ သက်စေ့လုံးရေစိပ်၊ လောကီ-လောကုတ္တရာ အကျိုး၊ စီးပွားများ တိုးပွား ချမ်းသာမည်။]

၁၇၂၂၃

နတ်မောက်မြို့နယ် ပင်းမြို့ဟောင်းရှိ

ရှင်အရဟံ ပင့်ဆောင်စိုက်ပျိုးတော်မူခဲ့သော

# မဟာဗောဓိရွှေကျောင်းတော်

# သမိုင်း

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ရန်ကုန်

ဘာသာရေးဆောင်းပါးရှင်

## နတ်မောက် အရှင်သုဓမ္မသာရ

၏

ဆဋ္ဌမမြောက်စာအုပ်

သာသနာ-၂၅၂၈။ ကောဇာ-၁၃၄၆။

ဘာသာရေးဆိုင်ရာခွင့်ပြုချက် အမှတ်-(၆၉၃)
မျက်နှာဖုံးခွင့်ပြုချက် (၄၀၆)

.........

ပထမအကြိမ်

.........

အုပ်ရေ-၂၀၀၀

.........

၁၉၇၅-ခုနှစ်၊

.........

ဇန်နဝါရီလ

.........

ပန်းချီ-ညောင်ကန်
တင်ယွန်းထွန်း

.........

အဖုံး—စာပေပေါင်းကူး

.........

စာအုပ်ချုပ်-အေးမိသားစု

.........

မှတ်ပုံ

အရှင်မာကုလ၊ကင်းလွှတ်ခွင့်(၁၇၂)ပင်းမြို့ကျောင်း နတ်မောက်မြို့က ထုတ်ဝေ၍ ဦးတင်မောင် (၀၂၅၆-မြ) စာပေပေါင်းကူး စာပုံနှိပ်တိုက်၊အမှတ်-၉၀၊အေ,ဘီ၊ဝေဇယန္တာလမ်း၊(၈)ရပ်ကွက် တောင်ဥက္ကလာပမြို့၊ ရန်ကုန်က ပုံနှိပ်သည်။ ဖုန်း-၅၅၉၁၅။

# ❀ ရှုမှတ်ဖွယ်ရာ မာတိကာ


နတ်မောက်မြို့ဘွဲ့ (ဦးကျော်) (စ)
ပင်းမြို့မှဖိတ်ခေါ်သံ (ဦးပရမ) (ဆ)
မာဂဓီ၏အမှာစာ (ပိဋကစာကြည့်တိုက်မှူး) (ထ)
ချွေးဖြင့်သွေးဖြင့်ဆေးဝါးဖြင့် (အရှင်ဇနိတာလင်္ကာရ) (န)
ကျမ်းဦးအမှာ (စာရေးသူ) (ဘ)

**အခန်း ( ၁ )**

အံ့ဖွယ်ဗောဓိပင် ၁
သတ္တဋ္ဌာနဘုရားရှိခိုးလင်္ကာ ၅
ဗောဓိပင်အမျိုးမျိုး ၇
နှစ်ကြိမ်ရှစ်ဆူဗောဓိပင်များ ၈
ဗောဓိပင်ခွင့်ပြုချက် ၁၀
ဗုဒ္ဓခေတ်ဗောဓိပင်စိုက်ပျိုးပွဲ ၁၃
ရှင်အာနန္ဒာ၏ အသက်တော် ၁၆

**အခန်း ( ၂ )**

မြန်မာပြည်နှင့်ဗုဒ္ဓသာသနာတော် ၁၇
မြန်မာပြည်သို့ ဘုရားကြွခဲ့ ၁၉
၁၃၄၆-ခု သံဃာစာရင်း ၂၀
တိုင်းပြုပြည်ပြုအနော်ရထာမင်းကြီး ၂၃

**အခန်း ( ၃ )**

ဗောဓိပင်စိုက်ပျိုးခန်း ၃၂
မဟာဗောဓိရွှေညောင်တော်ပင့်ဆောင်စိုက်ပျိုးပုံ ၃၃
၃၈၈-ခုနှစ်မှာ ဗောဓိပင်စိုက်ပျိုးခဲ့ ၄၃
နတ်မောက်မြို့နယ်မှတ်တမ်းမှ ကောက်နုတ်ချက် ၅၁

## မာတိကာ

## အခန်း ( ၄ )


| | |
|---|---|
| မျက်မှောက်ခေတ် မဟာဗောဓိရွှေကျောင်းတော် | ၅၆ |
| ဗုဒ္ဓဂါယာသို့မသွားမီ ပင်းမြို့သို့လာခဲ့ကြလော့ | ၆၂ |
| ကျောင်းရေသွန်းပွဲတော် | ၇၅ |
| ထူးခြားသောဖြစ်ရပ်များ | ၈၁ |


## အခန်း ( ၅ )


| | |
|---|---|
| ဗုဒ္ဓခေတ်ရသေ့များ | ၈၉ |
| ရသေ့တို့အကြောင်း | ၉၀ |
| ဂေါ်စံရသေ့၊ ဂေါ်စံရသေ့၏ဇာတိ | ၉၆ |
| အခ လာင်းမင်းတရားလက်ထက် ပင်းမြို့ | ၁၀၆ |


## အခန်း ( ၆ )


| | |
|---|---|
| မျက်မှောက်ခေတ်ဗောဓိပင်များ | ၁၀၉ |
| ခမ်းနားလှသော ဗောဓိပင်စိုက်ပျိုးပွဲ | ၁၁၄ |
| ဗောဓိပင်အစုံဆုံးနေရာ | ၁၂၅ |
| အိန္ဒိယ ဓမ္မ ပဏ္ဏာတော် | ၁၂၇ |
| ဦးဗာကုလ အတ္တုပ္ပတ္တိ | ၁၃၄ |
| သံဝေဇနိယ လေးဌာန | ၁၃၉ |
| ကျမ်းပြီးနိဂုံး | ၁၄၀ |


---

ဤမဟာဗောဓိ ရွှေကျောင်းတော်ထပိုင်း အကြောင်းကို နိုင်ငံသမိုင်းသုတေသနဦးစီးဌာနမှ ထက်ထောက် (ဒု) ဦးမြင့်သန်းဆွေက ၁၉၈၄-ခု နိုဝင်ဘာလတွင် မြန်မာ့အသံမှ ဟောပြောခဲ့ပြီးဖြစ်ပါသည်။

# မော်ကွန်းဖွင့်၍

"ဖြောင့်စင်းစေတနာ   သောမနာဖြင့်
ဖရဏာပီတိ   ဂွမ်းဆီထိသို့
ပျောင်း၏ညွတ်ခွေ   ပူဇော်လေလော့
အစိန္တေယျ အဝသာမိ   မာရဇိ၏
ဗောဓိညွန့်ဝေ   ဗုဒ္ဓဟောမှ
ဖြာထွေလက်ယာ   ဒက္ခိဏာဟု
သာခါအစစ်   အမှန်ဖြစ်၍
ဖြန့်လှစ်ဝန္ဒနာ   သံချိုစွာဖြင့်
သာယာချီးမြှင့်   မော်ကွန်းဖွင့်၍
ကျူးရင့်လိုက်သည်"

ရွှေညောင်တော်သမိုင်း၊ ပေမူ

# နတ်မောက်မြို့

ပြည်ဗာရာဏသီ
လင်းသိမ်ရှိခြည်ရောင်
မင်းပိဋ္ဋိတည်ထောင်သည်
ရှည်ယခေါင်ပင်္ကတူး
အောင်နက်သန်မြေနုဂိုမှာ
ရွှေဗဟိုနန်းစိုက်ခဲ့ဖူး
ပထဗျည္ဆန့်နေရုံလို
ဇေယခုံရောင်မြူး
ရေယမုန်သောင်ဦးနှင့်
တောင်ဖြူးမြင့်ဂိရိုန်
သပြေမော်တေဇော်ရွှန်း
ရွှေမော်ကွန်းထွန်းနဲ့ထိန်ထိန်
အယုဇ္ဈဝေသိရ်လို
ရွှေဝတီ စံခင်းသို့
ကံမင်းရေလျဉ်ကြည်ကြည်
ဝန်းခပတ်လည်
ရွှေမောက်မြို့ဒြပ်ကိုရည်လျှင်
နတ်တပြည်ဆိုလောက်ပလေး။

စုံနံ့သာမြိုင်-ဦးကြော့

# ပင်းမြို့မှ ဖိတ်ခေါ်သံ

နတ်မောက်မြို့နယ် ပင်းရွှေမြို့
သတင်းဝေလို့ လျှမ်းကြည်စွာ
ယမင်းမေပျို တန်းစီလာသည်
ဂွမ်းဆီပမာ ကြည်စိတ်ထား
(အသရေဆောင်လောကီ နေဝန်းယှဉ်လာသလို)
ရွှေညောင်ဗောဓိ ရေသွန်းမင်္ဂလာငယ်
ဝေရွှန်းသာသနာ တည်တံ့ပါစေသား
**ဦးစွာယူပင့်** **အရဟံထေရ်သည်**
အမှန်မသွေ စိုက်ကာထား
(လင်းလတ်သော်တာ ဆက်ဆက်ကြွားသို့)
**မင်းမြတ်နော်ရထာ** **လက်ထက်ပွားမို့**
ရှားရှားပါးပါး မြန်ပြည်ပေါ်
(အကြောင်းရှာပြီ မှန်းစစ်တွက်တော့)
တပေါင်းရာသီ ဆန်းရှစ်ရက်မှာ
ခေတ်အဆက်ဆက် ကျင်းပမြဲပူဇော်
**''မဟာဗောဓိ** **ရွှေညောင်တော်''ယ်**


## [ ၉ ]                  ပင်းမြို့မှ ဖိတ်ခေါ်သံ


ပရမေခေါင်ကျော်                  မိုရာကျမ်းကို
ညီညာသစ်ဆန်းရေးကွက်စုံစုံလင်  လေးနက်ဖုံဖုံပင်
**အရှင်သုစိတ္တ**                  **မှတ်တမ်းထင်သည်**
ဖတ်စမ်းစေချင်                  တိုက်တွန်းပါရဲ့လေး။ ။
ဗောဓိတန်ခိုး                  အကျိုးနှစ်ဆယ်ကို
တင့်ဖြိုးကြွယ်ကြွယ်                  ရစမ်းစေချင့်လေး
(**အရှင်ဗာကုလ**                  **အစဉ်သာယုယ**)
ယှဉ်လာတုမရ                  သင်းလို့ကျော်သည်
ပင်းမြို့တော်ဆီ                  ဖိတ်ကြားပါရဲ့လေး။ ။

[ထပ်တွန့်ထပ်ကွန့်-၇၀-ပေါ်တေးထပ်]

အရှင်ပဝရ
ကလေးအုတ်ကျောင်း
ကျောက်ဆည်မြို့နယ်

(။ငွဲလၢထစ့ၣ်ရှၢ်ဂံၢ်နံၣ်ဒံလဲၤသ့ၣ်လၢအဂ့ၤဝဲသ့ၣ်ထံးဂ့ၢ်ထီ ။ဂ့ၢ်ဆၢဒံသ့ၣ်လၢအသ့ၣ်ထၢအဖၢအသ့ၣ်လၢဲ ယ(နံၣ်ဒီ) ငွဲဂ့ၢ်လၢဲနံၣ်ဖဲၤယ ၊၁၉·၅၆၄၄ ငံၢ်ဂ့ၢ်ပြံ) ၊ငွဲလၢထစ့ၣ်ရှၢ်သ့ၣ်ဂံၢ်ယြၢအသ့ၣ်ဖဲနံၣ်ငွဲငွဲယြၢသ့ၣ်အဖါ ငံၣ်ထထထထထထ ပြၢသ့ၣ်ထံးထထဂ္ဂီးသ့ၣ်ဂလိဂ္ဂီးသ့ၣ် ငံၢ်ငွဲလၢထဲသ့ၣ်နံၣ်လိၤသ့ၣ်လၢဲ ။ဂါၤဂ့ၢ်ဝဲသ့ၣ်ထံးဂ့ၢ်ထီ ။ဆဲၣ်ထံးသ့ၣ်ပါယၢ-၀၀၂၊ ။၂ဂဆၢထထၣ် ယ့ၢ်ဂံဂ့ၢ်ဝဲၣ်ဖဲၣ် ၊ငွဲလၢထစ့ၣ်ရိၤထိထထဲဒၢ ထထၢသ့ၣ်လၢဲနံၣ်ထံသ့ၣ်ဂ့ၢ်အၤသ့ၣ်ထီ သ့ၣ်ထဲၢ်ငံၣ်ထထထ ငွဲလၢထဲဒၢဂ္ဂီးသ့ၣ်






တံတိုင်းအထပ်ထပ် ပလ္လင်အဆင့်ဆင့်တို့ဖြင့် ဖူးချင်စဖွယ် အထူးတင့်တ
အောင် ချယ်လှယ်စီမံထားသော ပင်းမြို့ မဟာဗောဓိ ရွှေညောင်တော်
(အမြင့် ပေ-၁၀၀)



မဇ္ဈိမဒေသမှ ရှင်အရဟံပင့်ဆောင်လာခဲ့သော ပုဂံခေတ် မဟာဗောဓိ ရွှေကျောင်းတော်အား အထူး ပြုပြင်၍ ကိုးကွယ်စောင့်ရှောက်လျက် ရှိသော ပင်းမြို့ ပဌမမြောက် ဆရာတော် (သာသနဓဇ ဓမ္မာစရိယ) ဘဒ္ဒန္တဗာကုလမဟာထေရ်၊ သက်တော် ၄၉-နှစ်၊ သိက္ခာတော် ၂၉-ဝါ။




ဆရာတော်၏ ညွှန်ကြားချက်ဖြင့် လယ်မှာယဉ်ကျေးနေကြသော ပင်းမြို့သူများ ညောင်ရေလောင်းအပြီး အမှတ်တရ-(ပုံဘွင်ပါရှိသူများ၏ အမည်များ အောက်တွင်ကြည့်။)

**ရှေ့တန်း—**မခင်စန်းဝေ၊ မသန်းသန်းရီ၊ မဝိုင်းတင်၊ မမိုးမိုးစီ၊ မဖြူနွယ်အေး၊ မတင်နွဲ့ရီ၊ မမော်မော်၊ မအေးအေး၊ မပေါက်စ၊ မမာမာဆွေ၊ မပုစုး၊ မသန်းသန်းဦး၊ မနွယ်နွယ်ဝင်း။

**အလယ်တန်း—**မတင်တင်နွဲ့၊ မမော်မော်ဝင်း၊ မတုတ်၊ မကြည်ကြည်အေး၊ မခင်မျိုးမြင့်၊ မမြမြနွယ်၊ မညို၊ မကြည်သိန်း၊ မငွေးငွေးမြင့်၊ မငွေးငွေးဦး၊ မသိန်းသိန်းဆွေ၊ မစောခင်လှ၊ မခင်ပြုံးလွင်၊ မသိန်းဝေ၊ မငိုင်း၊ မစန်းအေး၊ မကြည်ရွှေ၊ မသန်းသန်းဆွေ၊ မတင်ဆွေ၊ မခင်လှ၊ မမြင့်မြင့်အေး၊ မမာမာစိန်၊ မတင်တင်ရှိန်၊ မစံ၊ ဒေါ်ကလျာဏီ၊ မထိုက်တင်၊ မပေါ်ကြည်၊ မညွန့်ညွန့်စိန်၊ မရီရီငွေး၊ မမိုးမိုးတင်၊ မငွေးငွေး၊ မခင်ပြတ်နွယ်၊ မတင်ဝင်း၊ မပေါ်ပေါ်၊ မတင်ထွေး၊ မမြင့်ကြည်။



နဝင်ဘောက်မြို့နယ်ပြင် ဗုဒ္ဓဘာသာယဉ်ကျေးမှု အခြေခံ တရားတော်များကို ရှေးမူမပျက် ဆက်လက်
သင်ကြားပေးနေသော ဆရာတော် ဦးဗာကုလ၏ မေတ္တာရိပ်ကို ခိုလှုံနေကြသည့် တပည့်ငယ်များ။



ꩻငါန်ငြီꩻဒဂ လောယြန်ခꩻဒလောꩻနွ့်ငိဒဓဗခ
ဒုံမြှ်လေင်ဝ်ꩻတွ် ငြိလလောဗွ် ငိုယဂဓမြွꩻနွ့်ငိ ဗဒဒလိချုငိ



မဟာဗောဓိရွှေကျောင်းတော်သမိုင်းကိုဖြစ်ပေါ်စေသောပုဂ္ဂိုလ်များ

၁။ နတ်မောက် အရှင်သုစိတ္တသာရ (စာရေးသူ)၊ ၂။ ဆရာတော်ဦးဓာကုလ (တိုက်တွန်းသူ)

၃။ ဆရာတော်ဦးပညာသာမိ (မာဂဓီ) (တိုက်တွန်းသူ)

၄။ အရှင်ဇနိတာလင်္ကာရ (နတ်မောက်တခွင်သို့ လှည့်လာရေးပို့ဆောင်သူ)

### ပင်းမြို့ မဟာဗောဓိရွှေကျောင်းတော်

# မာဂဓီသာစည်၏ အမှာစာ

ပုပ္ဖာရုံဆရာတော် ဦးဗာကုလ၏ မှာကြားချက်အရ ပင်းမြို့နှင့် မဟာဗောဓိရွှေကျောင်းတော် သမိုင်းကို ပြုစုရန် ၁၉၇၃-ခုနှစ် ဇွန်လအတွင်းက ပင်းဒေသသို့ ဤစာရေးသူ ရောက်ခဲ့ပါသည်၊ ထိုနယ်မှ တွေ့သင့်တွေ့ထိုက်သော ဆရာတော်များနှင့် ရွာခံလူကြီးများကို တွေ့ဆုံ၍ ယင်းနှင့်ပတ်သက်သော အချက်အလက်များကို လေ့လာစုဆောင်းခဲ့ပါသည်။

ရန်ကုန် ပြန်ရောက်သည့်အခါ အထွေထွေ လုပ်ငန်းများကြောင့် မအားလပ်၍ ပင်းသမိုင်းကို မရေးနိုင်ပဲ တနှစ်ကြာမျှ အချိန် ကြန့်ကြာသွားခဲ့ရသည်၊ မှာကြားခိုင်းစေသူ ဆရာတော် ဦးဗာကုလနှင့် ပင်းဒေသမှ မိတ်ဆွေများအပေါ် တာဝန်မကျေ၍ အားနာခဲ့ရသည်။

### ၁၂-ရက်နှင့် အပြီးမရေးခဲ့

ဤသို့ရှိခိုက် နတ်မောက် အရှင်သုစိတ္တသာရ ရောက်လာ၍ ပင်းနှင့် မဟာဗောဓိရွှေကျောင်းတော် သမိုင်းကို ပြုစုပေးပါရန် ဤစာရေးသူအား တောင်းပန်ရသည်၊ မိမိစုစည်းထားသော အချက်အလက်များနှင့်တကွ စာအုပ်စာတမ်း ဓာတ်ပုံများကိုပါ ထိုးအပ်လိုက်ပါသည်။

အရှင်သုစိတ္တက ဝိတ်ရင်းစေတနာ အပြည့်အဝဖြင့် မငြင်းမပယ်လက်ခံပြီး တာဝန်ယူသွားသောကြောင့် စာရေးသူမှာ ဝန်ထုပ်ဝန်ပိုးကြီးတခု ကျသွားရပါတော့သည်။ မိမိအနေဖြင့် တနှစ်တာကြာသည်အထိ အကောင်အထည် မဖော်နိုင်သော ဋ္ဌေညောင်တော်သမိုင်းကို ၁၂-ရက်အတွင်း လျှင်လျှင်မြန်မြန် ဇွေ့ဇွေ့စင်စပ် သိပ်သိပ်သည်းသည်းဖြင့် ပြီးစီးအောင် ရေးပြလိုက်သောကြောင့် လက်ဖျားခါ၍ အံ့ဩယူရသည်။

## ကျမ်းပြုပုဂ္ဂိုလ် အရှင်သုစိတ္တသာရ

ထိုအရှင် ရေးသားချက်မှာ ကလောင်သက် ရင့်ကျက်လာပြီဖြစ်၍ ဆိုဖွယ်ရာမရှိ ကောင်းလှဘိ၏၊ ရသမြောက်လှ၏၊ ရာဇဝင်နိပါတ်တော်မှအစ ပိဋကအဆိုအမိန့်များပါ ကျနန် စုံစုံလင်လင် တင်ပြထား၍ စာဖတ်သူအဖို့ ကောင်းသည်ဟု ဆိုရပါမည်။

ဗောဓိပင်နှင့် ပတ်သက်၍ ထွက်ပြီးသမျှ စာအုပ်များစွာတို့တွင် အရှင်သုစိတ္တသာရ၏ စာအုပ်သည် အစုံအလင်ဆုံးသော ဗောဓိပင် မှတ်တမ်းကြီးအဖြစ် မှတ်ယူနိုင်ပါသည်။

(၁) ပင်းနယ်မှ ရဟန်းရှင်လူများ၏ ဆန္ဒကိုပြည့်ဝအောင် ဆောင်ရွက်ပေးခြင်း၊

(၂) မိမိ(မာဂဓီ)၏အင်္ကေ်အနဲကို ဖြေရှင်းကူညီလိုက်ခြင်း၊

ဤအကြောင်း ၂-ချက်ကြောင့် ကျမ်းပြုပုဂ္ဂိုလ် အရှင်သုစိတ္တသာရအား အကြိမ်ကြိမ် ကျေးဇူးတင်ကြောင်း ဖော်ပြလိုက်ရပါသည်။

## အနူးအညွတ် ခွင့်ပန်ပါသည်

နောက်တခု တောင်းပန်လိုသည်မှာ ထိုအရှင်၏ ဗေဒါပင်မှတ်တမ်းကြီးတွင် မပါသေးသော အချက်အလက် အချို့ကို ဤစာရေးသူက ဖြည့်စွက်ရုံမျှ ဖြည့်စွက်၍ ကောက်သင်း ကောက်အနေဖြင့် နောက်မြီးဆွဲမှ ကပ်မြှောင်၍ ဖော်ပြလိုက်ခြင်းကို သဘောတူ ကြည်ဖြူပါရန် အနူးအညွတ် ခွင့်ပန်လိုက်ပါကြောင်း။


**ဦးပညာသာမိ (မာဂဓီသာစည်)**

နိုင်ငံတော်သံဃမဟာနာယက

စာကြည့်တိုက်မှူး

**ဇမ္ဗူဒီပကျောင်းဆောင်၊**

**ကမ္ဘာအေး။**



# ချွေးဖြင့် သွေးဖြင့် ဆေးဝါးဖြင့်

ဤ သမိုင်းပြုစုသူ နတ်မောက်အရှင်သုစိတ္တသာရသည် ၁၃၄၆-ခုနှစ် တန်ခူး လတွင် နတ်မောက် မြို့နယ် အတွင်းရှိ တန်ခိုးကြီးဘုရားများ သမိုင်းပြုစုရန်အတွက် ဤ အမှာစာရေးသူ၏ရွာ 'သက်ရင်းတော' သို့ ကြွရောက်လာပါသည်၊ ရောက်မဆိုက်ပင် သမိုင်းအတွက်လိုအပ်သောအချက်အလက်များ ရှာဖွေစုဆောင်းရန်စီစဉ်ပေးပါဟု မိန့်ကြားပါသည်၊ သို့ဖြစ်၍-

၁။ လက်ခုပ်ပင်ရွာ လက်ခုပ်ပင်ဘုရား၊
၂။ ပင်းမြို့ဆရာတော် ဦးဗာကုလ၊
၃။ တောင်ထောင့်ရွာစိန်ဘုရား၊
၄။ ငွေးချိုရွာသစ်ကနက်ဘုရား၊
၅။ စာရန်အိုင့်ရွာ မိုးကောင်းဘုရားနှင့် မြောက်သိမ်တော်၊
၆။ ငွေးကုန်းရွာ-ပင်ခဲ့တော့တောင်နှင့်ခြေတော်ရာတောင်၊
၇။ အင်းကန်ရွာ-မြသီတာဘုရား။

ဤဖော်ပြပါဌာနများသို့ ခြေလျင်ဖြင့်တဖုံ လှည်းကုံးဖြင့် တသွယ် မီးရထားကဘတန် အတန်တန်သော ခရီးများဖြင့်

ပို့ဆောင်ပေးခဲ့ရပါသည်၊ သမိုင်းပြုစုသူ အရှင်သုစိတ္တသာရသည် မော်သည်ပန်းသည် သဘောမှာမထား စာပေတာဝန် သာသနာ့ တာဝန်ဟူသော သူ၏ခံယူချက် ယုံကြည်ချက်အတိုင်း လေ့လာ မေးမြန်း၍ မှတ်သားစုဆောင်းခဲ့လေသည်။

တွေ့ဆုံဆွေးနွေးခဲ့သော ဒေသခံဆရာတော်များဖြစ်ကြသည့် လက်ခုပ်ပင်ရွာ ဆရာတော်ဦးသုတ, ပင်းမြို့ပဥ္စမမြောက်ဆရာ တော်ဦးဗာကုလ, တောင်ထောင့်ရွာစိန်ဘုရားကျောင်းဆရာတော် ဦးဝိသုဒ္ဓ, ၎င်းရွာ ကံသာစံပြကျောင်း ဆရာတော်ဦးဥာဏ သာမိ, စာရန်အိုင့်ရွာသိမ်တော်ကျောင်းဆရာတော် ဦးသုမင်္ဂလ, ၎င်းရွာဆရာတော်ဦးဝါသမ, ငွေးချို့အရှေ့ကျောင်းဆရာတော်, ငွေးကုန်းကျောင်းဆရာတော် ဦးပဏ္ဍိစ္စ, ဒန့်ဒလွန့်ပင်ရွာတော ကျောင်းဆရာတော်ဦးသုန္ဒရ, အင်းကန်ရွာမြသီတာဘုရားသြဝါ ဒါစရိယဆရာတော်များ, စိုင်ခေါင်းရွာဆရာတော် ဦးမေဓိကနှင့် တဝဂူမိုးကောင်းဘုရား ဂေါပကအဖွဲ့ဝင် ဒကာများကလည်း လိုအပ်ချက်များကို ကူညီဖြည့်စွက်ပေးခဲ့ကြပါသည်။

၎င်းသမိုင်းရှင်သည် စာပေတာဝန်သာမက တဖက်ကလည်း တရားဟောမှုတာဝန်ကိုပါ ထမ်းဆောင်လိုက်ပေသေး၏၊ သက် ရင်းတောရွာနှစ်သစ်ကူးမင်္ဂလာတရားတော်နှင့် ညတရားပွဲ (၂) ကြိမ်၊ စန်းကန်ရွာကျောင်းဒကာ ဦးသန်း၏အိမ်၌ (၂)ကြိမ်၊ သရက်ချဉ်ရွာကျောင်းဒကာ ဦးအောင်ရအိမ်၌ (၁)ကြိမ်၊ နဘူး တောင်၌(၂)ကြိမ် ဟောပြောခဲ့ပေ၏၊ ထို့ပြင် သက်ရင်းတော ရွာ၌ "**ဆဘ်ချိုသာသနာ့ရိပ်သာ**" ဖွင့်လှစ်ထားရှိပေရာ ရိပ်သာ အတွက် တိုးတက်ဖွယ်ရာ နည်းလမ်းများကို ဟောပြောခဲ့ပေ၏၊

ငင်းအပြင် ဆောင်းပါးဖြင့်ရေးသား၍ ဗုဒ္ဓမမ္မလောကစာစောင်တွင်လည်း ရေးသားချီးမြှင့်ခဲ့ပြန်ပါသည်။

ဤအမှာစာရေးသူသည် ဤသမိုင်းစာပေစိစစ်ရေးသို့ မတင်ပြမီ ဖတ်ခွင့်ကြုံခဲ့ရပါသည်၊ သမိုင်းရှင်သည် မာဂဓီသာစည်အရှင်ပညာသာမိ၏ တောင်းပန်ချက်နှင့် ပင်းမြို့ဆရာတော် ဦးဗာကုလ၏ ဆန္ဒပြုချက်များကို အလေးမူရှင့်လျက်—

(၁) ခက်ခဲသောဝေါဟာရများကိုရှောင်ကွင်း၍ ဖတ်လွယ်ရှုလွယ်ဖြစ်စေရန် စီစဉ်ခြင်း။

(၂) သမိုင်းဆိုင်ရာအကိုးအကားများကို အတိအကျထည့်သွင်းပေးခြင်း။

(၃) ဗောဓိပင်နှင့်စပ်သမျှ(ဗုဒ္ဓခေတ်မှယခုဆိုရှယ်လစ်ခေတ်ဗောဓိပင်အထိ)မှတ်သားဖွယ်ရာများ စုံလင်စွာထည့်သွင်းထားခြင်းများကြောင့် သဒ္ဓါထက်၍ စေတနာတက်ဖွယ်တို့သာ များလှပေသည်။

ဤသမိုင်းကို (၁၂)ရက်နှင့် အပြီး ရေးသည်ဟု သိရပါ၍ သမိုင်းရှင်၏ ဇွဲ လုံ့လ ဝီရိယကို အံ့ဩမိပါသည်၊ မိမိမှာကား ဆောင်းပါးများရေးစ ရေးန ရှိခဲ့ဖူးသော်လည်း တကျမ်းတအုပ်ဖြစ်အောင်ကား မဆောင်ရွက်နိုင်သေးပေ။

ဝမ်းမြောက်၍မဆုံးမီတွင် သမိုင်း ပြုစုသူအား ဆေးရုံသို့ကိုယ်တိုင်ကိုယ်ကျ လိုက်ပို့လိုက်ရပေသေး၏၊ ဖြစ်ရပ်မှန်ကား-

ဤစာကို "**စားပွဲပြင်စစ်ဆင်ရေး**" အမည်ဖြင့် တနေ့လျှင် (၁၆)နာရီခန့်မနားမနေရေးသားခဲ့ရာ စာမူပြီးလျှင်အညောင်းမိ

အားအင်လျော့နည်းပြီး တုပ်ကွေး အဖျားဝင်လေသည်၊ ထို ရောဂါ(၁၄)ရက်ကြာခံစားရ၍ မြန်မာနိုင်ငံမီးရထားဆရာဝန် ကြီးဒေါက်တာဦးမျိုးအောင်၏ကူညီမှု၊ အင်းစိန်မီးရထားဆေးရုံ မှ ဒေါက်တာဦးတင့်ဆွေ၊ ဒေါက်တာဒေါ်မြလေးစိန်နှင့်ဆရာမ နယ်လီအမှူးပြုသော သူနာပြုတို့၏ ဆေးဝါးကုသမှုဖြင့် ကျန်းမာ ရွှင်လန်းခဲ့ရရှာလေသည်၊ သို့ရာတွင် အပ်တန်းလမ်းနှင့်အားဆေး များ သွင်းပေးနေသော သမိုင်းရှင်အား မြင်ယောင်နေမိပါ သေး၏။

ထို့ကြောင့် ဤသမိုင်းသည် မင်ဖြင့်ရေးသားသော စာမူမျှ သာမဟုတ် သွေးဖြင့်ရေးသောစာ၊ ဆေးကုခံ၍ ရေးရသောစာ ဖြစ်ကြောင်း မျက်မြင်ကိုယ်တွေ့ကို မှတည်၍ အမှာစာရေးသား လိုက်ရပေသည်။

**အရှင်ဇနိတာလင်္ကာရ**
ဆတ်ချိုသာသနာ့ရိပ်သာ
သက်ရင်းတောရွာ
နတ်မောက်မြို့နယ်

**၁၃၄၆-ခုနှစ်၊ နယုန်လဆုတ် ၁၃-ရက်၊ အင်္ဂါနေ့။**
**ခ၀၁၅**၊ ရန်ကုန်မြို့။

# ကျမ်းဦးအမှာ

နတ်မောက်မြို့နယ်ပင်းမြို့ဟောင်းမှ ဤမဟာဗောဓိရွှေညောင်တော်သမိုင်းကို ရေးသားပြုစုရာတွင် နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ စုဆောင်းရှာဖွေရခြင်း၊ အကြိမ်ကြိမ်အထပ်ထပ် လက်တွေ့သွားရောက်ဆည်းပူးရခြင်း၊ ရာဇဝင် မဟာဝင် မှတ်သားတတ်သော လူပုဂ္ဂိုလ် ရဟန်းပုဂ္ဂိုလ်တို့ထံ မေးမြန်းရခြင်း စသော ပုဗ္ဗကိစ္စများကို ဦးစွာပြုလုပ်ခဲ့ရပါသည်။

လေ့လာမှတ်သားရသည်များတွင် သမိုင်း၌ အကျုံးဝင်နိုင်သော အရာများတွေ့ရှိသလို၊ အကျုံးမဝင်သောအရာများလည်း တွေ့ရှိရပါသည်၊ ယင်းအရာနှစ်မျိုးမှ သင့်နိုးရာကိုယူ၍မသင့်ရာကို ချန်လှပ်ထားခဲ့ပါသည်။

ထို့ကြောင့် ဤ မဟာဗောဓိရွှေညောင်တော် သမိုင်းတွင် ကျမ်းဂန် ယုတ္တိရှိသောအရာမျိုးကိုသာ အလေးပေး တင်ပြထားပါသည်၊ တိတိပပမရှိဟုထင်သောအရာနှင့်လေ့လာရန်လိုအပ်နေသေးသောအရာများကိုမူ ချန်ခဲ့ရပါသည်၊ ယင်းကြောင့် ဤသမိုင်းသစ်တွင် အလျင်ရေးပြီး သမိုင်းတို့နှင့်အချို့တူ၍ အချို့ခြားနားနေသည်ကို တွေ့မြင်ကြရပေလိမ့်မည်။

ကျွန်ုပ်တို့သည် ဤစာအုပ်အတွက် လိုအပ်သောအချိန်ကာလ လိုအပ်သော အချက်အလက်များ သင့်တင့်စွာ စုဆောင်းမှုကား

ပြုခဲ့ပေ၏၊ လုံးဝဥဿုံပြည့်စုံပါပြီဟုကား မပြောနိုင်၊ သို့ရာတွင် ယခုအခါ- မိမိရရှိသော အချက်အလက်များကို မူတည်၍ သတိ-သမ္ဗောဇ္ဈင်ဉာဏ်ယှဉ်ကာ ဤမဟာဗောဓိရွှေညောင်တော် သမိုင်းကို ပြုစုစိုက်ပျိုးလိုက်ပါပြီ။

ဤသမိုင်း၌ မလိုအပ်ဟုထင်မြင်သော အရာများကို တွေ့မြင်လျှင် ပယ်ရှား၍ ပေတ်ရှုကြပါ၊ လိုအပ်သည်ဟုထင်သောအရာများကိုတွေ့မြင်ရလျှင်လည်း မိမိပြုစုသော ကျမ်းအလားမေတ္တာပွား၍ ဖြည့်စွက်တော်မူကြပါ၊ ''အမှား''ဟု ထင်မြင်လျှင် ထိုအမှားမျိုးကို မကျူးလွန်မိရန်ရှောင်ရှားပါ၊ ''ကောင်းသည်'' ဟုယူဆလျှင် ထို့ထက်ပိုမိုကောင်းမွန်သော ကျမ်းစာဖြစ်အောင် ကြိုးပမ်းကြပါ၊ ကြိုးပမ်းနိုင်ကြပါစေ-ဟုမေတ္တာရေသွန်းလောင်း အပ်ပါကြောင်း။

နတ်ခမောက်အရှင်သုစိတ္တသာရ
မဟာစည်သာသနာ့ရိပ်သာ
၁၆-သာသနာ့ရိပ်သာလမ်း၊ ရန်ကုန်။

၁၃၄၆-ခု၊ နယုန်လဆန်း ၁၃-ရက်၊
တနင်းလာ

# မေတ္တာ ရှေ့ထားလျက်

၁။ စာပေဝတ္ထု သူများပြု၊ ဖတ်ရှုလွယ်ပါဘိ။

၂။ ကိုယ်တိုင်ပြုစု ရေးသားမှု၊ ရမှုခက်ပါ၏။

၃။ ကြိုးစားရှိသေ ရေးသားပေ၊ မသေ့ကိုယ်နှင့်ညှိ။

၄။ မေတ္တာရှေ့ထား တောင်းပန်ငြား၊ အမှားငါ့ဝန်ရှိ။

၅။ နသုကရံ မလွယ်မှန်၊ ရေးကြံကြည့်ပါဘိ။


၆။ သုစိတ္တက မာန်နှိမ်ချ၊ ကျိုးပြုဝမ်းသာ၏။

**နတ်မောက်ဇာရှင်သုစိတ္တသာရ**

ရန်ကုန်မြို့

**၁၃၄၆-ခု နယုန်လပြည့်နေ့**

**၁၉၈၄-ခု ဇွန်လ ၁၃ ရက်**



နတ်မောက် အရှင်သုစိတ္တသာရ

[သမိုင်းပညာရှင်မဟုတ်တဲ့အတွက် သမိုင်းပြုစုရတာ မလွယ်ပါ၊ ကိုယ်စိတ်နှစ်ပါး လွန်စွာ ပင်ပန်းပါတယ်၊ ဒါပေမယ့်လဲ စာပေ တာဝန်အရ ဆောင်ရွက်ယင်းကုသိုလ်ယူရပါတယ်။]

# ဗောဓိပင်လေးမျိုး

၁။ **မဟာဗောဓိ** (မြတ်စွာဘုရား ဘုရားအဖြစ် သို့ ရောက်တော်မူရာ ဖွားဖက်တော်ဗောဓိပင်)

၂။ **အာနန္ဒာဗောဓိ** (ဘုရား ခွင့်ပြုချက်ဖြင့် ဇေတဝန်ကျောင်းရှေ့တွင် အရှင်အာနန္ဒာ စိုက်ပျိုးတော်မူသော ဗောဓိပင်)

၃။ **သင်္ဃမိတ္တာဗောဓိ** (သီရိဓမ္မာသောက မင်းကြီး၏ သမီးတော် သင်္ဃမိတ္တာ ပင့်ဆောင်၍ သီဟိုဠ်၌ စိုက်ပျိုးသော ဗောဓိပင်)

၄။ **အရဟံဗောဓိ** (အနော်ရထာမင်း လက်ထက်၌ ရှင်အရဟံ ပင့်ဆောင်၍ နတ်မောက်မြို့နယ် ပင်းမြို့တွင် စိုက်ပျိုးသော ဤဗောဓိပင်)



နတ်မောက်မြို့နယ်-ရှေးပင်းမြို့ဟောင်းတွင်တည်ရှိသော

ရှင်အရဟံမထေရ် စိုက်ပျိုးတော်မူခဲ့သည့်

# မဟာဗောဓိ ရွှေညောင်တော်သမိုင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## အခန်း—၁

### အုံ့ဖွယ် ဗောဓိပင်

မဟာဗောဓိညောင်ပင်သည် မြတ်စွာဘုရား၏ ဖွားဖက်တော် ခုနစ်မျိုး[၁] တွင် တမျိုးအပါအဝင်ဖြစ်သည်၊ ထို့ပြင် မြတ်စွာ

---

၁။ ဖွားဖက်တော်ခုနစ်ဦး-(၁)အာနန္ဒာမင်းသား၊(၂)မဟာဗောဓိညောင်ပင်၊ (၃)ကာဠုဒါယီအမတ်၊(၄)ယသော်ဓရာ မင်းသမီး၊ (၅)ကဏ္ဍကမြင်းတော်၊ (၆) သင်္ခ၊ ဧလ၊ ဥပ္ပလ၊ ပုဏ္ဍရီကဟူသော ရွှေအိုးကြီး လေးလုံး၊ (၇) ဆန္န အမတ်တို့ဖြစ်သည်။

ဘုရား သစ္စာလေးပါး သိမြင်ရာ သစ်ပင်လည်း ဖြစ်သည်၊ ယင်းကြောင့် ဤမဟာဗောဓိ ညောင်ပင်တော်သည် စေတီလေးမျိုး[၁] တို့တွင် "**ပရိဘောဂစေတီ**"အဖြစ်ဖြင့် ကိုးကွယ်ထိုက်နေပေသည်၊ အပူဇော်ခံ ထိုက်နေပေသည်။

မြတ်စွာဘုရား အလောင်းတော်သည် မဟာ သက္ကရာဇ် ၁၀၃-ခုကဆုန်လပြည့်နေ့တွင် သုဇာတာသဌေးကတော်လှူဒါန်းသော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူလျက် နေရဥ္စရာမြစ်ကမ်းခြေတွင် တနေ့တာသီတင်းသုံးကာ ညနေချမ်းအချိန်တွင် အထက်ဖေါ်ပြပါ ဖွားဖက်တော် ဖြစ်သော မဟာဗောဓိ ညောင်ပင်ရှိရာသို့ ကြွတော်မူသည်။ (ဤမဟာဗောဓိညောင်ပင်တော်သည် မဇ္ဈိမဒေသ ဥရုဝေဠတောအတွင်းဝယ် ဘုရားရှင်တို့ ပွင့်တော်မူရာ ဗဟိုအချက်အခြာ အောင်မြေအရပ်၌ရှိသည်။)

ဘုရား အလောင်းတော်သည် မဟာဗောဓိပင်ကို နောက်ထောက်ကျောခံထား၍ အရှေ့အရပ်သို့ မျက်နှာရှေ့ရှု ပြုတော်မူလျက် မြဲမြံသောစိတ်ရှိထော်မူကာ-

(၁) အရေမျှ ကျန်လိုလျှင်ကျန်စေ

(၂) အကြောမျှ ကျန်လိုလျှင် ကျန်စေ

(၃) အရိုးမျှ ကျန်လိုသျှင် ကျန်စေ

---

၁။ ဓာတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီ။

(၄) ငါ၏တကိုယ်လုံး အသား အသွေး အားလုံးတို့ ခန်းခြောက်၍ သွားလျှင် သွားစေ၊ ငါသည် ဘုရား မဖြစ်သမျှ ဤယခု ဖွဲ့ခွေထားသော တင်ပလ္လင်ကို အဘယ်နည်းဖြင့်မျှ ဖျက်လိမ့်မည်မဟုတ်။
(မဟာဗုဒ္ဓဝင်ဒုတိယတွဲ)

မြတ်စွာဘုရား အလောင်းတော်သည် ကဆုန်လပြည့်နေ့ နေမဝင်မီ မာရ်နတ်သားကို အောင်မြင်တော်မူ၍၊ ညဦးယံတွင် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ သန်းခေါင်ယံတွင် ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံတွင် အာသဝက္ခယဉာဏ်တို့ကို ရတော်မူကာသဗ္ဗညု ဘုရားရှင်အဖြစ်သို့ ရောက်တော်မူလေသည်။

၁။ ထို့နောက် မြတ်စွာဘုရားသည်- ကဆုန်လပြည့်ကျော် (၁) ရက်မှ (၇)ရက်နေ့အထိ မဟာဗောဓိပင်အောက်ရှိ အပရာဇိတပလ္လင်တော်ဝယ် ခုနစ်ရက်လုံးလုံး စံနေတော်မူလျက် အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူသည်။
(ပလ္လင် သတ္တာဟ)

၂။ လပြည့်ကျော် (၈)ရက်မှ (၁၄) ရက်အထိ ခုနစ်ရက်အတွင်းဝယ် မျက်လုံးတော်ကို မမှိတ်ပဲ **မဟာဗောဓိပင်နှင့် အပရာဇိတပလ္လင်တော်ကို** စူးစူးစိုက်စိုက် ကြည့်ရှုတော်မူသည်။
(အနိမိသ သတ္တာဟ)

၃။ ကဆုန်လပြည့်ကျော် (၁၅) ရက်မှ နယုန်လဆန်း (၆)ရက်အထိ ခုနစ်ရက်အတွင်းဝယ် **မဟာဗောဓိပင်၏ မြောက်**

**အရပ်ရှိ** နတ်ပြဟ္မာတို့ ဖန်ဆင်းအပ်သော ရတနာစင်္ကြံတော်၌ စင်္ကြံကြွတော်မူသည်။ ။(စင်္ကမ သတ္တာဟ)

၄။ နယုန်လဆန်း (၇) ရက်မှ (၁၃) ရက်အထိ ခုနစ်ရက်အတွင်းဝယ် **မဟာဗောဓိပင်၏ အနောက်မြောက်အရပ်ရှိ** နတ်ပြဟ္မာတို့ဖန်ဆင်းအပ်သော ရွှေအိမ်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူကာ အဘိဓမ္မာတရားတော်ကို ဆင်ခြင်တော်မူသည်။

(ရတနာဃရ သတ္တာဟ)

၅။ နယုန်လဆန်း (၁၄) ရက်မှ လဆုတ် (၅) ရက်အထိ ခုနစ်ရက်အတွင်းဝယ် **မဟာဗောဓိပင်၏ အရှေ့အရပ်၌ တည်ရှိသော** အဇပါလ-ဆိတ်ကျောင်းညောင်ပင်ရင်းသို့ ကြွတော်မူကာ ဖလသမာပတ်ကို ဝင်စားတော်မူသည်။(အဇပါလ သတ္တာဟ)

၆။ နယုန်လဆုတ် (၆) ရက်မှ (၁၂) ရက်အထိ ခုနစ်ရက်အတွင်းဝယ် **မဟာဗောဓိပင်၏ အရှေ့တောင်ဖာရပ်၌ တည်ရှိသော** မုစလိန္ဒာအိုင်အနီး ကျည်းပင်ရင်းသို့ ကြွတော်မူကာ အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူသည်။

(မုစလိန္ဒ သတ္တာဟ)

၇။ နယုန်လဆုတ် (၁၃) ရက်မှ ဝါဆိုလဆန်း (၅) ရက် ဗုဒ္ဓဟူးနေ့အထိ ခုနစ်ရက်အတွင်းဝယ် **မဟာဗောဓိပင်၏ တောင်မျက်နှာ အရပ်တွင် တည်ရှိသော** ရာဇာယတန လင်းလွန်းပင်ရင်းသို့ ကြွတော်မူကာ အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူသည်။ (ရာဇာယတန သတ္တာဟ)

ဤမျှဆိုလျှင် မဟာဗောဓိပင်၏ အနေအထားကို ရိပ်စားမိလောက်ကြပြီဟု သဘောရပါသည်၊ ဤမဟာဗောဓိပင်သည်လည်းကောင်း၊ ဤအပင်မှ မျိုးပွားစိုက်ပျိုးအပ်သော ဗောဓိပင်တို့သည်လည်းကောင်း **မြတ်စွာဘုရား** ၏ **ပရိဘောဂ စေတီ** ထိုက်တော်မူပေသည်၊ ထိုပရိဘောဂစေတီထိုက်သော ဗောဓိပင်တော်ကိုလည်းကောင်း၊ ဗောဓိပင်အနီး ခုနစ်သတ္တာဟစံနေတော်မူပုံတို့ကိုလည်းကောင်း ဖွဲ့ဆိုရှိခိုးအပ်သော ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ "သတ္တဋ္ဌာန ဘုရားရှိခိုးလင်္ကာ" ကို ရိုသေစွာရှိခိုးကြည်ညိုကြပါဦးစို့။

## သတ္တဋ္ဌာန ဘုရားရှိခိုးလင်္ကာ

(၁) ဘုန်းရောင် ထွန်းထိန် စောမုနိန် ပညိန္ဒြေ ချွေရာ မှန်ဘိ၊ **ဗောဓိကြံှင်နီး ရွှေညောင်နှန်းဝယ်** ထူးဆန်းအံ့လောက် မြေမှ ပေါက်ဘား ရောင်တောက်မာရ်နှင် ရွှေပလ္လင်ထက် သဗ္ဗညုတ ဉာဏ်ကိုရပြီး သတ္တာဟရက် ဖွဲ့ခွေလျက်ပင် ငြိမ်သက်တင့်တယ် သုံးစမွယ်သည် ဘုန်းကြွယ်လက်ဦးပွဲပေကို။ ။

(၂) နှစ်ကြိမ်မြောက်ထ သတ္တာဟတွင် မာရပယ်လှန် ပလ္လင်ပျံမှ သေန်တူရှု ရပ်တော်မူလျက် ကြည်ဖြူငြိမ်းချမ်း ပလ္လင်နန်းကို ဖြောင့်တန်းစက္ခု စိမ်းစိမ်းရှုလျက် သုံးလူ့ရှင်ပင် ပျော်စံရှင်သည်။ ။ကြည်လင်ညွတ်နူးဖွယ်ပေကို။ ။

(၃) သုံးကြိမ်မြောက်ထ သတ္တာဟတွင် **ဗောဓိပင်မှ မြောက်ခွင်ဥတ္တရာ** စင်္ကြံသာ၌ လူးလာတုံခေါက် ကြွချီလျှောက်၍

ဘုန်းတောက်ဘုရား ပျော်စံစားသည်။ ။ တရားဆင်ခြင်လျက်ပေကို။ ။

(၄) လေးကြိမ်မြောက်ထ သတ္တာဟတွင် **ဗောဓိပင်နှင့် ပလ္လင်ထွန်း** တောက် အနောက်မြောက်ဝယ် အံ့လောက်ဖွယ်ရာ ရတနာဃရိပ်ငြိမ် စံရွှေအိမ်၌ ကြိမ်ကြိမ်ဖန်ခါ ဘိဓမ္မာကို မဟာဉာဏ သာဂရဖြင့် ဗုဒ္ဓရှင်ပင် သုံးဆင်ခြင်သည် ရောင်ရှင်ခြောက်ဖြာညီးလို့ကို။ ။

(၅) ငါးကြိမ်မြောက်ထ သတ္တာဟတွင် **ဗောဓိပင်မှ ရှေ့ခွင်ပြုဗ္ဗာ** ရပ်၌သာဝယ် ကြီးစွာမြင့်ခေါင် ဆိတ်ကျောင်းညောင်၌ ဘုန်းခေါင်ပရမေ စမွယ်နေသည်။ ။ရိုသေမြတ်နိုးဖွယ်ပေကို။ ။

(၆) ခြောက်ကြိမ်မြောက်ထ သတ္တာဟတွင် **ပလ္လင်ရွှေညောင် အရှေ့တောင်** ၌ မြရောင်လိုလို ရေညိုပြည့်လျှမ်း ကြာပန်းညွတ်ရုံ ပန်းမျိုးစုံသည် မုစ္ဆလိန္ဒာ အိုင်သာဖြန့်ကျင်း ကျည်းပင်ရင်းဝယ် သနင်းလူ့ဆွေ စမွယ်နေသော် မိုးလေထန်ပြင်း သွန်းချုံခြင်းကြောင့် မြွေမင်းရန်ဟန့် ပါးပြင်းဖြန့်လျက် ချီးအုံတန်ခိုး ဆောင်းကာမိုးသည်။ ။ ရှေးကျိုး သမ္မာတော်ကြောင့်ကို။ ။

(၇) ခုနစ်ကြိမ် သတ္တာဟတွင် **ဗောဓိပင်မှ တောင်ပြင်ထကျော်** မြေမျက်နှာဝယ် ရာဇာယတန မည်ရခေါ်တွင် လင်းလွန်းငင်၌ သဗ္ဗညုဖျား ပျော်စံစားသည်။ ။ကြီးမားဉာဏ်တော်ဖွင့်လို့ကို။ ။

ထိုခုနစ်ပါး အရပ်များကို ရှေ့သွားသဒ္ဓါ ကြည်ညိုစွာ လျှင် ဝန္ဒာနာမာန ဂါရဝဖြင့် ဦးချညွတ်ကျိုး ကျွန်ရှိခိုး သည်။ ။ကောင်းကျိုးခပ်သိမ်း ပြည့်စေသော်။ ။

## ဗောဓိပင် အမျိုးမျိုး

ဗောဓိပင်သည် ပွင့်တော်မူရာ ဘုရားရှင်သို့လိုက်၍ အမည် အမျိုးမျိုးရှိသည်၊ ကုက္ကိုပင်၌ ဘုရားပွင့်တော်မူလျှင် ထိုအပင် သည် "**ဗောဓိကုက္ကိုပင်**" ဖြစ်လာသည်၊ သဖန်းပင်၌ ပွင့်လျှင် လည်း ထို့အတူပင် ဗောဓိသဖန်းပင်ဖြစ်လာသည်။

ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူကြကုန်သော ရှေးရှေးသော ဘုရားရှင်တို့သည် ညောင်ကြတ်ပင်၊ နပဲပင်၊ ကံ့ကော်ပင်၊ ထောက်ကြံ့ပင်၊ကြောင်လျှာကြီးပင်၊ ထင်းရှူးပင်၊ မအူကြီးပင်၊ ကြခတ်ဝါးပင်၊ ရေခံတက်ပင်၊ စကားပင်၊ သံတတ်ပင်၊မဟာ လှေကားပင်၊ ငုံတောက်ပင်၊ သျှိသျှားပင်၊ သခွတ်ပင်၊ သရက် ဖြူပင်၊ အင်ကြင်းပင်၊ ကုက္ကိုပင်၊ ရေသဖန်းပင်၊ ပညောင်ပင်၊ ညောင်ဗုဒ္ဓဟေပင်တို့၌ အသီးအသီးပွင့်တော်မူကြသည်။

ယခုဘဒ္ဒကမ္ဘာ၌ဘုရားငါးဆူပွင့်တော်မူရာ—

၁။ ကကုသန် ဘုရားရှင်သည် ကုက္ကိုပင်၌ ပွင့်တော်မူ၍ ထိုအပင်သည် ဗောဓိကုက္ကိုပင်ဖြစ်လာသည်။

၂။ ကောဏာဂုံဘုရားရှင်သည် သဖန်းပင်၌ ပွင့်တော်မူ၍ ထိုအပင်သည် ဗောဓိသဖန်းပင်ဖြစ်လာသည်။

၃။ ကဿပ ဘုရားရှင်သည် ပညောင်ပင်၌ ပွင့်တော်မူ၍ ထိုအပင်သည် ဗောဓိပညောင်ပင်ဖြစ်လာသည်။

၄။ ယခု ဂေါတမဘုရားရှင်သည် ညောင်ဗုဒ္ဓဟောပင်၌ ပွင့်တော်မူ၍ ထိုအပင်သည် ဗောဓိညောင်ဗုဒ္ဓဟောပင် ဖြစ်လာသည်။

၅။ အရိမေတ္တေယျဘုရားရှင်သည် ကံ့ကော်ပင်၌ ပွင့်တော်မူမည်ဖြစ်ရာ၊ ထိုအပင်သည် ဗောဓိကံ့ကော်ပင်ဖြစ်လာပေလိမ့်မည်။ (ကံ့ကော်ပင်၌ ဘုရားအပွင့်များသည်)

**ပွင့်တော်မူပြီးသောဘုရားရှင် ၂၈-ဆူတို့၏ ဗောဓိပင်တော်များ**

| ဘုရားဘွဲ့တော် | ဗောဓိပင်အမည်တော် |
|---|---|
| ၁။ တဏှင်္ကရာဘုရား | ကံ့ကော်ပင် |
| ၂။ မေဓင်္ကရာဘုရား | အင်ကြင်းပင် |
| ၃။ သရဏင်္ကရာဘုရား | စကားပင် |
| ၄။ ဒီပင်္ကရာဘုရား | ညောင်ကြတ်ပင် |
| ၅။ ကောဏ္ဍညဘုရား | နပ်ပင် |
| ၆။ မင်္ဂလဘုရား | ကံ့ကော်ပင် |
| ၇။ သုမနဘုရား | ကံ့ကော်ပင် |
| ၈။ ရေဝတဘုရား | ကံ့ကော်ပင် |
| ၉။ သောဘိတဘုရား | ကံ့ကော်ပင် |
| ၁၀။ အနောမဒဿီဘုရား | ထောက်ကြံ့ပင် |
| ၁၁။ ပဒုမဘုရား | ကြောင်လျှာပင် |

| | | |
|---|---|---|
| ၁၂။ | နာရဒဘုရား | ကြောင်လျှာကြီးပင် |
| ၁၃။ | ပဒုမုတ္တရဘုရား | ထင်းရှူးပင် |
| ၁၄။ | သုမေဓဘုရား | မအူကြီးပင် |
| ၁၅။ | သုဇာတဘုရား | ကြခတ်ဝါးပင် |
| ၁၆။ | ပိယဒဿီဘုရား | ရေခံတက်ပင် |
| ၁၇။ | အတ္ထဒဿီဘုရား | စကားပင် |
| ၁၈။ | ဓမ္မဒဿီဘုရား | သံတတ်ပင် |
| ၁၉။ | သိဒ္ဓတ္ထဘုရား | မဟာလှေကားပင် |
| ၂၀။ | တိဿဘုရား | ပိတောက်ပင် |
| ၂၁။ | ဖုဿဘုရား | သျှိသျှားပင် |
| ၂၂။ | ဝိပဿီဘုရား | သခွတ်ပင် |
| ၂၃။ | သိခီဘုရား | သရက်ဖြူပင် |
| ၂၄။ | ဝေဿဘူဘုရား | အင်ကြင်းပင် |
| ၂၅။ | ကကုသန်ဘုရား | ကုက္ကိုပင် |
| ၂၆။ | ကောဏာဂုံဘုရား | ရေသဖန်းပင် |
| ၂၇။ | ကဿပဘုရား | ပညောင်ပင် |
| ၂၈။ | **ဂေါတမဘုရား** | **ညောင်ဗုဒ္ဓဟောပင်** |

ဤသို့ ဘုရားတဆူနှင့်တဆူ ပွင့်တော်မူရာ ဗောဓိပင်ချင်း မတူသည့် **"ဗောဓိဝေမတ္တ"**ဟု ခေါ်သည်၊ ဝေမတ္တ တရားမှာ ရှစ်မျိုးပင်ရှိသည်၊ (၁) အာယုဝေမတ္တ-အသက်တန်းချင်းမတူမှု၊ (၂) ပမာဏဝေမတ္တ-အရပ်တော်ချင်းမတူမှု၊ (၃) ကုလဝေမတ္တ-အမျိုးအနွယ်ချင်းမတူမှု၊ (၄) ပဓာနဝေမတ္တ-ဒုက္ကရ

စရိယာကျင့်ပုံချင်းမတူမှု၊ (၅) ရသ္မိဝေမတ္တ-ရောင်ခြည်တော် ထွက်ပုံချင်းမတူမှု၊ (၆) ယာနဝေမတ္တ-တောထွက်ချိန်၌ ယာဉ်စီးပုံချင်းမတူမှု၊ (၇) ဗောဓိဝေမတ္တ-ပွင့်တော်မူရာ ဗောဓိပင်ချင်းမတူမှု၊ (၈) ပလ္လင်္ကဝေမတ္တ ပလ္လင်တော် အနိမ့် အမြင့် အကျယ်အဝန်းပမာဏချင်းမတူမှုတို့ဖြစ်သည်။

(ဗုဒ္ဓဝင်အဋ္ဌကထာ)

## ဗောဓိပင်ခွင့်ပြုချက်

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးစံနေတော်မူစဉ်က ဖြစ်သည်၊ မြို့သူ မြို့သား တို့သည် မြတ်စွာဘုရားအား ပူဇော်ရန် ပန်းနံ့သာများ ယူဆောင်၍ ဇေတဝန်ကျောင်းတော်သို့ လာရောက်ကြသည်။

ထိုစဉ်က မြတ်စွာဘုရားမှာ ဒေသစာရီကြွချီတော်မူသွားခိုက် ဖြစ်၍ မဖူးလိုက်ကြရတော့၊ အားကိုးတကြီးပူဇော်ရန် ရည်မှန်း၍ လာရောက်ကြသော ဒကာ ဒကာမအပေါင်းတို့မှာ ဝမ်းနည်းပက်လက် စိတ်လက်မရွှင် ဘဝင်နှလုံး အပူချုံးပြီး ယူကြုံးမရ ဖြစ်ရသည်၊ ယင်းသို့ဖြင့် မိမိတို့ယူဆောင်လာသော အမွှေးနံ့သာပန်းမျိုးစုံတို့ကို ဇေတဝန် ကျောင်းတိုက်ရှေ့တွင် ပစ်ချ၍ ပြန်သွားကြလေသည်။

အရှင်အာနန္ဒာမှာ စိတ်မကောင်းဖြစ်ကျန်ရစ်ခဲ့သည်၊ ဗုဒ္ဓအားရည်မှန်း၍လာပါလျက် မတွေ့လိုက်ရ မဖူးလိုက်ရသော ဒကာဒကာမတို့၏ စိတ်နှလုံးဆင်းရဲမှုကို မည်သည့်နည်းနှင့်ဖြေ

ဖျောက်ရပါမည်နည်း၊ နောင် ဒီ ဒကာဒကာမများနည်းတူ ဘုရားဖူးလာသူများ စိတ်ဆင်းရဲမှုမဖြစ်ရလေအောင် ဘုရားကိုယ်စားတော်အဖြစ် မည်သည့်အရာကို ဖူးတွေ့စေရလျှင် ကောင်းမည်နည်းဟု စဉ်းစားတွေးတောမိလေသည်။

ဗုဒ္ဓရှင်တော်မြတ်ခရီးဒေသစာရီနှင့်ကြွချီတော်မူလာလျှင်ဖြစ်ပျက်ပုံအခြင်းအရာအလုံးစုံကို တင်ပြလျှောက်ထားလိုက်သည်၊ ထို့ပြင် ကိုယ်စားတော်အဖြစ် ဗုဒ္ဓပွင့်တော်မူရာ ဗောဓိညောင်ပင်မှမျိုးစေ့ကိုယူ၍ စိုက်ပျိုးရန်ကိုလည်း ခွင့်ပန် လျှောက်ထား လိုက်လေသည်။

"ဒီလိုဖြစ်လျှင် ဇေတဝန်ကျောင်းတံခါးအနီးမှာ တပည့်တော်စိုက်ပျိုးလိုပါတယ်ဘုရား ..."

"သာဓု အာနန္ဒာ ရောပေဟိ- စိုက်ပါ၊ ကောင်းလှပါပေ၏ ..."

"စေတီဘယ်နှစ်မျိုးရှိပါသလဲဘုရား...."

"သာရီရိကစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီဟူ၍ သုံးမျိုးရှိပေတယ် ..."

"မြတ်စွာဘုရား ၎င်းတို့အနက်မှာပင် စေတီကို ပူဇော်ထိုက်ပါသလားဘုရား ..."

"ငါ၏ညီဘွား ချစ်သားအာနန္ဒာ၊ သာရီရိကစေတီကိုတော့ ငါဘုရားရှိစဉ်မှာ မကိုးကွယ်နိုင်ပေဘူး၊ ပရိနိဗ္ဗာန်ပြုတော်မူပြီးမှသာ ကိုးကွယ်ပူဇော်နိုင်ကြပေတယ်...."

"ဥဒ္ဒိဿကစေတီတော်မှာလဲ ငါဘုရားရှိစဉ်မှာတော့ မကိုးကွယ်နိုင်ပေဘူး ..."

"မြတ်စွာဘုရား သစ္စာသိမြင်ရာဖြစ်တဲ့ မဟာဗောဓိညောင်ပင်တော်ကိုသာ ငါဘုရား ရှိစဉ်မှာရော နောက်ကာလမှာပါ ပူဇော်ကိုးကွယ်နိုင်ကြပေတယ်...."

(ဇာတ်အဋ္ဌကထာ စတုတ္ထအုပ်၊ ကာလိင်္ဂဗောဓိဇာတ် ၂၂၈)

မြတ်စွာဘုရားထံမှ ခွင့်ပြုချက်ရလျှင် အရှင်အာနန္ဒာသည် လက်ဝဲရံတန်ခိုးတေဒဂ်ရ အရှင်မောဂ္ဂလာန်ထံသို့ လက်အုပ်ချီကာ လျှောက်ထားလိုက်သည်။

"အရှင်မြတ်မောဂ္ဂလာန်မထေရ်ဘုရား- နတ်, လူတို့အကျိုးစီးပွားအလို့ငှာ- ဗုဒ္ဓရှင်တော်မြတ်သည် သစ္စာလေးပါး သိမြင်ရာ ဗောဓိပင်မှ မျိုးစေ့ကိုယူ၍ စိုက်ပျိုးပူဇော်ခွင့်ပြုတော်မူလိုက်ပါပြီဘုရား၊ တန်ခိုးရှင်ဖြစ်တော်မူသော အရှင်မြတ်မောဂ္ဂလာန်သည် ထိုဗောဓိပင်မှအောင်မြင်ဖွံ့ဖြိုးသောဗောဓိသီးကိုယူဆောင်တော်မူစေချင်ပါသည်ဘုရား...."

ထိုနောက် အရှင်အာနန္ဒာသည် ဇေတဝန်ကျောင်းဒကာ အနာထပိဏ်သဌေးနှင့် ပုဗ္ဗါရုံကျောင်းအမ ဝိသာခါတို့အား ဗောဓိပင်စိုက်ပျိုးရန် မြေနေရာကိုညွှန်ပြ၍ စီစဉ်ပြုလုပ်စေပြန်သည်။

အရှင်မောဂ္ဂလာန်သည် ကြွေကျမည့်ဆဲဆဲဗောဓိသီးကိုသင်္ကန်းဖြင့်ခံယူလိုက်သည်၊ ထိုဗောဓိသီး ရောက်လာလျှင် ကောသလ

မင်းကြီးသည် မင်းပွဲ သဘင် ဆင်ယင်ကျင်းပ၍ ကြီးကျယ်ခမ်းနားစွာ ကြိုဆိုပူဇော်သည်၊ ဖူးမြော်ကန်တော့လေသည်။

**ဗုဒ္ဓခေတ် ဗောဓိပင်စိုက် ပျိုးပွဲ**

ဗုဒ္ဓခေတ် ဗောဓိပင်စိုက်ပျိုးပွဲမှာ အလွန်တရာမှ စည်ကားသိုက်မြိုက်လှတော့သည်၊ ကောသလ မင်းကြီးသည် ရှင်တော်မြတ်ဘုရားအပေါ်၌ ထားရှိသော ကုသိုလ် စိတ္တုပ္ပါဒ် သဒ္ဓါအဟုန်တို့ကို ဤဗောဓိပင်အပေါ်၌လည်း ထပ်တူပင်ထားရှိကာ ပူဇော်သည်၊ ဗောဓိပင်စိုက်ပျိုးရန် ရွှေဖျဉ်းအိုးကြီးကို သွန်းလုပ်စေသည်၊ ထိုအိုးကိုတင်ရန်အတွက် ရတနာ ထမ်းစင်ကြီးများကိုလည်း ပြုလုပ်စေပြန်လေသည်၊ ပြင်ဆင်မှုကိစ္စ အဝဝပြီးစီးလျှင် သာယာသောညနေချမ်းဝယ် နန်းတွင်းသူ အပျိုကညာများအား အလှအပဝတ်စားဆင်ယင်စေ၍ ညီညီညာညာ စီတန်းကာ ပို့ဆောင်စေသည်၊ နန်းတွင်းသား များစွာတို့ဖြင့်လည်း ခြံရံပို့ဆောင်စေပြန်လေသည်။

မြို့မျက်နှာဖုံးလည်းဖြစ်၊ ဘုရားကျောင်းဒကာလည်းဖြစ်သော သဌေးကြီး အနာထပိဏ်နှင့် သူ၏ပရိသတ်များ၊ ဘုရားကျောင်းအမ ဝိသာခါသဌေးကတော်၏ ပရိသတ်နှင့် အခြွေအရံများ၊ ကိုယ့်အစု သူ့အစု ကုသိုလ်မှုအတွက် အားတက်သရော ရှိလှပါဘိသည်။

ထိုဗောဓိပင်စိုက်ပျိုးပွဲ၌ ထူးခြားလှသည်မှာ– အရိယာစာရင်းဝင်ပုဂ္ဂိုလ်ပေါင်း(၅)ကုဋေ ပါဝင်ခြင်းပင်ဖြစ်သည်၊ သန်းအရေအတွက်အားဖြင့် (၅၀)ရှိပေသည်၊ သရဏဂုံနှင့် သီလမြဲ

သူအရေအတွက်မှာ (၇)ကုဋေပါသည်ဟုဆိုသည်၊ သန်းအားဖြင့် (၇၀)ရှိသည်၊နှစ်ချပ်ပေါင်းလျှင် သန်း(၁၀၀)ရှိပေသည်။

(ဤမျှများပြားရသလောဟု သင်တို့မယုံမှားလင့်၊ ထိုစဉ်က သာဝတ္ထိပြည့် လူဦးရေကို ယခုခေတ်တရုတ်ပြည်ရှိ ရှန်ဟဲမြို့ လူဦးရေကဲ့သို့ တွေးကြည့်ရမည်၊ ပီကင်းမြို့ကဲ့သို့ ထင်မြင်ကြည့်ရမည်၊ ကျွန်ုပ်တို့မြန်မာပြည်မှာ လူဦးရေ နည်းပါးလှ၍ ထင်မြင်လွယ်မည်မဟုတ်ပေ)

အရှင်မြတ်အာနန္ဒာသည် ရွှေဖျဉ်းအိုးကြီး၏ အောက်အပြင်ကို ရေထွက်ပေါက်များ ဖောက်လုပ်စေသည်၊ မိမိတို့ အသီးအသီး ယူဆောင်လာကြသောအမွှေးနံ့သာမှုန့်များကို ပြည့်လျှံစွာ သွန်းလောင်းပူဇော်စေသည်။

အရှင်မောဂ္ဂလာန် ပင့်ဆောင်လာသော ဗောဓိသီးကိုပြည့်ရှင်မင်းမြတ် ကောသလရာဇာအား စိုက်ပျိုးရန် ချီးမြှောက် ပေးအပ်လိုက်သည်၊ ကောသလမင်းမြတ်သည် ရိုသေစွာခံယူယင်း စဉ်းစားမိသဖြင့် မိမိကိုယ်တိုင်မစိုက်ပျိုးမူပဲ ဇေတဝန်ကျောင်းကြီးရှင် ဘုရားဒကာ ကျောင်းဒကာ အနာထပိဏ် သဌေးအား တဆင့်ပြန်လည် ပေးအပ်လိုက်သည်။

အနာထပိဏ်သဌေးသည် ရိုသေစွာခံယူ၍ ရွှေဖျဉ်းအိုးကြီး အတွင်းမှ နံ့သာမှုန့်များကို လက်ယာလက်ဖြင့် အသာအယာ ယက်ထုတ်လိုက်သည်၊ ထို့နောက် သန္တာရောင်ပမာ နီမြန်းသော ရိုးတံနှင့်အတူ ပါရှိသည့် ဗောဓိသီးကို လက်နှစ်ဖက်ဖြင့် ရိုသေစွာ စိုက်ပျိုးလိုက်သည်။

ထူးဆန်းလှပေတကား။

အနာထပိဏ် သဌေးလက်မှ လွတ်လျှင်ပင် ဗောဓိပင်သည် လုံးပတ်ထွန်တုံးပမာဏ၊ အမြင့်အတောင် ၅၀-ခန့်ဖြင့် လန်းလန်းရွှင်ရွှင် စိမ်းစိမ်းစိုစို ဘွားကနဲ ပေါ်လာလေတော့သည်၊ ပရိသတ်လေးပါးတို့၏ မျက်စိအောက်တွင်ပင် ခက်မငါးဖြာတို့သည် အတောင်၅၀-စီ အသီးအသီး ဖြာဝေထွက်ကျလာပြန်လေသည်၊ ရွက်ကြီးရွက်ငယ် အသွယ်သွယ်တို့ဖြင့် ဖြာဝေဖြန့်ဆင်းလာလေရာ၊ တောအုပ်ကြီးအတွင်းမှ တောစိုးသစ်ပင်ကြီးပမာ ထီးထီးမားမားကြီးပင်ဖြစ်လာလေသည်။

ဗုဒ္ဓခေတ်၏ ဤဗောဓိပင်မှာ အရှင်အာနန္ဒာကြီးမှူးစိုက်ပျိုးသဖြင့် "**အာနန္ဒာဗောဓိ**"ဟူ၍ ခေါ်ဝေါ်သတ်မှတ်ကြသည်၊ ဤဗောဓိပင်စိုက်ပျိုးပွဲတွင်-

သံဃာဘက်မှအကြီးအကဲမှာ အရှင်အာနန္ဒာ
မင်းစိုးရာဇာဘက်မှအကြီးအကဲမှာ ကောသလမင်းကြီး

---


[**ဤဇေတဝန်ကျောင်းတော်တွင် ရေခံတက်ပင် ကျောင်းတော်၊ ကြို့ပင်ကျောင်းတော်၊ သလဲပင် ကျောင်းတော်၊ နံ့သာကျောင်းတော်၊ (ဂန္ဓကုဋိ)ဟူ၍ မြတ်စွာဘုရားသီတင်းသုံးသည့် ကျောင်းတော်ကြီးလေးရပ်ရှိလေသည်၊ ဂန္ဓကုဋိ ကျောင်းတော်ကြီး၏ ရှေ့မျက်နှာစာတွင် ရဟန်းတော်တို့ စည်းဝေးရာမဏ္ဍပ်ရှိသည်၊ ၎င်းအနီး၌ မြတ်စွာဘုရားအသုံးပြုတော်မူသည့် ရေတွင်းဟောင်းတခုရှိ၍ ခပ်လှမ်းလှမ်းတွင် အရှင်အာနန္ဒာစိုက်ပျိုးခဲ့သည့် ''အာနန္ဒာဗောဓိပင်အိုကြီး''ရှိလေသည်၊ (အံ့မောင်၊ မဟာဝိဇ္ဇာဘုံဘော၏ မြတ်ဗုဒ္ဓ၏ ဘဝဖြစ်တော်စဉ်သမိုင်းဝင်ဌာနများ ဆောင်းပါးမှ)**]

သဌေးသူကြွယ်ဘက်မှအကြီးအကဲမှာ   အနာထပိဏ်နှင့်ဝိသာခါ
စိုက်ပျိုးသည့်မြို့တော်   သာဝတ္ထိမြို့
စိုက်ပျိုးသည့်နေရာ   ဇေတဝန်ကျောင်းတော်အနီး
စီမံဆောင်ရွက်သူ အရှင်အာနန္ဒာမထေရ်မြတ်ဖြစ်ပါကြောင်း။

## ရှင်အာနန္ဒာ၏ အသက်တော်

ဗောဓိပင်စိုက်ပျိုးတော်မူခဲ့သော ရှင်အာနန္ဒာ၏ သက်တော်မှာ ၁၂၀-ဖြစ်၍ အသက်တရာတမ်းတွင် **ရာကျော်** အောင်နေခဲ့ရပေသည်၊ ပရိနိဗ္ဗာန် ပြုတော်မူသောနေ့တွင် ရောဟိဏီမြစ်၏ အထက်ကောင်းကင်ယံတွင် ထန်းခုနစ်ဆင့်ရှိသော အမြင့်၌ ထိုမြစ်ကမ်း ၂-ဖက်တွင်နေထိုင်ကြကုန်သော အလုပ်အကျွေး ဒကာဒကာမတို့၏ အလိုဆန္ဒကို ဖြည့်သောအားဖြင့် ကောင်းကင်ယံမှာပင် မိမိခန္ဓာကိုယ်တော်ကို ၂ ခြမ်းကွဲစေကာ တေဇောဓာတ်လောင်ကျွမ်းစေတော်မူခဲ့ပေသည်၊ အရှင်အာနန္ဒာ၏ သက်တော်ကို အားကျသူအပေါင်းသည် သီလကိုမြဲမြံစွာ ဆောက်တည်၍ ဗောဓိပင်ကို စိုက်ပျိုးပူဇော်ရန် အထူး လိုအပ်ပေသည်။

အခန်း - ၁ ပြီး၏။



# အခန်း = ၂

## မြန်မာပြည်နှင့် ဗုဒ္ဓသာသနာတော်

ဤလောက၌ မြန်မာပြည်သားတို့သည် မြတ်စွာဘုရားအား ပထမဆုံးဖူးတွေ့ရသူများဖြစ်သဖြင့်၊ "ကံကောင်းသူများ" ဟု ဆိုရပါမည်၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ-ဟူသော ဒွေဝါစိကသရဏဂုံကိုလည်း ဦးစွာ ရရှိသူများပင်ဖြစ်သည်။

[သရဏဂုံသုံးပါး ပထမဆုံးရရှိသူမှာ သုဇာတာ၏ ခင်ပွန်း- (ယသ၏ဘခင်) ပင်ဖြစ်သည်။]

ဘုရားဖြစ်တော်မူပြီး (၄၉)ရက်ပြည့်သောနေ့တွင် ကျွန်ုပ်တို့ မြန်မာပြည်သားများ ဖြစ်ကြသော - နောင်တော် တပုဿနှင့် ညီတော်ဘလ္လိကတို့က ကြွက်ကျစ်မုန့်နှင့် ပျားဆုပ်မုန့်ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်၊ ယင်းညီအစ်ကို ဦးစီးသောကုန်သည် ငါးရာတို့သည် မဇ္ဈိမသို့ရောက်လျှင် ဘဝဟောင်းမှ ဆွေမျိုး ရင်းချာဖြစ်ခဲ့ဖူးသော နတ်သား၏ ညွှန်ပြမှုဖြင့် မြတ်စွာဘုရား

အား တွေ့မြင်ဖူးခဲ့ရပြီး မြန်မာပြည်ဖြစ်မုန့်များ လှူဒါန်းနိုင်ခဲ့ခြင်း ဖြစ်သည်။

ကုန်သည် ညီနောင်တို့သည် မြတ်စွာဘုရားအား မုန့်များ လှူဒါန်းပြီးလျှင် အမြဲထာဝရ ကိုးကွယ်ရန် တစုံတစ်ခု ချီးမြှင့်ဖို့ လျှောက်ထားကြသည်၊ ဗုဒ္ဓရှင်တော်မြတ်သည်- လက်ယာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်ကာ ဆံတော်ရှစ်ဆူချီးမြှင့်ပေးသနားတော်မူလိုက်သည်။

ကုန်သည်ညီနောင်တို့သည် ကုန်းကြောင်းခရီး ရေကြောင်းခရီးတို့ဖြင့် မြန်မာပြည် ရာမညတိုင်း ဥက္ကလာဇနပုဒ်သို့ ပြန်ရောက်ကြလျှင် ဥက္ကလာပမင်းကြီးသည် စေတီတည်ရန် အားထုတ်ကြိုးပမ်းတော် မူခဲ့သည်၊ ယင်းစေတီတော်မှာ ယနေ့ကမ္ဘာကျော်၍ အံ့သြစွာ ဖူးမြင်နေကြရသောလေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးပင် ဖြစ်သည်။ [ဤရွှေတိဂုံ စေတီတော်မြတ်ကြီးတွင် ဘဒ္ဒကမ္ဘာ၌ အလျှင်ပွင့်တော်မူပြီး ဖြစ်ကြသော ကကုသန်မြတ်စွာဘုရား၊ ကောဏာဂုံမြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရားနှင့် ယခု ဂေါတမမြတ်စွာဘုရားတို့၏ ရေသနုပ်သက်န်း၊ တောင်ဝှေး၊ ရေစစ်၊ ဆံတော်များထည့်သွင်းဌာပနာထားသည်။]

ရွှေတိဂုံစေတီတော်၏ စနေထောင့်တွင် ဥက္ကလာပမင်းကြီး၏ ခမည်းတော်သိကြားမင်းနှင့်မယ်တော် မယ်လမုတို့၏ ပုံများရှိသည်၊ ရာဟုထောင့်တွင်မူ သားတော်ဘုရားဒကာ ဥက္ကလာပမင်းကြီး၏ ရုပ်တုရှိသည်။

မြန်မာပြည်သားတို့သည် ယခုဖော်ပြရာပါ သမိုင်းအထောက်အထားများအရ ကံကောင်းသူများဖြစ်ကြောင်း ထင်ရှားလှ၏၊ အကြောင်းမူ မြန်မာတို့သည် ဗုဒ္ဓသက်တော်ထင်ရှား ရှိနေစဉ်မှာပင် "သဇိဝက ဆံတော်ဓာတ်များ"ကို ဖူးမြော်ရသောကြောင့်ဖြစ်သည်၊ ထို့ပြင်-မြန်မာပြည်ဖြစ် ကြက်ကျစ်မုန့်နှင့် ပျားမုန့်ဆုပ်တို့ကို ဦးစွာလှူဒါန်းခဲ့သဖြင့်လည်း ကံကောင်းပြန်ပေသည်။

## မြန်မာပြည်သို့ ဘုရားကြွခဲ့

ဗုဒ္ဓရှင်တော်မြတ်သည် မြန်မာပြည်သို့ကြွလာတော်မူကြောင်းကို ပုဂံရာဇဝင်၊ မန္တလေးရာဇဝင်၊ မင်းဘူးမြို့နယ်ရှိ ကျောင်းတော်ရာ ဘုရားသမိုင်း၊ မန်းစက်တော်ရာသမိုင်း၊ မကွေး မြသလွန်ဘုရားသမိုင်းနှင့် ကျိုက်ထီးရိုး ဘုရားသမိုင်းတို့ အရ ထင်ရှားသည်။

မန္တလေးနှင့် ပုဂံရာဇဝင်တို့တွင် မြတ်စွာဘုရား ဗျာဒိပ်ပေးခန်းများပါရှိသည်၊ မဇ္ဈိမနိကာယ်၊ ပုဏ္ဏောဝါဒသုတ္တန်နှင့် ကျောင်းတော်ရာဘုရားသမိုင်းတို့အရ မြန်မာပြည်သို့ ဘုရားရှင်ကိုယ်တိုင် သံဃာ(၅၀၀)နှင့်အတူ ကြွရောက်တော်မူခဲ့ကြောင်း သိရသည်၊ မန်းစက်တော်တောင်ရှိ သစ္စဗန္ဓရသေ့အား ပါဒစေတီ (ခြေတော်ရာ)တဆူ၊ နမ္မဒါနဂါးမင်းအားလည်း ပါဒစေတီတဆူ အသီးအသီး ကိုးကွယ်ရန် ချီးမြှင့်ခဲ့ကြောင်း သိရသည်၊ထိုဒေသမှာ ယနေ့ မြန်မာပြည် ဘုရားဖူးများ သွားလာမစဲတသဲသဲဖြင့် လွန်စွာစည်ကားလှပေသည်။

မကွေးမြသလွန်စေတီတွင် မြတ်စွာဘုရားသီတင်းသုံးတော်မူခဲ့သော မြသလွန်ကို ထည့်သွင်း ဌာပနာထားကြောင်း ယင်းသမိုင်းက အခိုင်အမာဆို၏၊ ဤအရာများကို ထောက်ရှုလျှင် ကျွန်ုပ်တို့မြန်မာပြည် သာသနာရေးသည် ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်ကပင် ထွန်းကားခဲ့ကြောင်း ထင်ရှားလှပေသည်။

## ၁၃၄၆-ခု သံဃာစာရင်း

ယနေ့ မြန်မာ့သာသနာရေးသည် သာသနာ့ဝန်ထမ်းရဟန်းသာမဏေ ၂၅၂၀၉၀-(နှစ်သိန်းငါးသောင်းနှစ်ထောင်ရှစ်ရာကိုးဆယ်)။ ရှိနေခြင်း အားဖြင့်လည်းကောင်း၊ ဘုန်းတော်ကြီးကျောင်းပေါင်း ၄၁၅၁၀-(လေးသောင်း တစ်ထောင် ငါးရာ့တဆယ်)[၁] ရှိနေခြင်း အားဖြင့်လည်းကောင်း ဗုဒ္ဓဝါဒအား သာယာဆဲပင်ဖြစ်ကြောင်း သိနိုင်သည်၊ ဤအခြေအနေသို့ ရောက်ရှိနိုင်ရန်အမျိုးမျိုးကို ဖြတ်ကျော်လာခဲ့ရပေသည်။

အနော်ရထာ၊ အလောင်းမင်းတရား ဦးအောင်ဇေယျ၊ ဘုရင့်နောင်တို့မှတပါး အခြား မြန်မာဘုရင်တို့ လက်ထက်တွင် မြန်မာပြည်သည် တကွဲတပြားစီသာဖြစ်ခဲ့ကြ၏၊ ကျယ်ပြန့်စွာမအုပ်ချုပ်နိုင်ခဲ့ကြပေ၊ ဗုဒ္ဓသာသနာထွန်းကားမှုမှာလည်း ကျယ်ပြန့်ခြင်း မရှိခဲ့ပေ။

---

၁။ မြန်မာပြည်လူဦးရေမှာ ၃၅၃၀၆၁၀၉-(၃၅-သန်းကျော်) ယောကျ်ား ၁၇၅၀၇၀၃၇၊ မိန်းမ ၁၇၇၉၀၃၅၂-ဖြစ်၏၊ မင်းတုန်းမင်းလက်ထက်က လူဦးရေ(၁၃)သန်းကျော်ရှိ၍ သံဃာတော်ဦးရေမှာ ၃-သိန်းကျော်ရှိ၏။

အမှန်တကယ် ကျယ်ပြန့်စွာ ထွန်းကား လာခဲ့ခြင်း မှာမူ
ာသနာနှစ် နှစ်ရာကျော်က အုပ်စိုးခဲ့သော သီရိဓမ္မာသောက
င်းကြီးလက်ထက် ၉-တိုင်း ၉-ဌာန သာသနာ ပြုနဲ့ရာမှ
သည်ဟု ဆိုရမည်ဖြစ်သည်။

ထိုမင်းကြီးလက်ထက်၌ သထုံပြည်(သုဝဏ္ဏဘုမ္မိ) သို့ အရှင်
းသာဏမထေရ်မြတ် ရောက်ရှိ သာသနာပြုခဲ့ရာမှ သထုံသာသ
ာရေးသည် ထွန်းကားတောက်ပလာခဲ့သည်၊ ထာဝရမငြိမ်း
င်သော နေမင်းကြီးကဲ့သို့ ဖြစ်ပေါ်ခဲ့သည်မှာ ယနေ့တိုင်ပင်
ဖြစ်၏။

ပေါက္ကံပြည်ကြီး၌ သမုဒ္ဒရာဇ်မင်းမှစ၍ မင်းဆက် ၅၅-ဆက်
ိုးစံတော်မူခဲ့သည်၊ ထိုတွင် ၄၂-ဆက်မြောက်၌ အနော်ရထာ
င်းကြီး စိုးစံတော်မူခဲ့၏၊ ဤမင်းကြီးအလျင်ကသော် ပေါက္ကံ
ပြည်ကြီးတွင် အရည်းကြီးရဟန်းတို့ ကြီးစိုးနေလေသည်၊ ထို
ါဒကားဆိုး၏၊ ညစ်၏၊ မိစ္ဆာဝါဒတည်း၊ ပါရမီရင့်သော
အနော်ရထာသည် အရည်းကြီးဝါဒကို အပြီးအပြတ် ချေမှုန်း
ုတ်သင်၍ စင်ကြယ်သော ဗုဒ္ဓသာသနာတော်ကို အရှင်အရဟံ
ထေရ်မြတ်၏ အဟောအပြောအဆုံးအမ သွန်သင်ပြသမှုများ
ဖြင့် မြန်မာပြည်တဝန်း ပြန့်ပွားစေတော်မူ၏၊ သာသနာရေးကို
ပွန်စွာ အားပေးတော်မူ၏၊ မင်းကောင်းမင်းမြတ်တည်း။

အနော်ရထာမင်း နန်းတက်တော်မူသော ကောဇာသက္ကရာဇ်
၃၇၉-ခုနှစ်က စတွက်လျှင် ယနေ့မြန်မာပြည် သာသနာ ပြန့်
ပွားမှုသည် နှစ်ပေါင်း ကိုးရာကျော်လေပြီ၊ ဗုဒ္ဓလက်ထက်
ရှတိဂုံသမိုင်းအရဆိုရမူ နှစ်ပေါင်းနှစ်ထောင်ကျော်လေပြီ။

သာသနာ ၁၆

ဓမ္မဒသီဘွဲ့ခံ ရှင်အရဟံမထေမြတ်သည် [၁] အနော်ရထာမင်းကြီး၊ ကျန်စစ်သားမင်းကြီးနှင့် အလောင်းစည်သူ မင်းကြီးတို့ လက်ထက်အထိ မင်းသုံးဆက်တိုင် သာသနာတော် သုံးရပ်ကို စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်ကြိုးပမ်းတော်မူခဲ့သည်။

ရှင်အရဟံမထေသည် အနော်ရထာမင်းကြီး ဆောက်လုပ်လှူဒါန်းသော ပုဂံမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူ၏၊ ဖော်ပြပါ မင်းကြီးသုံးပါးတို့လက်ထက်တွင် ဘုရားပုထိုး ကျောင်းကန် ဇရပ် အမြောက်အမြား ပေါ်ပေါက်ထွန်းကားအောင် ဆောင်ရွက်တော်မူခဲ့သည်မှာ အနာဂတ်ဉာဏ်အမြင်အရ ဆောင်ရွက်ခြင်းပင် ဖြစ်ကြောင်း ရိုးသားစွာ မှတ်ရမည်ဖြစ်သည်၊ အရှင်အရဟံမထေရ်မြတ်ကို အချို့ကျမ်းစာက ပျံတော်မူသည်ဟု သုံးသည်။

မှန်နန်း ရာဇဝင်တော်ကြီးကမူ အသက် **(၁၀၁)နှစ်တွင်** နတ်ရွာစံသော အလောင်းစည်သူမင်းကြီး လက်ထက် သက်တော် (၈၁)နှစ်တွင် ပရိနိဗ္ဗာန် ပြုတော်မူသည်ဟု အတည်ပြု မှတ်တမ်းတင်ထားသည်။

မြန်မာပြည်သာသနာတော်အရေးပြဆိုရေးသားလျှင်အနော်ရထာမင်းနှင့် အရှင်အရဟံတို့မပါက မပြည့်စုံပါ၊ မပြီးပြတ်ပါ၊

---

၁။ အရှင်သောဏ ဥတ္တရမဟာ၊ သာသနာဆက် ဆက်လက်စဉ်လာ သီလဗုဒ္ဓိမည်ရှိသာယာ၊ တပည့်ရင်း ဖြစ်ခြင်းအမှန်ပါ။
(နန်းဦးဆရာတော်)

ဤ၌လည်း ပြည့်စုံနိုင်မည်မဟုတ်ရကား အနော်ရထာ မင်း၏ အတ္ထုပ္ပတ္တိရာဇဝင်ကစပြီး အနည်းငယ်ဖွင့်လှစ်ရေးပါဦးအံ့။

## တိုင်းပြု ပြည်ပြု အနော်ရထာမင်းကြီး

အနော်ရထာမင်းကြီးသည် ခမည်းတော် ကွမ်းဆော်ကြောင်ဖြူမင်းနှင့် မယ်တော် မြောက်ပြင်သည် မိဖုရားကြီးတို့မှ မျိုးရိုးသန့်စင် ဖွားမြင်တော်မူသည်၊ ခမည်းတော်မင်းကြီးမှာ အိမ်နိမ့်စံ ၅၈ နှစ်၊ စည်းစိမ် ၂၂ နှစ်၊ သက်တော်(၈၀)တွင်မယားပါသားများဖြစ်ကြသော ကျီစိုးနှင့် စုက္ကတေးတို့၏ နန်းချခြင်းခံရသည်၊ ၎င်းတို့ ၂ ဦး၏ မယ်တော်များမှာ အနော်ရထာမယ်တော်နှင့် ညီအမတော်ကြသည်၊ မင်းကြီးသည် နံတော်-တနင်္ဂနွေသားနန်းကျမည့်အချိန်တွင် ဘုရားပုထိုးပြာဋ္ဌိဟာပြ၏၊ သောကြာကြယ်-လအပေါ် ကျော်နင်း၏၊ လဆန်းနှစ်ရက်နေ့မှာပင် လပြည့်ဝန်းကြီးဖြစ်ပေါ်သည်၊ ခုနစ်ရက်တိုင်တိုင်လျှပ်လျှပ်သည်၊ မြစ်ရေများ ရပ်တန့်နေသည်၊ ဤကား ထူးခြားမှုတည်း။

## ဘုန်းရှိပေါ်ပေါက် ဘုန်းမဲ့ပျောက်၏

ကွမ်းဆော်မင်းအားနန်းချပြီးလျှင် ကျီစိုးမင်းသား နန်းထိုင်သည်၊ ၎င်းအားမုဆိုးသတ်၍ ကွယ်လွန်လျှင် ညီဖြစ်သူ စုက္ကတေး နန်းထိုင်သည်၊ ၎င်းနှင့်အနော်ရထာမင်းသားတို့ စီးချင်းထိုးရာ အနော်ရထာနိုင်၍ မင်းဖြစ်လာသည်၊ ခမည်းတော် ကွမ်းဆော်ကြောင်ဖြူမင်းအား ရဟန်းဝတ်ကိုချွတ်၍ မင်းပြုရန်

တောင်းပန်းသော်လည်းမချတ်၊ မပြုတော့၊ ယင်းသို့ဖြင့် အနော်ရထာမင်းတရားသည် သက္ကရာဇ် ၃၇၉-ခုနှစ် သရဝဏ်နှစ် ပြာသိုလပြည့်ကျော် (၈) ရက် တနင်းလာနေ့တွင် မင်းပြုတော်မူသည်။

အနော်ရထာ မင်းကြီးသည် ဘခင် ကြောင်ဖြူမင်းအား သိကြားမင်းဆက်သသော အရိန္ဒမာလှံ၊ သီလဂံသဓား၊ ပတ္တမြား လက်စွပ်နှင့်ပတ္တမြား ဦးသျှောင်ကျင်တို့ကို ပိုင်ဆိုင်သည်၊ ထို့ပြင် "**ကဏ္ဍိကလက်လှ**" မည်သော နတ်မြင်းကြီးလည်း ပိုင်ဆိုင်သည်၊ ကျန်စစ်သားသည် "**နှလုံးခွ ကောင်းမြင်း**" တော်ကိုပိုင်သည်၊ ငလုံးလက်ဖယ်သည် "**လေမိုး ယဉ်ခေါင်မြင်း**" တော်ကိုပိုင်သည်၊ ငထွေရူးသည် "**နှလုံးလျင်တိုင်းမြင်း**" တော်ကိုပိုင်သည်။ ညောင်ဦးဖီးသည်- "**နှလုံး အတုမရှိမြင်း**" တော်ကိုပိုင်သည်၊ ဤမြင်းငါးစီးကို နတ်မြင်းများဟု ခေါ်သည်။

## အနော်ရထာ လက်ထက်က ဖရည်းဆိုးများ

ပုဂံပြည်ဟုထင်ရှားလာသော အချိန်မှစ၍ သမုဒ္ဒရာဇ်မင်း ၁၂၀၁-ခုနှစ်မှ အနော်ရထာမင်း လက်ထက် တိုင်အောင် မုတ်ဆိတ်မွေးဗရပျစ်နှင့် မဲညစ်သည့် စီဝရံ၊ ရှင်ဆိုးတကာ့ ထိပ်ခေါင်၊ တာတေလံ အကျင့်ဆိုးသည့် အရည်းကြီးများသည် ပုဂံပြည်တွင် အမှန်တကယ်တွင်ကျယ် ကျက်စားခဲ့ကြလေသည်။

မိဘအား သတ်မိလျှင်ပင် ပရိတ်ရွတ်ငတ် နာကြားပါက ပြေပျောက်နိုင်သည်ဟု ယူဆဟောပြောကြသည်၊ မိစ္ဆာဝါဒ တည်း၊ မှားလှ၏၊ ထိုအရည်းဆိုးတို့ ကောင်းစားစဉ်အခါက

ခုပ်ချုပ်သူမင်းမှစ၍ မှူးကြီးမတ်ရာ သေနာပတိ သဌေးသူကြွယ် ရည်သူပြည်သားတို့ အားလုံးပင်- လက်ထပ်ထိမ်းမြားမင်္ဂလာပွဲ ါကအရည်းကြီးဆရာတို့ထံတွင် ပဌမညဦးကပင်သတို့သမီးကို ဆက်ကြရ၏၊ ''ပန်းဦးလွှတ်''သည်ဟုဆို၏၊ ယင်းသို့ ပို့လွှတ် ဦးမှ လက်ထပ်ထိမ်းမြားကြရ၏၊ ဤအစဉ်အလာကိုဖျက်လျှင် ကြီးလေးသောမင်းပြစ်မင်းဒဏ်ကို ခံရတတ်လေသည်။

အနော်ရထာမင်းတရားကား ပါရမီရှင် ပုဂ္ဂိုလ်ထူးဖြစ်သဖြင့် ယင်းအရည်းဝါဒကို အယူမှား အကျင့်မှားများ ဖြစ်ကြောင်း သိတော်မူ၍၊ မနှစ်သက်၊ အားမပေး၊ တရားမှန်ကိုသာတောင့်တ တော်မူသည်၊ ယင်းအခိုက်တွင်ပင် သထုံပြည်မှ ကြွလာသော အရှင်အရဟံ မထေရ်မြတ်ကိုဖူးတွေ့ရသည်၊ ရှစ်ပါးပရိက္ခရာ စုံလင် စွာဖြင့် အသွင်ထူးစွာဖူးမြင်ရသော အနော်ရထာမင်းတရားမှာ သွန်စွာဝမ်းသာလေသည်၊ သဒ္ဓါတရား အားကြီးသူအတွက် ရတနာမြတ်သုံးပါးနှင့် ဖူးတွေ့ရသည်မှာ လွန်စွာမှငင်နှစ်လိုဖွယ် ကြီး မဟုတ်ပါလော၊ အလှူဒါနကို တောင့်တနေသူအတွက် အလှူခံပုဂ္ဂိုလ်အား တွေ့မြင်ရသည်မှာ ပါရမီဖြည့်ကွက်ကြီးပင် မဟုတ်ပါလော၊ အနော်ရထာမင်းတရားကားဆန္ဒပြည့်ခဲ့လေပြီ။

အရှင်အရဟံ မထေရ်မြတ်သည် သင့်တင့်လျောက်ပတ်သော နေရာမြတ်တွင် သီတင်းသုံးတော်မူ၍ မြတ်စွာဘုရား၏ သာမုက္ကံ- သိက ဒေသနာတော်မြတ်ဖြစ်သော (**အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ**) ဟူသော တရားတော်ကို ကောင်းစွာ ဟောကြားတော်မူသည်။

အနော်ရထာမင်းတရားသည် တကြိမ်နာရရုံနှင့်ပင် တရား
တော်၌ သက်ဝင်ယုံကြည်နိုင်ရကား ''အရှင်မြတ် အရဟံဘုရား
တပည့်တော်တို့၏ ကိုးကွယ်ရာဖြစ်တော်မူပါဘုရား၊ တပည့်တော်
တို့သည် အရှင်မြတ်မှတပါး ကိုးကွယ်ရာမရှိပါဘုရား၊အဇ္ဇတဂ္ဂေ
ယနေ့မှအစပြု၍ အရှင်ဘုရားအား အသက်အပ်၍ ကိုးကွယ
ပါမည်၊ အရှင်ဘုရားတို့၏ အဆုံးအမကို ရိုသေစွာခံယူပါမည
ဘုရား'' ဟု လျှောက်ထားလေသည်။

## တခုတည်းသော ဘာသာရေး ထွန်းကားခဲ့

အနော်ရထာမင်းကြီးသည် ရှင်အရဟံညွှန်ပြသော အရပ်၌ပ
တင့်တယ်ခမ်းနား၍ ရှုချင့်စဖွယ်ရှိသော ရတနာဖြင့်ပြုလု
အပ်သောကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းလေသည်။

ရှင်အရဟံမထေရ် ဟောတော်မူသော ဗုဒ္ဓအဆုံးအမ တရာ
မြတ်များကိုလည်း ရိုသေစွာခံယူ၍ ကျင့်သုံးဆောက်တည်တော်
မူလေသည်၊ ထိုအချိန် ထိုအခါမှစ၍ မင်းနှင့် ပြည်သူတို့သည
တခုတည်းသော ဗုဒ္ဓဘာသာတရားကို ကိုးကွယ်ဆည်းကပ်ကြ
လေသည်၊ အရည်းတိတ္ထိတို့၏ ဝါဒဆိုးညစ်ယုတ်မာမှုတို့ကိုလည်
အပြီးအပိုင်စွန့်လွှတ်လိုက်ကြလေသည်။

အရည်းတို့၏ဝါဒဆိုးများသည် စင်ကြယ်သောဗုဒ္ဓအယူဝါဒ
ကဲ့သို့ပင် ပစ္စုပ္ပန် တမလွန် ၂ တန်သော အကျိုး စီးပွားကို
မဆောင်ကြပေ၊ ယင်းကြောင့်လည်း အနော်ရထာမင်းကြီးသည
အရည်းခေါင်းဆောင် သုံးကျိပ်နှင့် တပည့်လက်သား ခြော

သောင်းတို့အား အဝတ်ဖြူ လဲစေလိုက်လေသည်၊ ထိုနောက် အဲမောင်းကိုင် လှံကိုင်၊ ဆင်ချေးကျုံး၊ မြင်းချေးကျုံး စသော လုပ်ငန်းမျိုးစုံတို့ကို လုပ်ကိုင်စေလေသည်။ (ဘုန်းအား၊ ရှိးအား နှလုံးအားရှိသူသည် သာသနာတော်ကို ပြုပြင်နိုင်သည်။)

သထုံပြည်မှ ၎င်းအရပ်နှင့်ဆက်သွယ်သော ရဟန်းသာမဏေ များလည်း တဖွဲဖွဲ ကြွတော်မူလာကြပေရာ၊ ပုဂံပြည်၌၎င်းပြု ပဥ္စင်းခံခြင်းတို့ဖြင့် **သာသနာ့အရေးတော်ပုံ တခေတ်ဆန်းသစ် လာလေသည်**။ မျက်မှောက်ခေတ်စကားနှင့် သုံးဆွဲရပါမူ ခေတ် ပြောင်းသာသနာရေး စလိုက်ခြင်းပင်ဖြစ်သည်၊ နောင်ကာလတွင် သထုံပြည်မှ ပိဋကသုံးပုံအစုံပေါင်း (၃၀) ရောက်ရှိပြန်ရာ ပုဂံ နေပြည်တော်၌ ပရိယတ္တိသာသနာတော်၊ ပဋိပတ္တိသာသနာတော် နှင့် ပဋိဝေဓသာသနာတော်တည်းဟူသော သုံးရပ်သော သာ- သနာတော်မြတ်ကြီး ထွန်းကားစည်ပင်လာလေသည်။

အနော်ရထာမင်းကြီးသည် မြို့ပြ အသစ်တည်ထောင်ခြင်း၊ ဆည်မြောင်း ချောင်း ကန် တည်ဆောက်ခြင်း၊ ဘုရားပုထိုး ဂူ ကျောင်းပြာသာဒ်လှူဒါန်းတည်ဆောက်ခြင်းတို့ဖြင့် ပထမမြန်မာ နိုင်ငံတော်သစ်ကြီးကို စွမ်းစွမ်းတမံ တည်ထောင်တော် မူလေ သည်၊ ဤမင်းကား ဘုန်းလက်ရုံး တန်ခိုးအာဏာကြီးမားလှ၏။

## အနော်ရထာမင်းကောင်းမှုတော်များ

မင်းတရားကြီးပြုတော်မူခဲ့သော ကောင်းမှုကုသိုလ်များမှာ အလွန်တရာများလှစွာ၏၊ ၁။ ရွှေစည်းခုံဘုရား၊ ၂။ ရွှေရင်

မြွော်ဘုရား၊ ၃။ ရှမ်းပြည်ညောင်ရွှေမြို့ရှိ ပေါရိသာဒ်ဘုရား၊ ၄။ တန့်ကြည့်တောင်ဘုရား၊ ၅။ လောကနန္ဒာဘုရား၊ ၆။ တန့်ရှင်း တောင်၊ ၇။ ပြတ်တောင်၊ ၈။ စန္ဒေတောင်၊ ၉။ မန္တလေး တောင်၊ ၁၀။ ရွှေကြက်ယက် ရွှေကြက်ကျ တောင်ပေါ်ရှိ ဘုရားများနှင့် ၁၁။ တောင်ပြုံးမှ ဆုတောင်းပြည့် ဘုရား၊ ၁၂။ မြင်းကပါဘုရား စသည်များလှပေ၏။

## အနော်ရထာမင်း၏ အင်ပါယာ

အနော်ရထာမင်းနန်းတက်စက ပုဂံပြည်၏ တန်ခိုးသြဇာပြန့်နှံ့ ရာဒေသမှာ-မန္တလေး၊ မိတ္ထီလာ၊ ကျောက်ဆည်၊ မြင်းခြံ၊ ရမည်းသင်း၊ မကွေး၊ စစ်ကိုင်း၊ ပခုက္ကူ၊ မင်းဘူး၊ ကသာ မြို့နယ်တို့၏ အဝန်းအဝိုင်းမျှသာရှိကြောင်းသိရသည်။

ထို့နောက် အနော်ရထာ မင်းဖြစ်တော်မူသည်မှ - စစ်ရေ စွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေး စွမ်းရည်းများ မြင့်မား တိုးတက်လာပြီး တိုင်းနိုင်ငံ ချဲ့ထွင် အုပ်စိုး နိုင်ခဲ့ခြင်း ဖြစ်သည်။

ပုဂံပြည်အနီး ကျောက်ဆည်တဝိုက်တွင် ပင်လယ်၊ မြစ်မနား၊ မြစ်သား၊ မြင်းခုံတိုင်၊ ယမုံး၊ ပနံ၊ မကွရာ၊ တပြက်သား၊ သင်တောင်း၊ တမုတ်ဆိုးနှင့် ခံလူးဟူသော လက်ဘွင်း တဆယ့် တစ်ရွာကို ပြုတော်မူသည်၊ ထို့ပြင် ရှမ်းပြည်နှင့် မြန်မာပြည် နှစ်ဖက်အကြားသို့ ရှမ်းယွန်းတို့ မရောက်နိုင်ရန် ကင်းမြို့များ တည်ခဲ့ပြန်သည်။

ထိုမြို့များမှာ ကောင်းငင်မြို့၊ ကောင်းတုံမြို့၊ ငရန်း၊ ငရင်း၊ ရွှေဂူမြို့၊ ယင်းခဲ၊ မိုးတားမြို့၊ ကထာ ထီးကျဉ်း၊ မြတောင်၊ တကောင်းမြို့၊ ဟင်းမမော်၊ ကြံညှပ်မြို့၊ စဥ္စနဂို၊ စဉ္စကူး၊ ကုန်းသာယာ၊ မကွေးတရာအောင်၊ အုတ်၊ ရေနံ့သာ၊ နဂါး မောက်၊ ယင်းမာသဲ၊ စုန်းမြို့၊ တုံပုံ၊ မတ္တရာ၊ သက်ကယ်ကျင်း၊ ဝါးရင်းတုတ်၊ တောင်ပြုံးကြီး၊ မြို့တင်၊ လဟေး၊ ရှင့်မတက်၊ မာ္ဘရာ၊ တအုံ၊ မြင်းစိုင်း၊ မြစ်သား၊ ဟိုင်းတက်၊ သာဂရ၊ ညောင်ရမ်း၊ ရွှေမြို့၊ ပက်ပါ၊ မြို့လှ၊ တဲလင်း၊ ဆွာ၊ ဗာရာဏသီ မြို့ဟူ၍ မြို့ပေါင်း ၄၃-မြို့ကိုတချိန်တည်း တည်ခဲ့ပြန်လေသည်။

မစ္စတာဝုဒ်ရေးသားသော ယိုးဒယားရာဇဝင်၌ ပုဂံမင်းအနော်ရထာသည် တရုတ်နိုင်ငံတောင်ပိုင်းနှင့် ခမာ (မွန်) နိုင်ငံဖြစ်သော ကမ္ဘောဒီးယားနိုင်ငံကို အောင်မြင်ကြောင်း၊ ယိုးဒယားတနိုင်ငံလုံး၌ အနော်ရထာစော၏ တန်ခိုးအာဏာ လွှမ်းမိုးသည်ကို ယုံမှားဖွယ်မရှိကြောင်း အနော်ရထာမင်းကို အကြောင်းပြု၍ ဗုဒ္ဓအယူဝါဒ ထွန်းကားစည်ပင်ကြောင်း ဆိုသည်။ ထို့ပြင်—

ယိုးဒယားဘာသာနှင့်ရေးသော စာတမ်းများ၌ အနော်ရထာမင်းကို **'မဟာဇေယျဘယမင်း''** ဟု ဘွဲ့ပေး လေသည်၊ ကိုချင်ချိုင်းနားပြည်အထိ အနော်ရထာမင်း တိုက်ခိုက်သိမ်းယူခဲ့ကြောင်းလည်းဆိုသည်။ ထို့ပြင်—

ယိုးဒယား ရာဇဝင် တစောင်၌ ပုဂံပြည် ဘုရားများသည် ဂျားဗားကျွန်း စေတီပုံနှင့် တူသဖြင့် အနော်ရထာမင်းသည် ဂျားဗားကျွန်းသို့လည်း စစ်ချီ ကြွရောက်ကောင်း ကြွရောက်လိမ့်

မည်ဟု ရေးသားထားသည်ကို တွေ့ရခြင်းဖြင့် ရာဇဝင်ဆရာတို့သည် အနော်ရထာမင်း၏ ဘုန်းတန်ခိုးအာဏာကို မည်မျှ အသိအမှတ်ပြု ယုံစားကြကြောင်း ထင်ရှားသည်။

အမြော်အမြင်ကြီးမားလှသော အနော်ရထာမင်းတရားသည် မြန်မာပြည်တဝန်းလုံး၌ အနှံ့အပြား ဘုရား ဂူ ကျောင်း တန်ဆောင်း ဇရပ်တို့ကို စနစ်တကျ တည်ထားတော်မူခဲ့ပေသည်။

## အနော်ရထာမင်း၏နောက်ဆုံးနေ့

နိုင်ငံတော်သာယာဝပြောရေးကို တိုက်မတ်မတ်ဆောင်ရွက်တော်မူနေသော မင်းမြတ်အနော်ရထာသည် ရိုးစဉ်တခုမှပင်နေပြည်တော်သို့ အပြန်သရပါတံခါးသို့အရောက် မြို့တွင်းသို့ဆင်တော်၏ လက်ယာလက်ဘက်ဝင်ပြီးကာမှပင် အောင်သာ မြစ်ခြေအရပ်တွင် ''ကျွဲရိုင်း''ပစ်ကောင်သောင်းကျန်း၍ လူသူလေးပါးအား အတိဒုက္ခ ပေးနေပါကြောင်း လျှောက်ထားချက်အရ ပြည်သူတို့၏ နှလုံးစိတ်ချမ်းမြေ့မှုကို အစဉ်လိုလားတော်မူသော မင်းတရားသည် အမတ်(၇၀၀)နှင့်အတူ ထိုအရပ်သို့ ကြွချီ၍ ကျွဲရိုင်းအား သုတ်သင်စဉ်မှာပင် ကျွဲခတ်မိ၍ နတ်ရွာ စံရှာလေသည်။

## အနော်ရထာမင်းစောတည်ဆောက်ခဲ့သော နိုင်ငံတော် အကျယ်အဝန်းကား

၁။ အနောက်သို့လားသော် ပဋိက္ကရားမည်သော ကုလားပြည်၊ ၂။ အနောက်မြောက်ထောင့်သို့လားသော်-ဂန္ဓလရာဇ်


မည်သောတရုတ်ပြည်၊ ၃။ အရှေ့မြောက်ထောင့်သို့ လားသော် ကဝန္တိမည်သော ပန်းသေးပြည်၊ ၄။ အရှေ့သို့လားသော် စတိဿမည်သော ပင်ကာပြည်၊ အရှေ့တောင်ထောင့်သို့ လားသော်-အယောဓမည်သော ဂျွန်းပြည်။

## အနော်ရထာမင်း၏ စစ်အင်အား

ကတ္တူလွှန်းကြင်-လေးသိန်း။
လှေကားကြော့လှေ-လေးသန်း။
ဆင်ဖြူ ၃၈-စီး၊ ဆင်မည်း ရှစ်သိန်း၊ မြင်းရှစ်သန်း။
စစ်သူရဲ-တဆယ့်ရှစ်ကုဋေ (သန်းပေါင်း ၁၈၀)

## သက်တော်နှင့် နန်းစံနှစ်

အိမ်နိမ့် ၃၃-နှစ်၊ စည်းစိမ် ၄၂-နှစ်၊ သက်တော် ၇၅-နှစ်တွင် အနိစ္စရောက်တော်မူ၏၊ ရောက်လိုသော်-ဥကင်္သ တံခါးဝယ် ပျားစွဲ၏၊ သရပါတံခါးထက်က ဘီလူးရယ်၏၊ ဓားတော်အရောင်ညှိုး၏၊ လင်းတနား၏၊ ဒိန်နတ်သည်သင်္ကြန်တပြိုင်နက်သင့်၏၊ နံဘေးအင်္ဂါသားတည်း။



## အခန်း ၁၃

## ဗောဓိပင် စိုက်ပျိုးခန်း

တိုင်းကြီး ၁၆-တိုင်းနှင့် မဟာဗောဓိညောင်ပင်

**အက္ခာအဝေး တေးထစ်**

''ဗုဒ္ဓဟေ လက်ယာချီ၊ သာဝတ္ထိဌာနီ၊
ကလိင်္ဂကောသမ္ဗီ၊ နှစ်လစီခန့်တွက်၊
မစုရာဇ်ကပိလာမူ၊ ပန္နရာဆယ့်ငါးဆင့်ဆက်။
ကောလိယပြည်ဗာရာ၊ တလက္ခာမပျက်၊
ပြည်စမ္ပါဆယ့်နှစ်ရင်နှင့်၊ ငါးရက်သွားရာဇဂဟ်၊
ဝေသာလီညာရင်က၊ ပါဝါမှတ် ဆယ့်ငါးရက်မှန်၊၊
ပါဠလိရက်သုံးတန်၊ တလမှန်စဉ်ချီလို့၊
မိထိလ ဇေတနဂို၊ နန်းတက္ကသိုလ်။
သက်သ ပြည်ဗဟိုရ်မှု၊
ရက်မပိုဆယ့်ငါးရှင့်လေး....''။

## မဟာဗောဓိ ညောင်ပင်သို့

၁။ ဗာရာဏသီပြည်မှ - တလကြာသွားရ၏။
၂။ ဝေသာလီပြည်မှ - ၁၅-ရက်ကြာသွားရ၏။
၃။ ရာဇဂြိုဟ်ပြည်မှ - ၅-ရက်ကြာသွားရ၏။
၄။ ပါဋလိပုတ်ပြည်မှ - ၃-ရက်ကြာသွားရ၏။
၅။ ပါဝါပြည်မှ - ၁၅-ရက်ကြာသွားရ၏။
၆။ မိတ္ထိလာပြည်မှ - တလကြာသွားရ၏။
၇။ စေတုတ္တရာပြည်မှ - တလကြာသွားရ၏။
၈။ သင်္ကဿနဂိုရ်ပြည်မှ- ၁၅-ရက်ကြာသွားရ၏။
၉။ တက္ကသိုလ်ပြည်မှ - တလကြာသွားရ၏။
၁၀။ သာဝတ္ထိပြည်မှ - ၂-လကြာသွားရ၏။
၁၁။ ကလိင်္ဂတိုင်းမှ - ၂-လကြာသွားရ၏။
၁၂။ မဓုရတိုင်းမှ - ၁၅-ရက်ကြာသွားရ၏။
၁၃။ ကောသမ္ဗီတိုင်းမှ - ၂-လကြာသွားရ၏။
၁၄။ ကပိလတိုင်းမှ - ၁၅-ရက်ကြာသွားရ၏။
၁၅။ ကောလိယတိုင်းမှ - တလကြာသွားရ၏။
၁၆။ စမ္ပာနဂရတိုင်းမှ - ၅-ရက်ကြာသွားရ၏။

အရှင်အရဟံ မဇ္ဈိမဒေသမှ ပင်းမြို့သို့

**မဟာဗောဓိရွှေကျောင်းတော်ပင့်ဆောင်စိုက်ပျိုးပုံ**

တရားဒေသနာ၊ ဟောပြီးခါလျှင်၊ ချစ်အရှင်ကို၊ ဘဝင်တော်ကျ၊ ကြည်ညိုလှ၍၊ မြို့မအရှေ့၊ ပျော်မွေ့

သာလွန်၊ ဇေတဝန်ခေါ်၊ မြတ်ကျောင်းတော်ကို၊ ဆောက်သော်မကြာ၊ လှူပြီးခါဝယ်၊ ရာဇာမင်းမြတ်၊ မလပ်စတမ်း၊ ရေကိုထမ်းလျက်၊ မပျက်နေ့ရှည်၊ ကပ်လှူလေ၏၊ မသွေထင်ရှား၊ မိဖုရားကား၊ စွမ်းအားမပျက်၊ ဆွမ်းအုပ်ရွက်လျက်၊ နေ့ရက်တာရှည်၊ ပို့လှူလေ၏၊ ထွေထွေမလပ်၊ လှူကပ်နေရာ၊ ရှိသည့်ခါတွင်၊ မြန်မာတိုင်းကျိုး၊ လူမျိုးများစွာ၊ ဝေနေယျာအား၊ ပွားများစေရန်၊ ကိုယ်တော်ဉာဏ်ဖြင့်၊ ဖန်ဖန်ဇိတ်စော၊ အာရုံပြော၍၊ သဘောသက်ဝင်၊ ငါအရှင်ပင်၊ ကိုယ်တိုင်ယဉ်လျက်၊ နောက်ခွင်သာဘိ၊ မဇ္ဈိမသန်၊ စျာန်ယာဉ်ပျံလျက်၊ ရုက္ခံဗောဓိ၊ ဒက္ခိသာခါ၊ ပင့်ဆောင်ကာဖြင့်၊ မြန်မာရဋ္ဌ၊ တမ္ဗဒီပ၊ ဒေသအတွင်း၊ စိုက်ရလျှင်းမူ၊ ခပင်းဉဿုံ၊ အလုံးစုံမှတ်၊ တိုင်းငါးရပ်သား၊ လူအများပင်၊ ကျေးဇူးမြင်၍၊ အလျင်မနှေး၊ တွက်ရေးသချာ၊ ရက်မကွာလေ့၊ ယနေ့ပင်သော်၊ သွားရတော်၏၊ ဆုံးဖြတ်ဘိမှ၊ သတိတမန်၊ တဖန်ဝါတွင်း၊ ဖြစ်ခဲ့ခြင်းကြောင့်၊ အလျှင်းမြန်စွာ၊ သာယာမြွက်သိမ်း၊ ဝါပန်ပြီး၍၊ ခရီးတိုတို၊ သွားလိုဆန္ဒ၊ အာသီသရင်း၊ နှလုံးသွင်းအား၊ ရှုံငြားလေမှန်၊ စျာန်သမာပတ်၊ ဝင်စားလတ်၍၊ ထက်ရင်ကောင်းကင်၊ ငှက်အသွင်နှယ်၊ စျာန်ယာဉ်သွယ်ဘိ၊ မဇ္ဈိဒေသာ၊ ဗောဓိလျာရောက်၊ သက်လျှောက်မြန်စွာ၊ ဆင်းပြီးခါမှ၊ သာခါဗောဓိ၊ ငိုဌာန်ဘိလျက်၊ ပြတ်သည့်အခါ၊ **မင့်လာမယွင်း၊ မြို့ရွှေ**

**ပင်း၏၊ ရွှေခင်းတောင်ကျ၊ ထောင့်ဌာနဝယ်၊ မဟာဗောဓိ၊ စိုက်လေဘိ၍၊** ပြီးသည့်အခါ၊ မဟာထေရ်ပျံ၊ အရဟံသည်၊ ပေါက္ကံပြည်ခေါ်၊အနော်ရထာ၊ မင်းမြတ်လျှာသည်၊ ဆောက်ခါလှူအပ်၊ ကျောင်းတော်မြတ်သို့၊ ပြီးလတ် နေ့ပင်၊ ထေရ်အရှင်သည်။ ။ပြည်နှင့် ပုရ-မြန်းကြွသော်....။

(ရွှေညောင်ပင်စိုက်ခန်း မော်ကွန်းပေမူမှ)

အရှင်ဓမ္မဒဿီ အမည်ရှိသော ရဟန္တာအရှင်မြတ်သည် ပုဂံပြည်၌ အနော်ရထာမင်းအုပ်စိုးစဉ် သထုံပြည်မှ ကြွရောက်တော်မူလာသည်၊ မုဆိုးတဦး၏ ပင့်လျှောက်ဆက်သွယ်မှုဖြင့် အနော်ရထာမင်း၏ ရွှေနန်းတော်သို့ ရောက်သည်၊ ''အရှင်အရဟံ'' အမည်ရှိသည်ဟု လည်းကောင်း၊ မိမိသည် ''သဗ္ဗညုတဘုရားရှင်၏သား ရဟန်းတော် ဖြစ်သည်''ဟု လည်းကောင်း မိန့်ကြားသည်၊ သထုံပြည်မှ ကြွလာခဲ့သဖြင့် မိမိနှင့် အနွယ်တူ ရဟန်းသံဃာများ သထုံတွင်အများပင်ရှိသေးကြောင်း မိန့်တော်မူသည်။

အနော်ရထာသည် အရှင်အရဟံဟောပြတော်မူသော တရားဓမ္မများကို **''အနှစ်သာရရှိသောတရားများ''**ဟု ကောင်းစွာ သဘောပေါက်သည်၊ ယင်းကြောင့်ပင် အရှင်အရဟံ၏ ဆုံးမသြဝါဒများကို နှစ်သက်စွာခံယူ၍–

- ထေရဝါဒသာသနာတော်ပြန့်ပွားရေး၊

- ဆေရဝါဒ သာသနိက အဆောက်အအုံများ တည်ဆောက်ရေး၊
- ဗုဒ္ဓ ရှင်တော်မြတ်၏ ဓာတု စေတီတော်များ တည်ဆောက်ရေး၊
- ပရိဘောဂစေတီတော်များ ပင့်ဆောင်ကိုးကွယ်ရေး

များကို အရေးတကြီး အလေးပေးကာဆောင်ရွက်ခဲ့သည်၊ (အထက်တွင် ဖော်ပြခဲ့သော အနော်ရထာမင်းကောင်းမှု ဘုရားပုထိုးများသမိုင်းကို ကြည့်ပါလေ။)

သထုံပြည်မှ ပိဋကတ်တော်များ ပင့်ဆောင် ကိုးကွယ်မှု၊ တရုတ်ပြည်မှ ဓာတ်တော်များ ပင့်ဆောင်ကိုးကွယ်မှု၊ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဌာပနာတိုက်ကို တူးဖို့၍ ဆံတော်ဓာတ်ရှာဖွေမှုများဖြင့် ထင်ရှားစွာသိသာနိုင်သည်။ (ဤဆောင်ရွက်မှု၌ အောင်မြင်ခြင်းမရှိပါ၊ အကျယ်ကို ရွှေတိဂုံသမိုင်းတွင်ရှု။)

ပုဂံပြည်တွင် ဓားခုတ်လှံထိုး၊ လက်ဝှေ့မျိုးဖြင့် အကျင့်ဆိုးလှသော အရည်းဆိုးများနေရာတွင် ဗုဒ္ဓရှင်တော်မြတ်၏ ဓမ္မစကြာတရားတော်များကို ရွတ်အံ သရဇ္ဈာယ်ကြသော ရဟန်းကောင်းတို့က အစားထိုးနေရာယူခဲ့ပြီဖြစ်သည်။

သတို့သမီးကညာပျိုတို့၏ မင်္ဂလာဦးညဝယ် ပန်းဦးလွှတ်ရသည်၊ ပန်းဦးခူးဆွတ်သည်ဟုဆိုသော ဆံကေသာ လက်လေးသစ်၊ မုတ်ဆိတ်မွေး ဗရပျစ်နှင့် မည်းညစ်သော အဝတ် အရုံခြုံလွှာများကို ဝတ်ဆင်ထားကြသည့် အရည်းဆိုးတို့နေရာဝယ်

ရွှဝါရောင်အဆင်းရှိသဖြင့် ရှုချင့်ဖွယ်ရာကောင်းသော ဗုဒ္ဓသား ကျော် ရဟန်းတော်များက ၂၂၇-သွယ်သော သိက္ခာပုဒ် ဟာင်များကို ကြပ်တည်းစွာ စောင့်စည်းလျက် အဖူးအမြော် နေကြပြီဖြစ်သည်။

အင်းအိုင်ခါးလျှံ မှော်သွင်း မန္တန်၊ လက်ဖွဲ့တွေ ကိုယ်တွင်း လျက် ဥုံခံကာ မန်းမှုတ်တတ်ကြသည့် အရည်း ဆရာ သုံးကျိပ်နှင့် တပည့်လက်ပါးစေ ခြောက်သောင်းတို့ နေရာဝယ် **ကဿာ, လောမာ, နခါ, ဒန္တာ, တစော,** အစ ရှိသော ဒ္ဒတ္တိံသာကာရကမ္မဋ္ဌာန်း စီးဖြန်းတော်မူကြသည့် ဘုရားရှင်ချစ် ချင်သွေးတော်အစစ်ဖြစ်တော်မူကြသော သကျသာကီဝင် ထေရ် အရှင်မြတ်တို့က နေရာယူစံပယ်တော်မူကြလေပြီ။

မင်းမြတ်အနော်ရထာ၏ ကျယ်ဝန်း လှသော နိုင်ငံတော် ဝယ် မဟာလှေခါး အဆင်း ဝါဝင်းသောနှလုံးသွေး စီးဆင်း ကြသည့် ပြည်သူပြည်သားတို့သည် မွန်မြတ်သန့်စင်လှပေသော ဘုဒ္ဓရှင်တော်မြတ်၏ ငြိမ်းချမ်းရေးတရားမေ့တို့ကို ကောင်းစွာ နားဆင်နိုင်ကြပေပြီ။

မင်းနှင့်ပြည်သူ ပြည်သူနှင့်မင်း အချင်းချင်း သွေးစီးကြ သဖြင့် တခုတည်းသော သာသနာကိုးကွယ်မှုမှာ တည်ကြည် ခိုင်မာလှပေသည်၊ ဤအခြေအနေကား အခြေအနေကောင်း တည်း၊ ဤအချိန်ကား အချိန်ကောင်းတည်း၊ ဤအဆင့် သည်ကား ဘယက်တန်ဆာပြုလုပ်ရန် သင့်လှသော ညစ်ကြေး ခတင်သည့် ရွှေစင်အိကဲ့သို့ မင်းနှင့်ပြည်သူတို့အား မြတ်ဗုဒ္ဓ၏

ဩဝါဒတရားများ ဖြန့်ချီဆင်မြန်းပေးရန် အသင့်လျော်ဆုံ
အဆင့်ပေတည်း။

## ဗောဓိပင့်ရန် အရဟံ မဇ္ဈိမဘယ်သို့ ကြွသနည်း

သာသနာတော်နှစ် ၁၅၆၁-ခု^၁၊ ကောဇာသက္ကရာ
၃၇၉-ခု^၂ နှစ်တွင်မင်းပြုတော်မူသောအနော်ရထာမင်းကြီးသည်
အရှင်အရဟံ မထေရ်မြတ်အား ဇေတဝန်အမည်ရှိသော ကျောင်း
တော်ကိုဆောက်လုပ်လှူဒါန်းထားသည်၊ အရည်းကြီးလက်ကျ
တို့၏ ရန်ပြုနှောင့်ယှက်မှုမှ တားဆီးနိုင်ရန်အလို့ငှာလည်း အမျိ
ကောင်းသားတရာတို့ကို အစောင့်အရှောက်အဖြစ် ချထားပေ
သည်။

တနေ့သ၌ အရှင်အရဟံမထေရ်မြတ်သည် ''တမ္ပဒီပတိုင်း
ရာမညတိုင်း, သုနာပရန္တတိုင်း, ကမ္ဗောဇတိုင်းနှင့်ယောနကတိုင
တို့တွင် မိုတင်းနေထိုင်ကြကုန်သော မြန်မာ ပြည်သူပြည်သာ
တို့ အကျိုးစီးပွား အလို့ငှာ မဇ္ဈိမဒေသရှိ ဗုဒ္ဓရှင်တော်မြတ်

---

၁၊ သာသနာနှစ်ကိုသိလိုသော် ''သက္ကရာဇ်ဒီဃ တည်ပြီးမှလျ
ခွေ့အငွေနှင့် ကောကောနှောတို့ပါက သာသနာနှစ်အတိတ်ဖြစ်၏။''
ရောက်ဆဲ ၁၃၄၆-ခုနှစ်ကို ၁၁၈၂-နှင့် ရောပေါင်းပါက အတိတ်
သာသနာ ၂၅၂၈-ဖြစ်၏။

၂။ ၃၇၉-ခုမှာ မှန်နန်းရာဇဝင် အလို ဖြစ်၏၊ ဦးကုလာ
မဟာရာဇဝင်၌ ၄၆၄-ခု၊ ဇာတာတော်ပုံ ရာဇဝင်နှင့်ကျောက်စာ
ညှိနှိုင်းချက်အရ သက္ကရာဇ်မှာ ၄၀၆-ခု၊ သက္ကရာဇ် မှုကွဲများ
အသီးအသီးရှိသည်။

ပွင့်တော်မူရာ“**မဟာဗောဓိညောင်ပင်**”မှ လက်ယာတောင်ကိုင်းကို ဆေး ဒန်း မြင်းသီလာတို့ဖြင့် ရေးမှတ်ဖြတ်ယူကာ ပူဇော်စိုက်ပျိုးစေရပါမူ ကောင်းလေစွ”ဟု နှလုံးသွင်း ကြံစည်မိလေသည်။

ထို့နောက် သင်္ကန်းရုံ၍ နန်းတော်သို့ကြွကာ အနော်ရထာမင်းကြီးအား အောက်ပါအတိုင်း မိန့်ကြားလေသည်။

“ဒကာတော် မင်းမြတ် ဖူးမြော်စေရန် အလို့ငှာ လည်းကောင်း၊ပြည်သူပြည်သားတို့ဖူးမြော်နိုင်ကြရန် အလို့ငှာ လည်းကောင်း၊ မဇ္ဈိမဒေသမှ မဟာဗောဓိ ညောင်ပင်တော်ကို ပင့်ဆောင်တော်မူမည်”ဟု မိန့်ကြားလေသည်။

“ပင့်ဆောင်ပြီးလျှင် အဘယ်အရပ်မှာ စိုက်ပျိုးပူဇော်ကြမှာပါလဲ ဘုရား”

“ဤနေပြည်တော်မှ အရှေ့တောင် အရပ် လေးယူဇနာဝေးသော ကမ္ဗူဒီပဘိုင်း အလယ်တွင် စိုက်ပျိုး ပူဇော်ရမယ် ဒကာတော်မင်းမြတ်”

“ကောင်းလှပါပြီဘုရား၊ အဘယ်အချိန်မှာ ကြွမှာပါလဲ ဘုရား”

“ယနေ့ပင် ကြွမည် ဒကာတော်”

“ကောင်းပါပြီ၊ ကြွတော်မူရန် အရှင်မြတ်တို့ သိပါသည် ဘုရား”

အရှင်အရဟံမထေရ်မြတ်သည် အဘိညာဉ်၏ အခြေခံ ဖြစ်သော စတုတ္ထစျာန်သမာပတ်ကို ဝင်စားတော်မူလျက် မဇ္ဈိမ

ဒေသ ဗောဓိပင်ရှိရာသို့ ရည်မှန်းကာ ကောင်းကင်ခရီးမှပင် တပါးတည်း ကြွတော်မူသည်၊ ကွေးသောလက်မဆန့်မီ ဆန့်သောလက် မကွေးမီမှာပင် ဈာန်အဘိညာဉ် တန်ခိုးကြောင့် ဗောဓိပင်သို့ရောက်တော်မူသည်၊ ရောက်လျှင် ကောင်းကင်ခရီးမှ သက်ဆင်း၍ ဗောဓိပင်မြတ်အား ရှိခိုးပူဇော်ကာ ဗောဓိပင်၏ တောင်ဘက်ကိုင်း (**ဒက္ခိဏသာခါ**)ကို ဆေးဒန်း မြင်းသီလာ တို့ဖြင့် ရစ်ပတ်မှတ်သားလျက်—

''မြန်မာပြည်သူ ပြည်သားတို့အတွက် အမြဲထာဝရ ပူဇော်ကိုးကွယ်ရန် ထိုက်တန်ပါက ပြတ်ပါစေသား'' ဟု မိဋ္ဌာန်တော်မူလိုက်သည်။

ယင်းအခိုက်မှာပင် ဗောဓိပင် တောင်ကိုင်းတော်သည် ညင်သာစွာပြတ်ကျပြီး အရှင်အရဟံမထေရ်မြတ်၏ လက်တော်သို့ ကြွရောက်တော်မူလာလေသည်။

တောင်ကိုင်းဗောဓိ+ဒက္ခိသာခါ၊
မြင်းသီလာဆန်း+ဆေးဒန်းတဖြာ။
ရစ်ပတ်လှည့်ထား+မှတ်သားပြီးခါ၊
မိဋ္ဌာန်အပ်+ပြတ်လတ်ဗောဓိလျှာ။

(နန်းဦးဆရာတော်)

အရှင်အရဟံမထေရ်မြတ်သည် ပင်ပျိုအသွင် လန်းလန်းရှင်၍ ရွက်ကားမြရောင်၊ ညိုရောင်တခါ၊ ဝါရောင်တထွေ၊ ရွှေရောင်အတူ၊ ဖြူရောင်လည်းပါသော ဗောဓိရွှေညောင်တော်။

နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ မဉ္ဇိဋ္ဌ၊ ပဘဿရဟူသော ခြောက်ခြည်တော်ခြောက်သွယ် ကွန့်မြူးသည့် ရွှေညောင်တော်။


ရွက်ကြီးတထပ်၊ ရွက်လပ်တခါ၊ အငယ်သာလျှင်၊ ရွက်မှာသုံးပါး၊ သုံးထွေပြားလျက်ရှိသော ဗောဓိရွှေညောင်တော်။

အခေါက်ဘော် ငွေရောင်၊ အဖူးသန္တာနီရောင်၊ အသီးပတ္တမြား၊ ရွက်မြဉ္ဇာတန်၊ သန္တာဟန်ရှိလှသော ရွှေညောင်တော်ကို ပင့်ဆောင်လျက် မြန်မာပြည်သို့ ကောင်းကင်ခရီးမှပင် ပြန်ကြွတော်မူလာလေသည်။

အရှင်အရဟံမထေရ်မြတ်သည် ဗောဓိပင် စိုက်ပျိုးရန် သင့်လျော်သော မြေနေရာကို လေးခင်းတောင်ပေါ်မှ မျှော်ကြည့်လေလျှင် တမ္ဗဒီပတိုင်း ပုဂံမြို့တော်မှ အရှေ့တောင်အရပ် ၄ ယူဇနာအကွာ (၄၀ - မိုင်ခန့်ဝေးသော) **ဆတ်ချိုတောင်၊ နဘူးတောင်၊ မှန်ခြေရင်းတောင်၊ လေးခင်းတောင်၊ တောင်ပြောက်၊ တောင်ခမောက်၊ ရေပုပ်တောင်**တို့၏ အလယ်ဗဟိုကျသည့် ရှေးမြို့ဟောင်းနေရာ(အောင်သပြေမြို့၊ သစ္စာပန်းမြို့)၌ တွေ့မြင်တော်မူ၏။

အရှင်အရဟံ မထေရ်မြတ်သည် "ပင်းမြို့" ဟူသောအမည်သစ်ဖြင့် တဖန်ပြန်ပေါ်လာဦးမည့် မြို့ဟောင်းဒေသမှ ဗုဒ္ဓအယူကြည်ဖြူပြီးသူ ခပ်သိမ်းလူတို့အား **ဗောဓိညောင်ပင်** တရားတော်များ ဟောကြားတော်မူ၍ ဗောဓိပင် စိုက်ပျိုးမည့်နေရာတော်ကို ညွှန်ပြတော်မူလေသည်။

ၚယေဒၛ္ၚဍၚယေဒ ဍုန်ဏ္ဍုဗဒေါးၛိုၚ်ၛ္ၚ ကောဒံဏ္ဍုဂိုၚ်ဟွံမဗဇေဍုၚ်



ထိုမြို့ဟောင်းအရှေ့ပ်မှ သဒ္ဓါလှန်ကဲသော အမျိုးကောင်းသား အမျိုးသမီးတို့သည် အရှင်အရဟံ ပင့်ဆောင်လာသောဗောဓိပင် တည်ရှိရာ လေးငင်းတောင်ပေါ်သို့ တက်ရောက်ပူဇော်၍လည်း ကောင်း၊ အရှင်အရဟံမထေရ် သီတင်းသုံးရန် ကျောင်းသင်္ခမ်းကို ဆောက်လုပ်၍ လည်းကောင်း၊ ကောင်းမှုကုသိုလ် အထူးကို စိတ်တူ ကိုယ်တူ ဆည်းပူးကြလေသည်။


မြို့ဟောင်း၏ အရှေ့တောင်အရပ် မြေအပြင်တွင် မြေညီ ပေါင်းသင်ရှင်းလင်း သုတ်သင်၍လည်းကောင်း၊ ပလ္လင်တံတိုင်း ကာရံ၍လည်းကောင်း၊ ဗောဓိပင်စိုက်ပျိုးရန် ပုဗ္ဗကိစ္စများကို ဦးစွာဆောင်ရွက်ကြပြန်လေသည်။

အရှင်အရဟံ မထေရ်မြတ်သည်ကား မိမိ သီတင်းသုံးရာ ကျောင်းသင်္ခမ်းမှ ကြွရောက်ပြီး စီစဉ်ညွှန်ကြားတော်မူလေသည်၊ ဗောဓိပင်စိုက်ပျိုးရန်သင့်လျော်သော အခြေအနေသို့ရောက်လျှင် "**ပင့်ခဲ့တော့**"ဟု မိန့်ကြားပြောဆိုလိုက်သည်၊ ယင်းပြည်တ်ကို အစွဲပြု၍ တောင်၏မူလအမည် "လေးခင်းတောင်"ပျောက်ကာ "**ပင့်ခဲ့တော့တောင်**"ဟူသော အမည်သစ် ဖြစ်လာလေသည်၊ ဤတောင်ပေါ်တွင် ရှင်အရဟံဗောဓိပင် ပင့်ဆောင်ပုံ ရုပ်တု ရှိသည်။

## ၃ဂဂ-ခုနှစ်မှာ ဗောဓိပင် စိုက်ပျိုးခဲ့

ဘုရားအဆုံးအမတော်၌ သက်ဝင်ယုံကြည်ရင်း ရှိကြပေကုန် သောဗောဓိပင် ပင့်ဆောင်သူအမျိုးကောင်းသားအမျိုးကောင်း

ၛယေ့ဍ္ဍင်ယှင်ကြွ ကောဓံ့ဗှ်ဂလင့်ဟဗဓေ့ဒြ



သမီးတို့သည် အထူးထူးသော သနပ်ခါးရေ၊ သနပ်ခါးမှုန့်၊ နံ့သာရေ နံ့သာမှုန့် အမွှေးအကြိုင်တို့ဖြင့် သွန်းလောင်း ပူဇော်ကြကာ မြန်မာသက္ကရာဇ် ၃၈၈-ခုနှစ်တွင်ရှင်အရဟံညွှန်ပြမိန့်ကြားသော ယခုနေရာ၌ပင် စိုက်ပျိုးကြလေသည်။


ဤဗောဓိပင် 'ပင့်'ဆောင် စိုက်ပျိုးမှုကို အစွဲပြု၍ မြို့သစ်တည်သောအခါတွင် (သစ္စာပန်မြို့၊ အောင်သပြေမြို့ ဟူသော အမည်ဟောင်းကို မယူမူပဲ-) ပင့်မြို့ဟု အမည်အသစ်ဖြင့် သမုတ်ခေါ်ဝေါ်ကြ လေသည်။ (ယခုအခါ ပင်းမြို့ဟု ရွေ့လျှား လာသည်)။

နော်ရထာမင်း + ကျော်သင်းဘုရင်၊
ပုဂံပြည်ကြီး + ရွှေထီးသခင်။
နေ့ညဥ့်မပြတ် + ဆည်းကပ်လူစဉ်၊
ဉာဏ်တော်ချွံ + စိုက်ခဲ့ဗောဓိပင်။

(နန်းဦးဆရာတော်)

ဘုန်းလက်ရုံးနှင့် ပြည့်စုံတော်မူသော အနော်ရထာမင်းကြီးသည် ရာပြုမြို့၊ ထောင်ပြုမြို့၊ သောင်းပြုမြို့၊ သိန်းပြုမြို့များ တည်ထောင်ခဲ့၏။ (ထိုမြို့များစာရင်းကို အထက်တွင်ပြဆိုခဲ့ပြီ) ဤပင်းမြို့မှာကား– ကံထူးညီနောင် အကြီးအမှူးပြု၍ နောက်ပါ တပည့်လက်သား ၄၀၀-နှင့် တည်သော ရာပြုမြို့ ဖြစ်သတည်း။

အရှင်အရဟံ မထေရ်မြတ်သည် ဤပင်းမြို့ဒေသ၌ပင် ဗောဓိပင်ကို အကြောင်းပြု၍ ကောင်းမှုကုသိုလ်ပြုလုပ်ခြင်း၊ နောင်




ရှင်အရဟံ ရဟန္တာမထေရ်၏ လက်ဝဲဘက်ခြေတော်ရာ

အနာဂတ်ကာလ၌ သာသနာ အရှည်ပြန့်ပွား စည်ပင်မည်ကို မြင်တော်မူခြင်းများကြောင့်၊ အထူးတလည် ဆောင်ရွက်တော်မူခဲ့ရာ၊ ကောင်းစွာ ပြီးမြောက်သဖြင့် ပင့်ခဲ့တော့ တောင်၏ အရှေ့မြောက်ယွန်းယွန်းတွင် လက်ဝဲဘက် ခြေတော်ရာတဆူကို ဓိဋ္ဌာန်ချထားလျက် ပုဂံနေပြည်တော်သို့ပြန်ကြွတော်မူလေသည်။

ယခုအခါ ထိုခြေတော်ရာကို ဒန့်ဒလွန်ပင်ရွာတောကျောင်း ဆရာတော် ဦးသုန္ဒရ၏ ရှာဖွေဖော်ထုတ်မှုကြောင့် ကောင်းစွာ ဖူးမြင်နိုင်ကြပြီဖြစ်ပါသည်၊ စပယ်တပ် ပြာသာဒ်တော်ကြီးဖြင့် ခမ်းနားစွာပူဇော်ထားပါသည်၊ ရှေးက ရွှေပန်းတောကျောင်း ဆရာတော်ကြီးသည် တပည့်လက်သား ငုံလင်စွာဖြင့် ကြိမ်ဖန် များစွာ ရှာဖွေခဲ့သော်လည်း မတွေ့ရှိရပေ၊ အထက်ဖော်ပြပါ ဆရာတော်က ၂-ကြိမ် ရှာဖွေမှသာ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

**မှတ်ချက်။** ။ခြေတော်ရာရှိသောကြောင့် ၎င်းတောင်ကို ခြေတော်ရာတောင်ဟု ခေါ်သည်။

ပုဂံပြည်သို့ ပြန်လည်ရောက်ရှိလျှင် နောက်ပါတပည့် သံဃာတော်များကို အားဖြည့်ခေါ်ယူကာ အသစ် တည်ထောင်ပြီးဖြစ်သော ပင်းမြို့တောင်ဘက်တွင် တောင်သိမ်တော် တလုံး သမုတ်တော်မူ၏၊ ထို့နောက် ပင်းမြို့၏ မြောက်ဘက်အရပ် (ယခုစာရန်အိုင့်ရွာ)တွင် မြောက်သိမ်တော်တလုံး သမုတ်တော်မူပြန်၏၊ သိမ်ဦးတွင်လည်း သိမ်တော်ဦးဘုရားတဆူစီ ကိုးကွယ်ထားကြသည်၊သိမ်၏တောင်ဘက်တွင်မူ ကြီးမားခန့်ထည်သော



ဇွဲလုံ့လဥဿာဟဖြင့် ခြေတော်ရာ ရှာဖွေ တွေ့ရှိခဲ့သော
ဒန့်ဒလွန်ပင်တောရကျောင်း၊ ဆရာတော် ဦးသုန္ဒရ


အုတ်ပိဋကတ်တိုက်တော်ကြီးတလုံးကို ဆောက်လုပ်စေပြန်လေသည်။

ယခုအခါ မြောက်သိမ်တော်ကြီးတလုံးသာ အဆောက်အအုံ အုတ်တံတိုင်းနှင့် အရံအတားပါ ရှေးမူအတိုင်း တည်ရှိတော့သည်၊ တောင်သိမ်တော်မှာ ကျောက်ငုတ်အချို့နှင့် စေတီဟုဆိုသာထီးထီးကျန်ရှိသည်။

ကျယ်ဝန်းသော ပိဋကတ် တိုက်တော်ကြီးမှာမူ ထုထယ်ခိုင်ခံ့စွာ ပြုလုပ်ထားခြင်း၊ လေငင် လေထွက် ပေါက်များ ဘပ်ဆင်ခဲ့ခြင်းများကြောင့် အင်္ဂတေကွာကျသည်မှ အပ မူလပုံစံအတိုင်းပင် တည်ရှိနေပေသေးသည်၊ (**ရှေးဟောင်းသုတေသနဌာနမှ အမျိုးသားယဉ်ကျေးမှု အမွေအဖြစ် ဆက်လက်ပြုပြင်ထိန်းသိမ်းသင့်လှပါသည်။**)

အရှင်အရဟံမထေရ်မြတ်နှင့် တပည့်သံဃာတော်များသည် ဤပိဋကတ်တိုက်တော်တွင် သီတင်းသုံးလျက် လည်းကောင်း၊ ပိဋကတ်စာပေများကို ကြည့်ရှုဆည်းပူးစေလျက်လည်းကောင်း အသုံးပြုခဲ့ကြသည်မှာ ယုံမှားဖွယ်ရာ မရှိပေ၊ (ပိဋကသုံးပုံ-ခမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ကို အကျဉ်းချုံးလိုက်က ဗောဓိပက္ခိယတရား ၃၇-ပါးရသည်၊ ယင်းကို အကျဉ်းချုံးလိုက်က မဂ္ဂင်ရှစ်ပါးရသည်၊ ယင်းကိုတဖန် အကျဉ်းချုံးလိုက်က သီလ သမာဓိ ပညာရ၏၊ ယင်းကိုတဖန် အကျဉ်းချုံးလိုက်က ဝိမုတ္တိ ခေါ် ဘဝလွတ်မြောက်မှု ချမ်းသာနိဗ္ဗာန်ရ၏။)

မြောက်သိမ်တော် အတွင်းမှ ဘုရား ဆင်းတု ထုလုပ်ပုံသက်ရာမှာ ပုဂံမြို့မှ ဘုရားဆင်းတုတော်များနှင့် လက်အနေ



အထား ဟန်ပန်အမူအရာ သက်နိုးတင်ခြုံပုံ၊ ရိုပုံ၊ အလုံးစုံ အမူအရာတို့မှာ ထင်တူပင်ရှိ၏။

**ဝါပန်ရွာ**။ ။ပင်းမြို့၏အရှေ့တောင်အရပ်တွင် "**ဝါပန်ရွာ**" အမည်ရှိ ရွာတရွာရှိသည်၊ ထိုရွာမတည်မီက ထိုဒေသသည် ပင်းမြို့နှင့်တိုင်းတာသော် အရည်ကင် ဓုတင်ရသော ဒေသဖြစ် သည်၊ ထိုနေရာရှိ ကျောင်းသခ်ိန်းတွင် ဖြစ်စေ၊ သစ်ပင်ခြုံနွယ် ကြီးမားရာ၌ ရုက္ခမူဓုတင်ကိုယူ၍ဖြစ်စေ၊ အရှင်အရဟံမထေရ် မြတ်သည် ဗောဓိပင်အား ပူဇော်ယင်း သီတင်းသုံးတော်မူခဲ့ပေ ခည်၊ သီတင်းသုံးခဲ့ကြောင်း သမိုင်းဟောင်းတို့က ဆိုမိန့်ကြ၏၊ ယင်းကြောင့်ပင်ထိုနေရာ၌ နောက်ကာလ ရွာတည်ထောင်သော အခါ အရှင်အရဟံ ဝါဆိုဝါပန်မှု ပြုခဲ့သဖြင့် "**ဝါပန်ရွာ**"ဟု သမုတ်ခဲ့ကြောင်း သမိုင်းစာအရလည်းကောင်း၊ ဒေသိယဝေါ ဟာရအရလည်းကောင်း သိရှိမှတ်သားကြရ၏။

## နတ်မောက်မြို့နယ် မှတ်တမ်းမှ ကောက်နုတ်ချက်

"အနော်ရထာမင်းသည် အရှင်အရဟံပင့်လာခဲ့သော ဗောဓိပင်ကို ဖူးမြော်လာရောက်ယင်း "**နတ်မရွာ**"သို့ စကြာဖြန့်တော်မူရာ မြစည်းခံ့စေတီကို တည်တော်မူခဲ့၏၊ နတ်မရွာကို တိုးချဲ့ဖွဲ့စည်း၍ ကန်တော်ကြီးကိုလည်း ဆည်ဖို့ခဲ့ပြန်သည်၊ ယင်းနောက် အမတ်ကြီး ဇေယျ ကျော်ထင်အား မြို့စားအဖြစ်ခန့်အပ်ကာ နတ်မအား '**နတ်မောက်**'ဟု သမုတ်ခဲ့လေသည်။

"နတ်မောက်မြို့နယ် ပင်းမြို့ (ကျေးရွာ) တွင် ဗုး
ပွင့်တော်မူရာ မဟာဗောဓိပင်မှ ညောင်ကိုင်းမျိုးဆက
ကိုယူ၍ စိုက်ပျိုးခဲ့သည့်အပြင်၊ စေတီပုထိုးများ တည
ထားကိုးကွယ်ခဲ့ကြောင်း သိရှိရသည်၊ ယင်းအထောက
အထားများအရ နတ်မောက်မြို့နယ်မှ အချို့ကျေးရွ
များကို ပုဂံခေတ်လောက်ကပင် တည်ထောင်ခဲ့ပြီးဖြ
သည်ဟု ယူဆရပေသည်။

"အင်းဝသတိုးမင်းဖျားလက်ထက်တွင်**ကျောက်ပန်**
**တောင်၊ ပင်း၊ နတ်မောက်၊ တောင်တွင်းကြီးမြို့တို့မှ**
ခရိုင်တခုတည်းအနေဖြင့် ထင်ရှားခဲ့ပေသည်၊ တောင်
ခေတ်တွင်လည်း ထို့အတူ တည်ရှိခဲ့သည်။ ထို့ပြ
မြန်မာမင်းများအုပ်ချုပ်ပုံစာတမ်းဒုတိယတွဲ စာမျက်နှ
၆၅-တွင် ဘိုးတော်ဘုရား လက်ထက် ၁၁၇၉-ခုနှ
ထိုးမှတ်သော အိမ်ရှေ့မင်းကြီး၏ ကျောက်စာတွင
မြန်မာနိုင်ငံ တိုင်းကြီးပြည်ကြီးများစာရင်း၌ ပြည်ကြီ
(၅၀)ရှိရာတွင် အမှတ်စဉ်(၄)၌ တောင်တွင်းကြီးခရိုင
ပါရှိပြီး သီပေါမင်းလက်ထက် အုပ်ချုပ်ပုံစာရင်းတွင်မ
တောင်တွင်းကြီးခရိုင် ပင်း၊ နတ်မောက်၊ ကျောက်ပန်း
တောင်းဟု ဖော်ပြထားပေသည်၊"

**မှတ်ချက်။** ။ဤ အကြောင်း များ မှာ နတ်မောက် မြို့နယ
မှတ်တမ်းမှ ဆီလျော်အောင် ကူးယူဖော်ပြချက
များဖြစ်သည်။

းမြို့သည် ယခု မျက်မှောက် ခေတ်၌ မထင်ရှားသော
ာအဆင့်ရောက်နေသော်လည်း ပုဂံခေတ်မှစ၍ ''ပင်းမြို့''
ာ အမည်ထူးဖြင့် ထင်ထင်ရှားရှား တည်ရှိခဲ့သည်မှာ
ယုံမှားဖွယ် အလျဉ်း မရှိနိုင်တော့ပါပေ။
မြို့အမည်ဖြစ်ပေါ်လာခြင်းသည်ပင် အရှင်အရဟံမထေရ်
ဗောဓိပင် ပင့်ဆောင်ကိုးကွယ်မှုမှ စတင် ဖြစ်ပေါ်လာခဲ့ရ
ာရာ မဟာဗောဓိပင် ပင့်ဆောင် ကိုးကွယ်မှုမှာ လည်း
ယဝင်ဖွယ်ရာ မရှိတော့ပါချေ၊ ယင်းကြောင့် ပင်းမြို့နှင့်
ပင်တို့သည် အညမညသဘောအရ အချင်းချင်း ဆက်စပ်
က်ကူလျက် ရှိလေတော့သည်။
ဖြစ်ရကား ပုဂံခေတ် အနော်ရထာမင်းလက်ထက် ကံထူး
ာင်တို့အား နောက်ပါတပည့် အခြွေအရံ ၄၀၀-တို့ဖြင့်
် တည်ထောင်စေခဲ့သော ဤပင်းမြို့၏ သက်တမ်းသည်
ါင်း (၉၆၇)နှစ်အထိ တည်ရှိပြီး ဖြစ်ခဲ့လေပြီ၊ မဟာ
်ရွှေညောင်တော်သက်တမ်းမှာလည်း ထို့အတူပင်တည်ရှိခဲ့
။

''အနော်ရထာ၊ စောသတ္တာသည်၊ အာဏာမိန့်မြွက်၊ ခိုင်းစေချက်ကြောင့်၊ နှစ်သက်အထူး၊ ကံတူးညီနောင်၊ တည်ထောင်မြို့ပြ၊ ရိုကုန်ကြ၏၊ မာသလနှစ်၊ သက္ကရာဇ်ကား၊ သုံးခွန်ကိုးစွန်း၊ (၃၇၉) ပြည့်နှုန်းတည်လတ်၊ နာမည်မှတ်မူ၊ ပင့်ယူချင်းရာ၊ အာကာရကို၊ မြဲစွာငွဲမှတ်၊ ပင့်မြို့ရပ်ပင်၊ နာမည်တွင်ခဲ့''ဟု ပင်းမြို့မော်ကွန်းတွင် စပ်ဆိုထား၏။

## "ဗောဓိပင်စိုက်ကြ ကျိုးများရ"

ဒွေနဝုတေ ကပ္ပတော ကပ္ပေ၊
ဗောဓိ ရောပေသတံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊
ဗောဓိ ရောပယိဒံ ဖလံ။

၁။ ဘဒ္ဒကမ္ဘာဟိုဘက်မှာ-ကိုးဆယ်ကျော်တက်နှစ်စွန်း

၂။ တိဿမြတ်စွာတို့ဘုရား-ထင်ရှားဖြစ်လတ် ပွင့်ခဲ့ပေ

၃။ ထိုရှေ့ အခါ ပွင့်ရာ ထောက်က - ပိတောက်(
ဗောဓိဟေ။

၄။ ဗောဓိစိုက်သူ အရှင်မြတ်ကတော့-အသနု ဗေ
ဖြစ်ပါပေ။

၅။ ယခုကမ္ဘာဘုရားပွင့်တော့ - သစ္စာလေးဆင့် သိ(

၆။ လေးပါးအပါယ်မရောက်ခြင်းနှင့် - စကြာမင်
ခုနစ်ကြိမ်ပေ။

၇။ ဤသည့်အကျိုး ပင်စိုက်ပျိုး - အကျိုးများမြတ်
အဲဒါကြောင့် စိုက်ကြပျိုးကြမောင်တို့အစဉ်အလာ

တိဿဘုရားရှင်သည် ပိတောက်ပင် ဗောဓိပင်၌ ပွင့်(
သည်။

ထိုစဉ်က အမျိုးကောင်းသားတဦးသည် ဗောဓိပင်တေ
ပင်စိုက်ပျိုးခြင်း၊ ရေလောင်းခြင်းစသော ဗောဓိယင်္ဂဏဝတ်

ပြုလုပ်၍ ကုသိုလ်ယူခဲ့သည်၊ ယင်းကုသိုလ်ကြောင့် အပါယ်မကျခဲ့ရ၊ စကြဝဘေးမင်း စည်းစိမ်ကိုခုနစ်ကြိမ်ရရှိခံစားခဲ့ရသည်။

ယခုဂေါတမ ဘုရားလက်ထက်တွင်မူ ခုနစ်နှစ်သား အရွယ် ရဟန္တာဖြစ်လာသည်၊ ဘွဲ့တော်မှာ"**အရှင်ဒဿနဗောဓိယထေရ်**" ဟုတွင်သည်။

သေရပဒါန်လာ ဤဝတ္ထုကို ထောက်ဆ၍ ဗောဓိပင် စိုက်ပျိုးအပ်ကြောင်း၊ စိုက်ပျိုးသဖြင့် အကျိုးများလှကြောင်း ထင်ရှားလှပေသည်။

အခန်း ၃-ပြီး၏။

## အခန်း-၄

## မျက်မှောက်ခေတ် မဟာဗောဓိ ရွှေညောင်တော်

မဟာဗောဓိ ရွှေညောင်တော်သည် နတ်မောက်မြို့၏ မြောက်ဘက်(၁၄)မိုင်ခန့်ဝေးသော ရှေးပင်းမြို့ဟောင်းတွင် တည်ရှိသည်။ ထိုမဟာဗောဓိပင်သို့ သွားရောက်ဖူးမြော်လိုသူများသည် နည်းလမ်းသုံးသွယ်ဖြင့် သွားရောက်နိုင်ကြသည်။

ပထမ နည်းလမ်းမှာ ပျော်ဘွယ် နတ်မောက် တောက်လျှောက်ဖောက်လုပ်ထားသော (၆၁)မိုင်ရှိ ကားလမ်းအတိုင်းလိုက်သွားပြီး ရွာမွန်အရောက်တွင် လက်ယာဘက်သို့(၄)မိုင်ခန့် ကားဖြင့်သွားရပါဦးမည်၊ ပင်းမြို့ မဟာဗောဓိရွှေညောင်တော်သည် တမိုင်ခန့်ကပင်ထီးထီးမားမားမြင်တွေ့နိုင်သည်၊ အနီးသို့ရောက်လျှင် မြင်ရသူ ဘဝင်အေးလောက်အောင် ဆွဲဆောင်နိုင်

သည်၊ မောသမျှ ပြေ၍ လာရကျိုး ဖူးမြော်ရကျိုး အထူးပင် ရရှိနိုင်လေသည်။

**ဒုတိယနည်းလမ်းမှာ** ရန်ကုန်မှ ကျောက်ပန်းတောင်းကြေးနီ ထွက် ရထားဖြင့် လိုက်ပါပြီး၊ ငွေးကုန်းဘူတာတွင် ဆင်းကာ ပင်းခဲ့တော့တောင်တန်းကို ဖြတ်ကျော်ရပါမည်၊ ထိုမှ ကုန်းစောင်း၊ ငွေးချိုရွာများကို ဖြတ်သန်းလာရမည်၊ ရွာချင်းနီးစပ်သဖြင့် ခရီးမဝေးပါ၊ သို့ရာတွင် ဤခရီးမှာ လှည်းဖြင့်သာ သွားလာနိုင်သည်။

ဤပုဂ္ဂိုလ်များသည် လှည်းဖြင့်လာရသည့်အတွက် တခုတော့ ကံကောင်းကြပြန်သည်၊ ပင်းမြို့၏မြောက်ဘက်တွင် တည်ရှိသော မိုးကောင်းဘုရားနှင့် "မြောက်သိမ်တော်"ကို ဦးစွာ ဖူးတွေ့ရသောကြောင့်ဖြစ်သည်၊ ထို့ပြင် ပင်းမြို့ကျောင်းသို့ အဝင်တွင် အလောင်းစည်သူ မင်းကြီး ကောင်းမှုပြုသော "**ဖောင်တော်ဦးစေတီတော်**"ကိုလည်း ကြည်နူးစွာ ဖူးတွေ့နိုင်ပေသေးသည်၊ ထို့နောက် မြရိပ် မြရွက် မြသစ်ရွက်တို့ဖြင့် သာယာစွာ မြည်သံပြုနေသော မဟာဗောဓိရွှေညောင်ပင်မြတ်အား ချမ်းမြေ့ရွှင်ပြုံး နှလုံးမွေ့စွာ ဖူးတွေ့နိုင်ပေပြီ၊ ဝမ်းမြောက်ဖွယ်ဖြစ်ပေစွ။

**တတိယနည်းလမ်းမှာမူ** အောက်ပြည်အောက်ရွာမှသင်္ဘော စီးကာ ရေဝတီအတိုင်း ဆန်တက်ခဲ့ရပေမည်၊ မကွေးမြို့ရှိ မြသလွန်ဘုရားအား ဦးတိုက်ပြီးလျှင် ထိုမြို့အရှေ့ဘက်ရှိ "**နတ်မောက်**"သို့ ဘတ်စ်ကားဖြင့် လိုက်ပါရမည်၊ ထိုမှ ပင်းမြို့သို့ ကားဖြင့်သွားရန်ဖြစ်သည်။

ထို့ပြင် ရန်ကုန် မင်္ဂလာဒုံလေဆိပ်မှအင်္ဂါနေ့ ၆-နာရီ ၃၀-မိနစ်တွင်ထွက်သော ဘီ-အေ-စီ လေယာဉ်ဖြင့်လည်း မကွေးသို့ လိုက်ပါနိုင်သည်၊ ထိုမှအထက်ပါနည်းလမ်းအတိုင်း ကားဖြင့် သွားရန်ဖြစ်သည်၊ လေယာဉ်ခရီးမှာ အမြင့်ပေ တသောင်း နှစ်ထောင်ပျံသန်းပြီး ပျံသန်းချိန် တနာရီကြာသည်၊ အချိန် တိုတိုနှင့် ခရီးသွားလိုသူများအတွက် ဇယားကိုက်သော်လည်း ကြောက်တတ်သူများအတွက်မူ မီးရထားနှင့်သာ အသင့်တော် ဆုံးဖြစ်သည်။

(ဤနည်းလမ်းသုံးသွယ်မှာ စာရေးသူ သွားရောက်ခဲ့သော ခရီးစဉ်များ ဖြစ်ပါသည်)။

## **ရွှေကျောင်းတော်ပွဲ တူဆင်နွဲ**

ပင်းမြို့ မဟာဗောဓိ ရွှေကျောင်းတော် ပွဲတော်ကို နှစ်စဉ် တပေါင်းလဆန်း (၈) ရက်မှ လပြည့်နေ့အထိ ကျင်းပသည်၊ နာယကဆရာတော်များ၊ ကျေးရွာ ပါတီကောင်စီလူကြီးများ၊ ဂေါပကအဖွဲ့လူကြီးများ စည်းဝေးဆုံးဖြတ်၍ စည်ကားစွာ ကျင်းပသည်၊ မြန်မာမင်းအဆက်ဆက်နှင့် အင်္ဂလိပ်မင်း လက်ထက်မှ ယခုမျက်မှောက်ခေတ်အထိ မပျက်မကွက် ကျင်းပခဲ့ကြသည်၊ သက်တမ်းရှည်သော ပွဲတော်တခုပင် ဖြစ်သည်။

မြန်မာပြည်၌ ဗောဓိကျောင်းပင်အား ပွဲတော်ခင်း၍ ပူဇော်မှုပြုသည်မှာ ဤပင်းမြို့ ရွှေကျောင်းတော် တပွဲသာရှိသည်၊ ဤပွဲတော်သည် နတ်မောက်မြို့နယ်ရှိ တန်ခိုးကြီးဘုရား (၆)

ဆူတို့တွင်တဆူအပါအဝင်ဖြစ်၍ မြန်မာပြည်ရှိတန်ခိုးကြီးပွဲတော်များတွင်လည်း တပွဲအပါအဝင်ဖြစ်သည်။

ဤ ရွှေညောင် တော် ဘုရားပွဲသို့ အရပ် လေး မျက်နှာမှ လာရောက်ကြည့်ရှုကြသည်၊ အရှေ့အရပ်မှ(၁၂)မိုင်ဝေးသော "**နဘူးတောင်ရွာ၊ နဘူးကွဲရွာ၊ တံခွန်တိုင်ရွာမှ လည်းကောင်း၊ (၆)မိုင်ဝေးသောသက်ရင်းတောရွာ၊ သရက်ချဉ်ရွာ၊ နန်းကန်ရွာ**"တို့မှလည်းကောင်း လာရောက်ကြသည်။

တောင်ဘက်အရပ်မှ "**လေးအိမ်ရွာမှန်၊ မညီရဲကန်၊ ရွာသစ်ကံကြီးကုန်းရွာ**"တို့မှ လာရောက်ကြသည်။

မြောက်ဘက်အရပ်မှကျောက်ခွက်ရွာ၊ ဒန့်ဒလွန်ပင်၊ ရွှေပန်းတော၊ ကျောင်းကုန်း၊ ပေါက်ကန်း တို့မှ လာရောက်ကြသည်။

အနောက်အရပ်မှမူ – ငွေးကုန်းရွာ၊ ရှမ်းကုန်း၊ တောင်ဦးရွာ၊ ကုန်းစောင်းရွာတို့မှ လာရောက်ကြသည်။

အနီးဆုံးရွာများဖြစ်ကြသော စာရန်အိုင့်၊ လက်ခုတ်ပင်၊ သင်ပန်းတောရွာ၊ ဝါပန်ရွာ၊ တောင်ထောင့်ရွာ၊ ငွေးချိုရွာတို့မှမူ ဘုရားပွဲတွင် အထူးအားခဲ၍ လာရောက်ကြသည်၊ဘုရားပွဲမကျင်းပသော ကြားကာလများတွင်မူ ငင်းမြို့သို့ ရောက်တိုင်းဝင်ရောက် ဖူးမြော်ကန်တော့ကြသည်၊ ဤသည်တို့မှာ ရှေးဘိုးဘွားတို့လက်ထက်မှ ဆင်းသက် ကျင့်သုံးလာကြသောပင်းဒေသ၏ ဘာသာ ယဉ်ကျေးမှုများပင် ဖြစ်သည်။

ယခုအခါ ဒေသခံဖြစ်သော ပင်းမြို့ဟောင်းသည် အိမ်ခြေ (၁၇၀) ကျော်ရှိပြီး လူဦးရေ တထောင်ကျော်ရှိသည်၊ ရွာသူ

ရှာသားများမှာဘာသာတရားအထူးကိုင်းရှိုင်းကြသည်၊ ဗောဓိပင်သို့ရေတော်သွန်းလောင်းခြင်းဖြင့် လည်းကောင်း၊ တံမြက်လှဲဝတ်ပြုခြင်းဖြင့်လည်းကောင်း အမြဲတစေဆောင်ရွက်လျက်ရှိကြသည်၊ ဗောဓိပင်၏အထက်ဆုံး ပလ္လင်ပေါ်တွင် ရှိသော ကမ္ဗည်းဘုန်းတိုက်တော်များတွင်မူ ရပ်ဝေးရပ်နီးမှ ယောဂီ သူတော်စင်များ အစိဋ္ဌာန်ဝင်ရောက် တရားအားထုတ်ကြသည်မှာ ကြည်နူးဖွယ်ကောင်းလှပေသည်။

## ဗောဓိပင်ရေလှူရကျိုး

ကျွန်ုပ်တို့ ဂေါတမမြတ်စွာဘုရားရှင်၏ လက်ထက်တော်၌ **ဗောဓိသိဥ္စကမထေရ်** သည် ထင်ရှားသော ရဟန်းတော်တပါးဖြစ်ခဲ့ပါ၏၊ ဤမထေရ်ရဟန်းတော်သည် ရှေးရှေးသောမြတ်စွာဘုရားရှင်တို့လက်ထက်၌ ဆုတောင်းပတ္ထနာပြုကာ ဝဋ်ဆင်းရဲမှလွတ်မြောက်ရာ ကောင်းမှုကုသိုလ်များကိုလည်း ပြုဝုဆည်းပူးတော်မူခဲ့သည်။

ဝိပဿီမြတ်စွာဘုရားရှင်၏ လက်ထက်တော်၌(နှစ်ကျိပ်ရှစ်ဆူတို့တွင် ၂၂ နံပါတ်မြောက်ဘုရားရှင်) ရဟန်းအဖြင့်ကိုခံယူကာထိုဘုရား ပွင့်ရာဖြစ်သော "**ဗောဓိသခွပ်ပင်**"၌ ရေတော် သွန်းလောင်းပူဇော်ခဲ့သည်၊ ထိုကောင်းမှုကြောင့် နတ်ပြည်ခြောက်ထပ်တို့တွင် ကြိမ်ဖန်များစွာ လှည့်လည်၍ နတ်စည်းစိမ် ချမ်းသာကို ခံစားတော်မူခဲ့ရပေသည်။

ယခု ဘုရားရှင်ပွင့်တော်မူသောအခါ သဒ္ဓါတရား ထက်သန်စွာဖြင့် ရဟန်းပြုကာ မြတ်စွာဘုရား ဟောကြားတော်မူသော

တရားတော်ကို နာယူကျင့်ကြံပွားများခဲ့သဖြင့် မကြာမြင့်မီမှာပင် ကိလေသာအာသဝေါကင်းစင်သော ရဟန္တာ အရှင်မြတ်တပါး ဖြစ်လာခဲ့လေသည်။

ထိုဗောဓိသိဋ္ဌကမထေရ်သည် အောက်ပါဂါထာဖြင့် ဥဒါန်းကျူးရင့်ခဲ့ပေ၏၊ ဖတ်ရှုနာယူကြပါကုန်ဦးလော့။

ဧက နဝုတိတော ကပ္ပေ၊ ယံ ဗောဓိ မဘိသိဉ္စယိံ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဗောဓိသိဉ္စာယိဒံ ဖလံ။

၁။ အပါယ်လေးပါး + မလားလိုလျှင်။
ဗောဓိပင်မြတ် + သွန်းအပ်ရေစင်။
ခုဘဝလဲ + အမြဲကြည်ရွှင်။
နောက်ဘဝ + ရောက်ရ လူနတ်ခွင်။

၂။ ဗောဓိသိဋ္ဌက + ထေရ်ရမဟော်။
ညောင်ရေလောင်းလို့ + ကောင်းမှုလွန်ပျော်။
အပါယ်မကျ + သုခစံနော်။
ရှင်လူများ + မှတ်သားကျင့်ကြသော်။

(ထေရအပဒါန်၊ ဗောဓိသိဋ္ဌက မထေရ်ဝတ္ထု)

## ဥပုသ်နေ့တိုင်းဝတ်ပြုကြ

ရှစ်ရက်သီတင်း လပြည့်လကွယ် ဥပုသ်နေ့တိုင်းစုပေါင်းဝတ်ပြုခြင်း၊ တဦးချင်းဝတ်ပြုခြင်းများလည်း ရှိသည်၊ ရံဖန်ရံခါ ရန်ကုန်–မန္တလေးမှ အဖွဲ့လိုက် အခိုင်အမာန် ဝင်ရောက်ကြသော ပါရမီရှင် အပေါင်းတို့လည်း ရောက်ရှိလာတတ်ကြ၏၊ ဗောဓိ

ရိပ်၏ အေးမြသာယာမှုကြောင့် နှလုံးစိတ်ဝမ်း ချမ်းမြေ့ကြရလေသည်။

**"လောက၌ သစ်ရိပ်ဝါးရိပ်သည် အေးမြ၏၊ ထို့ထက် မိဘဆွေမျိုးအရိပ်သည် အေးမြ၏၊ ထို့ထက် ဗုဒ္ဓအရိပ်သည် ပို၍ အေးမြလှ၏"**

ဟု လောကနီတိ၏မိန့်ဆိုချက်ရှိ ပေသည်။

ဤအဆိုဝါဒသည် ပင်းမြို့ ဗောဓိပင်အောက်သို့ ရောက်ပါက လွန်စွာမှန်ကန်ကြောင်း ခံစားကြရပေလိမ့်မည်၊ ဗောဓိပင်၏အရိပ်အာဝါသသည် သာမန်သစ်ပင်၏ အရိပ်မျှသာမဟုတ်ပေ၊ ဗုဒ္ဓရှင်တော်မြတ်၏ သစ္စာလေးပါးသိမြင်ရာ မဟာဗောဓိပင်အရိပ်ဖြစ်သောကြောင့် ဗုဒ္ဓအရိပ်လည်း မည်ပေသည်၊ ယင်းကြောင့်လည်း ရွှေကျောင်းတော် ဗောဓိရိပ်သည် "ဗုဒ္ဓဆာယာ - ဘုရားအရိပ်" လည်း မည်လေသည်။

## ဗုဒ္ဓဂါယာမသွားမီ ပင်းမြို့သို့လာခဲ့ကြလော့

**အိန္ဒိယမဟာဗောဓိပင်။** ။ဗုဒ္ဓအယူဝါဒီ ဘုရားဖူးများအတွက် ဗုဒ္ဓဂါယာ၌ အဓိက ဖူးမြော်ကြသော မဟာဗောဓိပင်သည် ပေတရာခန့်မြင့်သည်၊ မဟာဗောဓိစေတီ၏အနောက်ဖက်တွင်ရှိသည်၊မြတ်စွာဘုရားသခင်၏ ဖွားဖက်တော် တပါးဖြစ်၍ သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိခဲ့ရာ ဖြစ်သည့် မူလဗောဓိပင်ကား မဟုတ်ပေ၊သမိုင်း

များအဆိုအရ ဟိန္ဒူဘုရင် သသင်္ကသည် ထိုဗောဓိပင်ကို ခုတ်လှဲဖျက်ဆီးခဲ့သည်၊ သို့သော် ထိုမဟာဗောဓိပင်၏ အမြစ်နေရာမှပင် ဗောဓိညောင် တပင် ပေါက်လာသည်၊ ထိုဗောဓိပင်သည်လည်း ၁၈၇၀-ပြည့်နှစ်တွင် အပင် လဲသွားရာ ထိုအချိန်က မဟာဗောဓိစေတီကို ဗြိတိသျှ အစိုးရအမိန့်ဖြင့် ပြင်ဆင် မွမ်းမံလျက် ရှိသော ဆာအယ် လက်ဇန္ဒာကန္နင်ဂမ်က မူလ ဗောဓိပင် အရာ၌ လဲကျ သွားသော ပင်မကြီးမှ အကိုင်းတကိုင်းကို ပြန်၍ စိုက် ပျိုးထားခဲ့ရာ၊ ယခုဖူးတွေ့ကြရသော မဟာဗောဓိပင် သည် ထိုဗောဓိပင်ပွားဖြစ်လေသည်။

(မြန်မာ့စွယ်စုံကျမ်း)

ယခုအခါ ဘုရားဖူးများအား အထူး အစီအစဉ် အဖြစ် အိန္ဒိယသို့ ပို့ဆောင်ပေးလျက်ရှိရာ တကြိမ်သွားလိုသူသည် လူ ထောင်ပေါင်းများစွာတို့တွင် ဝင်ရောက်တန်းစီရ၏၊ ငွေ ၄၀၀၀ဝိ/ ခန့်လည်း ကုန်ကျရ၏၊ ရက်ပေါင်းအားဖြင့် ၂၁-ရက် ခရီးသာ ကြာ၏၊ အိန္ဒိယသို့ရောက်လျှင် မိမိတို့စာသဲပေသဲမှာတွေ့ခဲ့ရသော ကြည်ညိုဖွယ်ကြည်နူးဖွယ်ရာများမှာ အိပ်မက်ပမာ ကြက်ပျောက် ငှက်ပျောက်ဖြစ်နေတတ်ကြ၏၊အကြောင်းမှာ ယနေ့အိန္ဒိယသည် ဗုဒ္ဓခေတ်အိန္ဒိယနှင့်လုံးဝ မဟုတ်တော့ချေ၊လွန်စွာခြားနားလေပြီ။

ဘာသာခြားတို့၏ အဆောက်အအုံ ကြီးကြီးငယ်ငယ် တို့က သာ ထိုးထိုးထောင်ထောင် မကြာခဏ တွေ့နေရသော်လည်း မိမိတို့ဗုဒ္ဓသာသနိက အဆောက်အအုံများမှာ ကောက်ရိုးပုံထဲက

အပ်ကိုရှာနိုင်မှ မြင်ရသလို လွန်စွာလွန်စွာရှာဖွေကြည့်ရှုနိုင်မှသာ တကျောင်းတလေ တွေ့မြင်နိုင်လေသည်။

ထို့ကြောင့် မြန်မာပြည်တဝန်း နေထိုင်ကြကုန်သော အမျိုးကောင်းသားတို့သည် ငွေတရာ နှစ်ရာ ကုန်ကျရုံနှင့် နှစ်ပေါင်း တထောင်က ဗုဒ္ဓပွင့်တော်မူရာ ဗောဓိပင်မှ မျိုးပွား စိုက်ပျိုးအပ်သော မဟာဗောဓိပင်ကို ဖူးမြော်ပူဇော်နိုင်ကြပေသည်၊ထိုအပင်ကား နတ်မောက်မြို့၏ မြောက်ဘက် (၁၄)မိုင်အကွာတွင်ရှိသော ရွှေးပင်းမြို့ဟောင်းတွင်တည်ရှိပေသည်။

''ဗုဒ္ဓဂါယာသို့မသွားမီ၊ပင်းမြို့သို့လာခဲ့ပါ''ဟု ဖိတ်ခေါ်လိုပါသည်၊ပင်းမြို့ဒေသကား ဖိတ်မံသမျှပြုထိုက်သော ဒေသလည်း ဖြစ်ပါပေသည်၊ ရေပေါများသည်၊ အရိပ်အာဝါသ ကောင်းလှသည်၊ ''ပေါက်လဲကသစ်၊ ဥသျှစ်ငင်နွဲ၊ နဘဲထောက်ရှာ၊ တမာကတက်၊သရက်မာလကာ၊သြဇာအုန်းထန်းနှမ်းပန်းဝေဆာ ပဒေသာတမျှ ပေါများလှပေသည်''၊ရေမြေဥတုအစုစု ကောင်းမွန်လှသဖြင့် ရှုလေတိုင်းစိမ်းစိမ်းစိုစိုအုံ့မှိုင်းလို့ဝေနေသည်များကို လွမ်းမောဖွယ်ရာ တွေ့မြင်နိုင်သည်၊ အညာ၏ အလှဆုံးသော ညနေဆည်းဆာရှုခင်းသာကိုလည်း ဘဝအမောပြေအဖြစ် ခံစားနိုင်သည်။

ပင်းဆည် ချေသောက်လယ်ကွင်းပြင်များမှ စိမ်းလန်းသော စိုက်ခင်းပြင်များမှာ ရောင်စုံ ကော်ဇောများ ဆက်၍ဆက်၍ ခင်းထားဘိသို့ရှိသည်၊ထို့ပြင် **ကျောက်ဆောက်ဆည်** ရေသောက်

စိုက်ပျိုးခင်းများမှ ရှုမောဖွယ် သီးနှံခင်းများမှာလည်းမြင်မြင်သူ ဘဝင် အသည်းစွဲလောက်အောင်ပင် သာယာလှ ပေသည်။

(နတ်မောက်မြို့နယ်၌ တပိုင်တနိုင် ဆည်ကြီးပေါင်း (၇၆) လုံး ရှိသည်။)

အသင်သည် ဖော်ပြပါ တိဝန်းကျင်တို့ဖြင့်ဖွဲ့နှောင်အပ်သော ရှေးပင်းမြို့ဟောင်း ဒေသသို့ ရောက်သွားပါလျှင် မြို့မြို့ ဆိုင်ဆိုင် ဝေဝေဆာဆာရှိလှသော **မဟာဗောဓိပင်** ၏ရွက်ချင်း ခတ်သံတို့ကို နတ်စောင်းသံပမာသာယာစွာ သောတဆင်နိုင်မည် ဖြစ်သည်၊ ထို့ပြင် နေခြည်အတွင်းမှ ရွှေရည်ဝင်းနေသော ပုထိုးစေတီတော်များအား ဖူးမြော်ယင်း ချိုလွင်အေးမြသော ဆည်းလည်းသံကိုလည်း ဓမ္မတေးအဖြစ်ခံယူနိုင်ပါဦးမည်။

အို-ယဉ်ကျေးသော အမျိုးကောင်းသား သင်ရရှိထားသော ဗုဒ္ဓ၏ဂုဏ်တော်များကို သီဆိုပါလော၊ ဓမ္မဂုဏ် တေးများကို ကျူးရင့်ပါလော၊ သံဃာ့ဂုဏ်တော်များကို ကြွေးကြော်၍ ဝမ်းမြောက်ပါလော။ (ရှေ့ပိုင်း အခန်း ၁-တွင် ဖော်ပြခဲ့သော သတ္တဌာနဘုရားရှိခိုးကို ကြည်နူးစွာ ဆိုပါလေ)

## "မင်္ဂလာအစီးအပွားတိုးတက်ပါစေ"

ဝနပ္ပဂုမ္ဗေ ယထာ ဖုဿိတဂ္ဂေ၊ ဂိမှာနမာသေပဌမသို့ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊ နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။

ဣဒ္ဓိဗုဒ္ဓေရတနံပဏီတံ၊ ဧတေန သစ္စေန သုဝတ္ထိဟောတု။

ဂိမှာနံ၊ ဥဏှဂူ၏ ဂုဏ်ယူပြင်းပြ နွေလေးလတို့တွင်။ ပဌမသို ဂိမှေ၊ ရှေးဦးအစ နွေကာလဖြစ်သော။ မာသေ၊ စိတြနှင့် မိဿရာသီ ခါညီဝေါ်ဟာ ကောဇာအသစ် သင်္ကြန်ပြောင်းကူး နှစ်နှောင်းဦးသား တန်ခူးခေါ်ဝေါ်သောလ၌–

ဖုဿိတဂ္ဂေ၊ ခါညီစရိုက် ရာသီလိုက်၍ အကိုက်ညွန့်ရှင် လန်း လန်းရွှင်လျက် ဝန်းကျင်ပတ်ကုံး ရှုမြင်၍ မဆုံးနိုင်အောင် ပင်လုံးကျွတ်ပွင့်သော အဖျားရှိသော။ ဝနပ္ပဂုမ္ဗေ၊ လေပြင်း မုန်တိုင်း အုံ့ကာဆိုင်းလည်း ကိုင်းချင်းခက်ချင်း တက်ဆင်း ယှဉ်တွဲ အေးယာဉ်လွဲသို့ နွဲ့ကာ အိကာ လေပြည်လာလည်း သာယာ လွန့်လူးဖူးအညွန့်တို့ မြူးကွန့်ကြရုံ မြူခိုးမှုန်လည်း အုံတဝိုင်းဝိုင်း ဆိုင်းတမှိုင့်မှိုင့် မှိုင်းညို့ညို့နှင့် နှစ်မြို့ဖွယ်ရှိလှသော တောအုပ်ကြီးသည်။ သသိရိကောယထာ၊ စိမ့်စိမ်းစွေသွန် ရေ တံခွန်နှင့် လေငုန်လောင်းသုတ် ရွက်ဟောင်းပြုတ်၍ ကျေးနှုတ် အသွင် ရွက်သစ်ပြင်လျက် ပင်ငယ်သီးတပင်ကြီးတရပ် ပင်လတ် တချို့ကင်းငုံစို့နှင့် အချို့ကြီးရင့် သီးကာပွင့်သဖြင့် ပွင့်တကြိုင် ကြိုင် မြိုင်ဟေမဝန် မွှေးပေါင်းသွန်ရာ အလွန်လျှင်နှစ်သက်ဖွယ် ရှုချင်ဖွယ်တင့်တယ်လှပသော အသရေရှိသကဲ့သို့။ တထူပမံ၊ ထို တောအုပ်ကြီးသဖွယ် တင့်တယ်စွာလှ ကလျာဏသုံးစုံ သဒ္ဒါ လင်္ကာရ အတ္ထာလင်္ကာရ တည်းဟူသော ပန်းရန့်တို့နှင့် ပြည့်စုံ သော။ နိဗ္ဗာနဂါမိံ၊ ခန္ဓာကောင်ကြီး တောက်လောင်မီးကို ဆီး၍ငြိမ်းကာ နိဗ္ဗုတာသို့ လျှင်စွာဖြောင့်မတ် ရောက်စေတတ် သော။ ဓမ္မဝရံ၊ ဝိမုတ္တိရသဘပါးပြလျက် ဓမ္မဝိနယာ နှစ်ပါး

လာသား သုံးဖြာပိဋကတ် ငါးရပ်နိကာယ် အင်္ဂါကိုးသွယ်နှင့် အကျယ်ထုတ်ပြန် ဓမ္မက္ခန်ပေါင်း လေးထောင်ဆောင်းလျက် ရှစ်သောင်း အရေအတွက်ရှိသော ပရိယတ္တိ တရားတော်မြတ်ကို။

ပရမ်ံဟိတာယ၊ အလွန်မြတ်သော ဧရမတ်သဘော လောကုတ္တရာ ဥစ္စာစီးပွား ကြီးမားဖြစ်ထွန်းစေခြင်းအကျိုးငှာ။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဒေသယိ၊ သြဃ ယောဂ နှစ်မွန်းကြသော ဒုက္ခိတသတ္တဝါ ဝေနေယျာတို့အား ကရုဏာရှေးရှု ဟောကြားတော်မူလေပြီ။

ဣဒမ္ပိ ဗုဒ္ဓေ-အယံပိဗုဒ္ဓေ၊ ဤသြဃ ယောဂနှစ်မွန်းကြသော ဒုက္ခိတသတ္တဝါဝေနေယျာတို့အား ကရုဏာရှေးရှု ဟောကြားတော်မူပေသော လူသုံးဦးတို့ကိုးကွယ်ရာ အဝိဇ္ဇေယျ ဘုရားမြတ်စွာသည်သာလျှင်။ ပဏီတံ၊ ဝိသိဋ္ဌတရ အတိဣဋ္ဌမောဒ္ဓိ သောဘိဏီဖြစ်၍ လောကီဥစ္စာရတနာတို့ထက် သာလွန် မြင့်မြတ်သော။ ရတနံ၊ ပစ္စုပ္ပန်သံသရာကောင်းကျိုး တိုးထက်တိုးအောင် မြတ်နိုးဖွယ်ရာ ကိုးကွယ်ရာသော မင်္ဂလာကြီးအစစ် လောကုတ္တရာ ရတနာကြီးဖြစ်ပေ၏။

ဧတေန သစ္စေန၊ ဤသို့ မဖောက်မပြန်အမှန်ကိုသာဆိုရသော သစ္စာကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ဘေးရန်ဟူ၍ မှုမငွေပဲ ပြကတေ့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ လောကီ,လောကုတ္တရာ မင်္ဂလာ အစီးအပွားသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

(ဗုဒ္ဓဝင်ပဥ္စမတွဲ-၇ဂ၅)

## ၅-သောင်းတန် မီးစက်ကြီး

အို-အမျိုးကောင်းသား ပင်းမြို့ဒေသကို သာမန်မြို့ဟောင်းဟုယူဆကာ ညရေးညတာကို သင်တွေး၍ ရင်မလေးပါနှင့်၊ "ပင်းမြို့ဆရာတော် ဦးကုသလ"၏ အစီအမံကောင်းမှုကြောင့် ညသည်နေ့နှင့်မခြား အလင်းရောင်ရလျက်ရှိပေပြီ၊ ၅-သောင်းတန် မီးစက်သစ်ကြီးဖြင့် ဗောဓိပင် ရွှေဥဒေါင်တော်မြတ်အားကြည်ညိုစွာသဒ္ဒါပွား၍ ဖူးမြော်နိုင်သည်၊ စည်မျက်နှာပြင်ပမာသာသာပြန့်ပြူးသော ကျောင်းတလင်းနှင့် ဗောဓိ ပင်္ဂဏ်တို့အတွင်းဝယ် စင်္ကြံတရား ရှုမှတ်လိုက ရှုမှတ်နိုင်ပေသည်။

"**စံပယ်၊ ကြက်ရုံး၊ ဂမုန်း၊ သဇင်၊ လေ အင်မရိုင်း၊ ရှုတိုင်းတင့်တယ်၊ ထားဝယ်မှိုင်း**"တို့၏ ရနံ့ကြွယ်မှုကိုလည်း သင်အမော ပြေခံစားနိုင်ပေသည်၊ အညာက တမာတောမှာ ပျော်ပါတယ် ဆိုလျှင် ညီညာသပ်ရပ်၍ ရနံ့သင်းလှသော တမာတန်းအောက်က ထိုင်ခုံပေါ်မှာ သင်နှစ်သက်ရာ ကမ္မဋ္ဌာန်းအားရုံတခုခုဖြင့်လည်း ပါရမီအထူးကို ဖြည့်ယူ ဆည်းပူးနိုင်ပေသည်။

## ၃-သိန်းတန်အောင်ဓမ္မာရုံနှင့် ပေစာများ

ပြင်ပလေမကြိုက်သူများအတွက် တကိုယ်တည်းတိတ်ဆိတ်ရာမှာ ခိုနားပြီး တရားမှတ်လိုသည်ဆိုပါလျှင်၊ ပုတီးစိပ် လိုသည်ဆိုပါလျှင် **ကျောက်ပန်းတောင်း** မြို့မှ ပါရမီရှင် **ဦးညီလှ၊ ဦးညီမြတို့ ညီအာ်ကို၂-ဦး** ၏ ကောင်းမှုဖြစ်သော ၃-သိန်းတန် အောင်ဓမ္မာရုံအတွင်းသို့ ကြွကာ ရှုမှတ်အားထုတ်နိုင်ပေသည်။

ရှေးအခါက မြန်မာတို့၏ဦးသျှောင် သရဖူများဖြစ်ကြသော သင်္ဂြိုဟ်သုမှန် သီလဝန် အရှင်မြတ်တို့အား မှူးတော်ဘုရင် ကလံ သံပျင် သဒ္ဓေး သူကြွယ် ဆင်းရဲသားပါမကျန် ဘုန်းနှင့်သမ္ဘာ ပြည့်စုံရန်အလို့ငှာ ပိဋကတ်ပေစာများ လှူဒါန်းလေ့ရှိကြသည်၊ ဤပင်းမြို့တွင် သီတင်းသုံးတော်မူခဲ့သော ဆရာတော်ဘုရားကြီး ဦးကေသရမှာ ကျောင်းပေါင်း ၅၀-ကျော်ကို အုပ်ချုပ်ရသော ဂဏာဓိပတိ၊ ဂဏပါမောက္ခ တပါး ဖြစ်တော်မူပေသည်၊ ယင်းကြောင့် ဤသို့သော သီလမဟာထေရ်ဆရာအား ပိဋက ပေစာထုပ်များအမြားအပြားပင်လှူဒါန်းခဲ့ကြသည့် စာတိုက်ကြီး စာတိုက်ငယ်အသွယ်သွယ်တို့တွင် ပေစာအဆူပေါင်း ၃၀၀-ကျော် ရှိပေသေး၏၊ ထိုအရာတို့တွင် ဆေးကျမ်းလဲပါ၏၊ ဗေဒင် ကျမ်းလဲပါ၏၊ နိယံလဲပါ၏၊ ဇာတ်ကြီးဆယ်ဘွဲ့လဲပါ၏။

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ပေစာများ အကြောင်းကို ထိုထိုသုတေသန သုတဂဝေသီရှာမှီးသူတို့အကျိုးငှာ အနည်းငယ် ဆက်၍ရေးပါအံ့။

ပေစာသည်-ရွှေပိန်းပေ၊ (ရွှေမျဉ်းပေ)ကြံဆစ်ပေ၊ မျဉ်းနီ ပေ၊ မျဉ်းနက်ပေ၊ပေဖြူဟူ၍ ၅-မျိုးရှိသည်၊ ထိုတွင် အလျား အနံ ဒု လေးဘက်၌ ရွှေပိန်းရိုက်ချထားလျှင် **ရွှေပိန်းပေ**၊ (ရွှေ မျဉ်းပေဟုခေါ်သည်) ပေစာ၏ အလျားပိုင်း ၂-ဖက်ကို ချန်လှပ်ပြီး အနား ၂-ဖက်သာ ရွှေချထားလျှင် **ကြံဆစ်ပေ**ဟု ခေါ်သည်၊ ဟင်္သာပြဒါး သုတ်ထားလျှင် မျဉ်းနီပေဟု ခေါ်၍ သစ်ဆေးသုတ်ထားလျှင် **မျဉ်းနက်**ပေဟုခေါ်သည်၊ မည်သည့်

ဆေးမှသုတ်လိမ်းခြင်းမရှိပဲ ပကတိအတိုင်း အနားလေးဘက်ညီညာစွာ ဖြတ်တောက် ပြင်ဆင်ထားသော ပေကို ပေဖြူဟုခေါ်သည်။

ယင်းပေစာသည် ကြောင်းရေအမျိုးမျိုး အရွယ်အမျိုးမျိုးရှိသည်၊ အချို့ပေစာက ၈-ကြောင်း၊ အချို့ ၉-ကြောင်း၊ ၁၀-ကြောင်း၊ ၁၁-ကြောင်း၊ ၁၂-ကြောင်းစသည် အမျိုးမျိုးရှိကြသည်၊ အလျား(အရှည်)မှာလည်း အမျိုးမျိုးရှိသည်၊ ဤပေစာများကိုရေတွက်မှတ်သားရာတွင် အက္ခရာစဉ်ဖြင့် မှတ်သားကြသည်၊ က၊ ကာ၊ ကိ၊ ကီ၊ ကု၊ ကူ၊ ကေ၊ ကဲ၊ ကော့၊ ကော်၊ ကံ၊ ကား။ ခ၊ ခါ၊ ခိ၊ ခီ၊ ခု၊ ခူ၊ ခေ၊ ခဲ၊ ခေါ့၊ ခေါ်၊ ခံ၊ ခါး၊ စသည်ဖြင့်မှတ်သည်၊ အက္ခရာတမျိုးလျှင် ၁၂-အထိ ရှိသည်၊ ယင်းကို ပေတအင်္ဂါဟု ခေါ်သည်၊ အချို့ပေစာများမှာ အင်္ဂါ ၁၅-ခုအထိရှိသည်၊ လွန်စွာထူ၏၊ ပေ ၁၈၀-ရွက်အထိရှိလေသည်။

## သစ်ပင်သည် ကျေးဇူးရှင်တမျိုး

သစ်ပင်ဟူသမျှ တပင်ချင်းဖြစ်စေ အစုအပြုံလိုက်ဖြစ်စေ၊ လူသားတို့အား ကျေးဇူးပြုလျက်ပင်ရှိသည်၊ စားဖွယ် သောက်ဖွယ်ဖြင့် ကျေးဇူးပြုသောသစ်ပင်၊ အမိုးအကာဖြင့်ကျေးဇူးပြုသောသစ်ပင်၊ ထုပ်-လျောက်, ဒိုင်း, မြား အဆောက်အဦဖြင့်ကျေးဇူးပြုသောသစ်ပင်၊ ဆေးဖက်ဝါးဖက်အဖြစ် ကျေးဇူးပြုသောသစ်ပင်ဟူ၍ ကျေးဇူးပြုပုံ အခြင်းအရာသာ ခြားနားကြသည်၊ တနည်းနည်းဖြင့် အကျိုးရှိအောင် ကျေးဇူးပြုပုံကတော့

တူကြသည်၊ ယင်းကြောင့် သစ်ပင်တိုင်း လူသားတို့အား ကျေးဇူးပြုကြသည်ဟု ဆိုရခြင်းဖြစ်သည်။

အိန္ဒိယပြည်ရှိ အချို့သောအယူဝါဒ ကြီးမားပြင်းထန်သူတို့ကမူ သစ်ပင်များတွင်အသက်ရှိသည်ဟုယူဆကြသည်၊ ဗုဒ္ဓခေတ်က ရဟန်းအချို့ သစ်ပင်များကို ခုတ်ဖြတ်၍ ဖိနပ်စသည်ပြုလုပ်ကြရာ အသက်ရှိသော သစ်ပင်များကို ဘုရားသားတွေက သတ်ဖြတ်ကြသည်ဟု ကဲ့ရဲ့ပြောဆိုကြ၏၊ ထိုသူတို့၏ ကြည်ညိုမှုမပျက်စီးစေရန်နှင့် ရဟန်းတော်များအား ကြည်ညိုမှုဒဏ် မကျရောက်စေရန် "ဗုဒ္ဓက သစ်ပင် ဝါးပင် မခုတ်မဖြတ်ရ"ဟု ဝိနည်း ဥပဒေတော်ပညတ်ပေးခဲ့လေသည်။

ထို့ကြောင့်ရဟန်းတော်များသည် သစ်ပင်ဝါးပင်ကို မိမိတို့ကိုယ်တိုင် မခုတ်မဖြတ်ကောင်းချေ။

လူသားတို့လည်း မိမိတို့အရိပ်ခိုသောသစ်ပင်ကို လှဲရန်မဆိုထားဘိ၊ အခက်အလက်တို့ကိုပင် မချိုးမဖြတ်ရဟု ရှေးလူကြီးသူမတို့ ဆုံးမခဲ့ကြ၏၊ အရိပ်နေနေ-အခက်ချိုးချိုး မပြုကျင့်ရဟု သြဝါဒပေးခဲ့ကြ၏၊ အဘယ့်ကြောင့် ပါနည်း၊ သစ်ပင်သည် မလှဲမချင်း (အလှဲမခံရမချင်း) ဝင်ရောက်လာသူ ခရီးသွားမှန်သမျှအား အဆင့်အတန်းမခွဲခြားပဲ အေးမြစေသည် မဟုတ်ပါလော၊ ဤကားသာမန်သစ်ပင်၊ သစ်တောတို့က လူသားတို့အား ကျေးဇူးပြုပုံတည်း။

## ဗောဓိပင်ဟူသည်

ဗောဓိပင်ဟူသည် ဘုရားရှင်တို့ သဗ္ဗညုတဉာဏ်တည်းဟူသောဗောဓိ ဉာဏ်တော်ရရန် အားထုတ်ရာ၌ အမှီပြုသောအပင်များ (ဝါ) ဘုရားပွင့်တော်မူရာ အပင်များဖြစ်သည်၊ ထိုအပင်များကိုအချုပ် အားဖြင့် ဗောဓိပင်ဟု ခေါ်သည်၊ ဂေါတမဘုရားအလောင်း တော်သည် **ညောင်ဗုဒ္ဓဟောပင်ရင်း** ၌ ဘုရားအဖြစ်သို့ရောက်တော် မူခဲ့ရာ ထိုညောင်ဗုဒ္ဓဟောပင်ကို ဗောဓိညောင်ပင်ဟူ၍ ခေါ်တွင် ခဲ့ကြလေသည်။

ဗောဓိညောင်ပင် (သို့မဟုတ်)ညောင်ဗုဒ္ဓဟောပင်သည် မိုးရေ စိုအီးမျိုးရင်း ဝင်ဖြစ်၍ ညောင်ပင်မျိုးတွင်ပါဝင်သည်။ရုက္ခဗေဒ အမည်မှာ ဖိုင်းကပ်ရီပီဂျိအိုဆာဖြစ်သည်၊ အခြားညောင်ပင်များ နည်းတူ အလေ့ကျပေါက်သော ကြီးမား၍ အရိပ်အာဝါသ ကောင်းသည့် အပင်ကြီးမျိုးဖြစ်ပြီးလျှင် အိန္ဒိယ,သီဟိုဠ်,မြန်မာ စသော အပူပိုင်းဒေသနိုင်ငံများ၌ ပေါက်ရောက်သည်၊ တပင် ချင်း သီးခြားပေါက်လေ့ရှိသည်၊ အရွက်တို့သည်အခြားညောင် ရွက်များကဲ့သို့ပင် လူ၏နှလုံးပုံသဏ္ဌာန်ရှိသော်လည်း အရွက်များ ပို၍ရှည်သွယ်သည်၊ ဧပြီလနှင့်မေလတွင် အပွင့်ပွင့်၍သေးငယ် သောအသီးများသီးသည်။

အိန္ဒိယ သီဟိုဠ် မြန်မာစသော ဗုဒ္ဓ အယူဝါဒထွန်းကားရာ နိုင်ငံတို့၌ ဗောဓိညောင်ပင်ကို အထွတ်အမြတ်ထားကြသည်၊ ဗုဒ္ဓ အယူဝါဒီတို့အဖို့ ဗောဓိပင်သည် ဘုရားရှင်၏ကိုယ်စား ပူဇော် ကိုးကွယ်ရာ ဖြစ်သော ပရိဘောဂစေတီတပါး ဖြစ်သည်၊

ထို့ကြောင့် ဗုဒ္ဓအယူဝါဒဆိုင်ရာကျောင်းကန်ဘုရားတို့၏ပရိဝုဏ် အတွင်း၌ အလေးအမြတ်ပြု၍ စိုက်ပျိုး ကိုးကွယ်ထားသော ဗောဓိညောင်ပင်များကို တွေ့မြင်ကြရသည်။

များသောအားဖြင့် ယင်းသို့အလေးအမြတ်ပြု၍ ကိုးကွယ်ကြသော ဗောဓိညောင်ပင်တို့သည် ဂေါတမဘုရားရှင်ပွင့်တော်မူရာ မူလဗောဓိပင်ကြီးမှ အစဉ်အဆက် အဆင့်ဆင့်မျိုးပွားယူခဲ့သော ဗောဓိပင်ပေါက်တို့ကို ပင့်ဆောင်စိုက်ပျိုးကြခြင်းဖြစ်သည်၊ မူလဗောဓိပင်နေရာတွင် လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ကျော်ခန့်ကပင် ဗောဓိပင်နှင့်တကွအမြတ်တရားထူးရရန် ဘုရားရှင်အား ထုတ်ယင်း ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူခဲ့သည်၊ ဗောဓိပင်ရင်း၌ရှိ ပလ္လင်တော်ကိုပါငုံ၍ စေတီတည်ခဲ့သည်၊ သီရိဓမ္မာသောကမင်းတရားကြီး စတင်တည်ခဲ့၍ နောင်ဗုဒ္ဓဝါဒီမင်းများကပြုပြင်မွမ်းမံခဲ့သည်ဟု အဆိုရှိသည်၊ ထိုစေတီကြီးကို မဟာဗောဓိစေတီဟုခေါ်တွင်၍ အိန္ဒိယနိုင်ငံ ဂယာခရိုင်တွင်းရှိ ဗုဒ္ဓဂါယာ၏ ထင်ရှားကျော်ကြားသော အဓိကရဌာနကြီးဖြစ်လေသည်။

မူလဗောဓိပင်၏ လက်ယာတောင်ကိုင်းကို သာသနာပြုရန်ရည်ရွယ်ချက်ဖြင့် သီရိဓမ္မာသောကမင်းကြီးသည် အဓိဋ္ဌာန်ပြုကာ ပိုင်းဖြတ်စေ၍ သမီးတော် သင်္ဃမိတ္တာထေရီနှင့်အတူ သီဟိုဠ်ကျွန်းသို့ ပို့ဆောင်စိုက်ပျိုးစေရာ ကိုအပင်သည် သီဟိုဠ်ကျွန်း အနုရာဓပူရမြို့ရှိ '' **သင်္ဃမိတ္တာ မဟာဗောဓိပင်** ''ဖြစ်လေသည်၊ အသက်အရှည်ဆုံးအပင်ကြီးလည်းဖြစ်သည်၊ ထိုကြောင့်ထိုဒက္ခိ- ဏသာခါ မဟာဗောဓိပင်ကြီး ရှိရာသို့ နှစ်စဉ်နှစ်တိုင်း ထောင်

သောင်းမကသော ဗုဒ္ဓအယူဝါဒီတို့ ဖူးမြော်ရန် လာရောက်ကြသည်၊ ယင်းဒက္ခိဏသာခါဗောဓိပင်ကြီးမှ ပွားသော ဗောဓိပင်တို့ကိုသီဟိုဠ်ကျွန်း၌ အနှံ့အပြားစိုက်ပျိုးကိုးကွယ်ကြရာ မြန်မာနိုင်ငံသို့လည်း ပင့်ဆောင်စိုက်ပျိုးကိုးကွယ်သည်၊ ယင်းဗောဓိပင်တို့မှကြွေကျသော အရွက်များကိုလည်းကောက်ယူကိုးကွယ်ကြသည်။

**ဗောဓိပင်တို့သည် ပရိဘောဂစေတီဖြစ်သဖြင့် အကိုင်းအခက်အလက်တို့ကို ခုတ်ဖြတ် ပိုင်းဖြတ်ခြင်း၊ မပြုစကောင်း၊** ပေ၊သို့သော် အကြောင်းအမျိုးမျိုးကြောင့် ကျိုးပဲ့ကျသော အကိုင်းအလက်တို့ကို ဘုရားရုပ်ပွားတော်များထုလုပ်၍ ဒက္ခိဏသာခါ ဘုရားဆင်းတုတော်များအဖြစ် ကိုးကွယ်ပူဇော်ကြရာ အလွန်တန်ခိုးကြီးသည်ဟု ယုံကြည်ကြလေသည်။

ဗောဓိညောင်ပင်ကို ဟိန္ဒူအယူဝါဒီ တို့ကလည်း ဗိဿနိုးနတ်မင်းကြီးနှင့်စပ်လျဉ်း၍ အထွတ်အမြတ်ထားကြလေသည်။

(မြန်မာ့စွယ်စုံကျမ်းမှဖော်ပြချက်)

## ဗောဓိပင်အောက် တံမြက်လှည်းရကျိုး

ဗုဒ္ဓလက်ထက်က "**ဗောဓိသမ္မဇ္ဇကထေရ်**" သည် ဗောဓိရွက်စွန့်ခဲ့သော အကျိုးတရားကို ဟောပြောတော်မူခဲ့၏၊ ထိုမထေရ်မြတ်က "ငါဟာ ဗောဓိရွက်ဟောင်းများကို သန့်ရှင်းအောင်ဆောင်ရွက်ခဲ့ရတဲ့ကောင်းမှုကြောင့် အကျိုး(၂၀)ရရှိခဲ့ပါတယ်၊ အဲဒါတွေကတော့-

၁။ လူဘဝနတ်ဘဝမှာသာ အဖြစ်များခြင်း။ ၂။မင်းမျိုးပုဏ္ဏားမျိုး၌ ဖြစ်ရခြင်း။ ၃။လှပသန့်ရှင်းပြည့်ပြည့်ဖြိုးမှုရှိခြင်း။

၄။ ရွှေရောင်ပေါက်သော အသားအရေရှိခြင်း။ ၅။ အသားအရေ နူးညံ့ပြေပြစ် ချောမွေ့ခြင်း။ ၆။ ခန္ဓာကိုယ်ပေါ်၌ မှုအညစ်အကြေး မတင်ခြင်း။ ၇။ လေ နေပူ မိုး မည်သည့် အကြောင်းနှင့်မှ ချွေးမထွက်ခြင်း။ ၈။ နူနာ၊ အိုင်းနာ၊ ငှက်ကြီး၊ မွဲ၊သွေးစုနာ၊ပွေးနာမှကင်းခြင်း။ ၉။ ရောဂါမှကင်းရှင်းခြင်း။ ၁၀။ စိတ်နှင့်ပတ်သက်သော ရောဂါမှကင်း၏ (စိတ္တဇရောဂါ မရှိ)။ ၁၁။ ရန်သူမှကင်းရှင်းခြင်း။ ၁၂။ စည်းစိမ်ဥစ္စာများ မခန်းခြောက်။ ၁၃။ မီး၊ မင်း၊ ခိုးသူ၊ ရေဘေးတို့မှလွတ်ခြင်း။ ၁၄။ အခြွေအရံများ၏ အလိုက်တသိ ဆောင်ရွက်မှု ပြုပေးခံရခြင်း။ ၁၅။ သက်တမ်းရှေ့နေရခြင်း။ ၁၆။ လူအပေါင်းတို့၏ နှစ်လိုမှု ခံရခြင်း။ ၁၇။ ဘုန်းကုက်သရေနှင့် ပြည့်စုံခြင်း။ ၁၈။ နတ် လူ ဂန္ဓဗ္ဗ ဘီလူး ရက္ခိုသ်တို့က ချီးမြှောက်ခြင်း။ ၁၉။လူ နတ်စည်းစိမ်ခံစားရခြင်း။ ၂၀။တောင့်တလျှင် ပြည့်စုံရခြင်း။

ထိုမထေရ်က ဆက်လက်အမိန့်ရှိသည်မှာ "ငါဟာ ရှင်လန်းစွာဖြင့် ဗောဓိရွက်စွန်းပြီး သန့်ရှင်းရေးလုပ်ခဲ့တဲ့အတွက် ဈာန်၊ မဂ်၊ ဖိုလ်၊ ပရိယတ်စာပေများကို အားထုတ်ရာမှာ သူတပါးထက် ထူးကဲစွာရရှိခဲ့ပြီး အာသဝေါကင်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုခဲ့ရပေတယ်"။ (ထေရာပဒါန်ကျမ်း)

## ညောင်ရေသွန်းပွဲတော်

ကဆုန်လသည် မြန်မာ ၁၂-လတွင် ဒုတိယမြောက်လ ဖြစ်သည်၊ နွေဥတုလေးလတွင် ဒုတိယမြောက် လဖြစ်၍ ပူပြင်းလှ

သည်၊ မြန်မာပြည်အပူပိုင်းဒေသရှိ သစ်ပင် ဝါးပင် များမှာ ဤလရောက်လျှင် ညှိုးလျော် ခန်းခြောက်တတ်ကြသည်။

သီဟိုဠ်မှ ပင့်ဆောင်ထားကြသော ဒက္ခိဏသာခါဗောဓိပင်များ၊ မဇ္ဈိမဒေသမှပင့်ဆောင်လာကြသော ဗောဓိပင်များလည်း ရွက်ဟောင်းကြွေ၍ ရွက်သစ်လဲနေစဉ် နွေ၏အပူဒဏ်ကို ပြင်းစွာခံစားကြရရှာသည်၊မြန်မာပြည်သူပြည်သားတို့သည် မဟာဗောဓိပင် စိမ်းလန်းစိုပြေရေးနှင့် ဗောဓိယင်ဏဝတ်ပြည့်စုံရေးအလို့ငှာ ဤလတွင် စုပေါင်း၍ ညောင်ရေတော် သွန်းလောင်းကြသည်။

နတ်မောက်မြို့နယ်၌ ပင်းမြို့သူမြို့သားများနှင့် ပင်းမြို့၏အရှေ့လက်၊တောင်လက် မြောက်လက်ရှိ ဗုဒ္ဓဝါဒီအမျိုးကောင်းသားအမျိုးကောင်းသမီးတို့သည် **''ဗျာဒိတ်၊ဖွား.မြင်၊ဗောဓိပင်၊စံဝင်နိဗ္ဗာန်နန်း''**ဟူ၍ဘာသာရေးအရထူးခြားထင်ရှားလှသောဤလ ဤရာသီရောက်လျှင်စုပေါင်း၍ ညောင်ရေတော် သွန်းလောင်းကြသည်၊ ဖော်ပြပါ ပင်းမြို့တခွင် ပတ်ဝန်းကျင်မှ သံဃာတော်အပါး ၂ဝဝ-ကျော်တို့အားလည်း ဆွမ်.ဆန်စိမ်း လောင်းလှူ၍ ကုသိုလ်ယူကြပေသည်၊ ရှိသေသဒ္ဓါ ထုံးစဉ်လာဖြင့် ပြုခဲ့သော ဤဓလေ့မှာ အခါအားဖြင့် ကြာညောင်းခဲ့ချေပြီတည်း။

> ''ကျေးလက် တဆယ့်ရှစ်ရွာကို အပိုင်စား၍ မဟာဗောဓိပင်ကို စောင့်ထိန်းရသည့်''မဟာပါလဂီရိဂူသိမ်'' တိုက်အိမ်သို့ရောက်၍ အမရပူရ ရွှေမြို့တော်ကြီးနှင့်တကွ တိုင်းကြီးပြည်ကြီး ထီးဆောင်း မင်းအပေါင်း တို့ကို အစိုးရတော်မူသော ဘုန်းတော် အလွန်ကြီးမြတ်တော်

မူလှသော ရွှေတွင်း ငွေတွင်း ပတ္တမြားတွင်းစသော ကိုးပါးသော ရတနာတွင်းအပေါင်းတို့၏သခင် ဥပေါသထ ဆန္ဒန်ဆင်ဖြူများသခင် သီရိပဝရ ဝိဇယာနန္တယသတြိဘဝနာဒိတျာဓိပတိ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ-အမည်တော်ရှိသော သာသန ဒါယကာတော် မဟာဓမ္မရာဇ်တရားမင်းမြတ်က စေတော်မူ၍-

မဟာဗောဓိပင် အဖူးအမြော်လ ရပါကြောင်းနှင့် ဇေယျကျော်သူ၊ဇေယျကျော်ထင်၊ ဇေယျကျော်စွာတို့က မဟာဗောဓိပင်စောင့်မဟာပါလဂီရိဂူသံဃိကိုပြောဆိုသည်တွင် သက္ကရာဇ် ၁၁၇၈-ခု၊ တန်ခူးလဆန်း တဆယ့်သုံးရက်နေ့ မဟာဗောဓိပင်သို့သွားပြီးလျှင် မဟာဗောဓိပင်ကို လက်ယာရစ် သုံးပတ်လှည့်၍ ပူဇော်သည်၊ မဟာဗောဓိပင်စည်ကိုလည်း နှင်းရည်စသော အမွှေးအထုံအရည်အပေါင်းတို့ဖြင့် သွန်းလောင်းသည်''

ဤသည်တို့မှာ-ကုန်းဘောင်ခေတ် ဘိုးတော်မင်းတရားကြီးက မဇ္ဈိမဒေသရှိ မဟာဗောဓိပင်တော်အား ဘုရင် ကိုယ်စားလှယ်တော်အဖြစ် အဖူးအမြော်လွှတ်ခြင်းနှင့် ထိုအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ ဖူးမြော်ပုံဖြစ်သည်၊ ထို့ပြင်တဝ မိဖုရားခေါင်ကြီး၏ ညောင်ရေတော်သွန်းလောင်းမှုကိုလည်း ဤသို့ မှတ်တမ်းပြုထားသည်ကို ဖတ်ရှုရပါသည်။

**[ကဆုန်လဆန်း၊ တဆယ့်ငါးရက်နေ့ ဗောဓိညောင် စသော ဘုရားစေတီ ပုထိုးများမှာ ညောင်ရေတော်သွန်းလောင်းလှူတော်**

**မှုသည်၊ အရှင်မိဖုရားခေါင်ကြီး ဉောင်ရေစေတော်ကိုလည်း ဆန်လပြည့်ကျော်တရက်နေ့ သွန်းလှူတော်မူသည်။]**

## ပင်းမြို့ရှိ မဟာဗောဓိတည်ရှိပုံ

ဗောဓိပင်သည်မြို့ရိုး၏အဂ္ဂါထောင့်တွင်ဇည်ရှိသည်၊ မဟာရံတံတိုင်းဖြင့် ဝင်းခတ်ထားသည်၊ ဗောဓိပင်၏ ရာဟုထောင့်တွင် ဒရကန်ရှိသည်၊ မြောက်ဘက်တွင် ယောဂီဆောင်များရှိသည်။

အရှေ့တောင်နှင့် တောင်ဘက်၊ အနောက်ဘက်တို့တွင် စေတီများရှိသည်၊ဗောဓိပင်ကို ပလ္လင်သုံးဆင့်ဖြင့် ရစ်ပတ်ဖွဲ့နှောင်ပူဇော်ထားသည်၊ အထက်ဆုံး ပလ္လင်သို့ တက်ရောက်ပူဇော်ရန် အရပ်လေးမျက်နှာတွင် မုခ်လေးပေါက်ရှိသည်၊ အနောက်ဘက်မှတက်လျှင် ခတ်ပေါင်းစေတီကိုဖူးရပြီး၊ ဗောဓိပင်၏ အမြင့်ဆုံးရင်ပြင်တော်ပေါ်သို့ရောက်မည်၊ လက်ဝဲဘက်တွင် အမျှဝေရန်ခေါင်းလောင်းအလတ်စားတလုံးရှိသည်၊ ဓမ္မာရုံဒကာ ဦးညီလှ ဦးညီမြ ညီအစ်ကိုကောင်းမှု ဖြစ်သည်။ (မူလခေါင်းလောင်းပျောက်ဆုံးသွားသည်)

မြောက်ဘက်မှ ဖူးမြော်လျှင် လက်ယာဘက်၌ အရှင်အရပ်ဗောဓိပင်ပင့်လာပုံ မတ်ရပ်ရုပ်တုကို တိုက်ကျောင်းငယ် အတွင်းဖူးတွေ့နိုင်သည်၊ပင်မကြီးမှဖြာကျလာသော ကိုင်းဖြာတို့မှာ ပလ္လင်အဆင့်ဆင့်ခံ၍ ထောက်ကန်ပေးထားရသည်၊ ဖူဖွေးသော ထိုခက်မကိုင်းကြီးများမှာ ရွှေတိဂုံ ကုန်းတော် ရာဟုထောင့်မှ ဗောဓိပင်အရွယ်အစားလောက်ရှိသည်၊ (ထိုဗောဓိပင်မှာ လွတ်လပ်ရေးရသောနေ့(၄၊၁၊၄၈)တွင်မှ စိုက်ပျိုးခြင်းဖြစ်သည်)

ဤအပေါ်ဆုံး ပလ္လင်ထက်တွင် တပါးနေ တိုက်ကျောင်းကလေးပေါင်း ၉-လုံးရှိသည်၊ သပ်ရပ်လှပစွာ ဆောက်လုပ်ထားသည်၊ တဦးချင်းကောင်းမှုရှင်များက လှူဒါန်းထားခြင်း ဖြစ်သည်။

ဗောဓိပင်၏အမြင့်မှာ ပေ ၁၀၀-ခန့်ရှိသည်၊ ခက်မငါးဖြာမှ ဆန့်ထွက်လာသော အခက်ကြီး အခက်ငယ် တို့မှာ မရေတွက်နိုင်အောင်များပြားလှသည်။

ဗောဓိရွက်များသည် မြစိမ်းရောင်ရှိသည်၊ ရွက်ညွှာဘက်မှာ သန္တာနီရောင်ပြေးနေသည်၊ ပင်လုံးမှာ ဘော်ငွေရောင်ရှိသည်၊ အပင်အောက်သို့ ဝင်ရောက်သွားလျှင် ငြိမ်းချမ်းအေးမြသော အရသာကို တွေ့ထိခံစားကြရသည်၊ ဆက်ရက်များ ညောင်သီးလာစားကြသည်၊ ဥဩငှက်များ အမြင့်ဆုံးကိုင်းတွင် ခိုနား၍ သာယာသော သူ့အသံကို ချိုမြစွာကျူးရင့်တတ်သည်။

ထိုအခိုက်မှာပင် – ဗောဓိပင်မြောက်ဘက်အခြေတွင် ဂန္ဓကုဋီ တိုက်ငယ်ဖြင့် ကိုးကွယ်ထားသော ဆုတောင်းပြည့်ဘုရားထံသို့ ပန်းလှူသူများ ရောက်လာသည်ကိုတွေ့မြင်ရသည်၊အုန်းတံမြက်စည်းကိုင်၍ **ဗောဓိယင်္ဂဏဝတ်** ပြုသော သီလရှင်ဆရာ ၃-ဦးကိုလည်း တွေ့မြင်ရသည်၊ ဘွဲ့အမည်များမှာ **ဒေါ်ဉာဏ၊ ဒေါ်စန္ဒာ**နှင့် **ဒေါ်ကလျာဏီ**တို့ ဖြစ်ကြသည်၊ ၎င်းတို့သည် ကျောင်းပရိဝုဏ်အတွင်းမှာပင်အမြဲနေ၍ **ဗောဓိယင်္ဂဏဝတ်**ကို အမြဲ ပြုလုပ်ကြသည်၊၁၅-ပေအမြင့်ရှိ ပလ္လင်သုံးဆင့်ခံ၍ ပူဇော်ထားသော ဗောဓိပင်၏အဝန်းအဝိုင်းမှာ ပေ ၂၀၀-စတုရန်းရှိ၏၊ ထိုအတွင်းသို့

လေနှင့်အတူမျော၍ပါလာသော အမှိုက်သရိုက်များအား ဖယ ရှားခြင်း၊ ဗောဓိပင်မှ အလိုအလျောက် ကြွေကျလာသော ကိုင် ခြောက်များနှင့်ရွက်ခြောက်များအားရှင်းလင်းဖယ်ရှားရခြင်းမှ နေ့စဉ် ဝတ်တရားများပင်ဖြစ်သည်။ ဤသူတို့သည်—

တိဋ္ဌန္တေ နိဗ္ဗုတေစာပိ၊ သမေ စိတ္တေ သမံ ဖလံ။
စေတော ပဏိဓိ ဟေတူဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂတိံ။

၁။ သက်တော်ထင်ရှား မြတ်ဘုရား၊ လှူငြားကျိုးကြီးမှန်
၂။ နိဗ္ဗာန်စံသွား မြတ်ဘုရား၊ လှူငြား ထို့တူမှန်။
၃။ လှူသူ့စိတ်သာ လိုရင်းပါ၊ မှတ်ပါစိတ်ထားမှန်။
၄။ ဗောဓိညောင်တော် လှူဒါန်းသော်၊ ရှင်ပျော်နတ်တို့ထံ၊

ဟူသောတရားတော်ကို ယုံကြည်စွာလက်ခံပြီးသူများ ဖြစ်သော ကြောင့်သာယခုကဲ့သို့ မပျက်မကွက်ဝတ်ပြုနိုင်ခြင်းဖြစ်ချေသည်၊

## မဟာဗောဓိပင် အတိုင်းအတာ

| | | |
|---|---|---|
| ၁။ ပထမပလ္လင်အမြင့် | ၁၀ | ပေ |
| အရှေ့အနောက် | ၇၂ | ပေ |
| တောင်မြောက် | ၇၂ | ပေ |

ရှိသည်။

ဤ ပလ္လင်ကို ပင်းတလဲ မင်းလက်ထက် ဦးပိန်၏သာ ဦးသောကြာကကောဇာသက္ကရာဇ် ၁၀၁၅ ခုနှစ်မှ ၁၁၂၁ခုနှစ် အထိ ၅-နှစ်တိုင်တိုင် ပြုပြင်လှူဒါန်းခဲ့၏။

၂။ ဒုတိယပလ္လင်အမြင့် ၁၂ ပေ
အရှေ့အနောက် ၁၂၃ ပေ
တောင်မြောက် ၁၀၄ ပေ
ရှိသည်။

ဤဒုတိယပလ္လင်က ပထမပလ္လင်ကို ငုံ၍ တည်ထားသည်၊ ဤအကြိမ်၌မူ ဇေယျဝတီကျောင်း ဆရာတော် ပထမကျော် ဦးအာစာရ က သက္ကရာဇ် ၁၂၃၂-ခုနှစ်တွင် သင်္ဘောပုံသဏ္ဍာန် ပြုလုပ်လှူဒါန်းခြင်းဖြစ်သည်။


၃။ တတိယပလ္လင်အမြင့် ၁၀ ပေ
အရှေ့အနောက် ၅၂ ပေ
တောင်မြောက် ၃၄ ပေ
ရှိသည်။

ဤအကြိမ်၌မူ-ပင်းမြို့ စတုတ္ထမြောက်ဆရာတော်ဦးကုမာရနှင့် ဆရာ ဦးဘိုးရင် အမှူးပြုသောဂေါပကအဖွဲ့၊ ကျောင်းကုန်းရွာ ဦးစံငြိမ်း၊ ဒေါ်ဂုံကြီး၊ ဦးသိန်း၊ ဒေါ်မင်းစိုးတို့နှင့်အများ ပြည်သူတို့၏ကောင်းမှုပင်ဖြစ်သည်၊ (ယခုဖော်ပြရာပါဆရာတော် များ၊ ဒကာ ဒကာမ အလှူရှင်များမှာ ချုပ်ပျောက်ကုန်ဆုံး ခဲ့ကြလေပြီ....။ အလုံးစုံသော သင်္ခါရတရားတို့သည် မမြဲခြင်း၊ အစိုးမရခြင်းသဘောရှိကြလေကုန်၏တကား။)

## ထူးခြားသောဖြစ်ရပ်များ

၁၂၃၂-ခုနှစ်တွင် ပထမကျော်ဦးအာစရသည် မဟာဗောဓိ ပင်အား သင်္ဘောပုံ ပလ္လင်ခံ၍ ပြင်ဆင်ပူဇော်သည်၊ ပလ္လင်နှင့်

ၦယၤၣ်ငၢ်ခိၢ်ဖိၤဖွဲငၢၤငဟၢၵ့ၣ်းၣ်ၢ ငလၢခဲးကြိၢ်ယွဲၣ်ငထၤၣ်ၢ ၦထၤၢၵ့ၢ်စၣ်ၣ်ၦ်



ဗောဓိကိုင်းမလွတ်သဖြင့် ဗောဓိကိုင်းများကို ခုတ်ဖြတ်ချသည်၊ သို့သော်-ထူးဆန်းစွာဖြစ်ရပ်ကြောင့် အံ့သြကြရ၏၊ ဗောဓိကိုင်းသည် မြေပေါ်သို့ လုံးဝမကျပဲ ပလ္လင်ပေါ်တွင် စိုက်ကျနေသည်၊ ထို့ပြင်တဝ၊ ဗောဓိပင်မှ တန်ခိုးတော်အမျိုးမျိုးများကိုလည်း ဖူးမြင်တွေ့ရှိကြရသည်၊ ထိုအပင်မှ ဗောဓိသီးကိုယူ၍—

၁။ ငွေးချို-ရန်ဦးနိမ်ကျောင်း တပင်၊
၂။ မျက်ရဲကန်ရွာလေးကျောင်း တပင်၊
၃။ မှိုက်ပင်ရေမလာကျောင်း တပင်၊
၄။ ထန်းတောဦးကျောင်းတွင် တပင် စိုက်ပျိုး ပူဇော်လေသည်။

**မဟာဗောဓိ ရွှေညောင်တော် ဂေါပကအဖွဲ့**

| | |
|---|---|
| ဦးဖိုးကျန် | ဥက္ကဋ္ဌ |
| ဦးကျော်ငြိမ်း | အတွင်းရေးမှူး |
| အဖွဲ့ဝင်ပုဂ္ဂိုလ်များ | ၁၇-ဦးရှိသည်(၁၃၃၄-ခုအဖွဲ့) |

**၁၃၄၅-ခုနှစ် ဂေါပကအဖွဲ့မှာ**

| | |
|---|---|
| ဦးဖိုးကျန် | ဥက္ကဋ္ဌ |
| ဦးတင်ထွန်း | အတွင်းရေးမှူး |
| ဦးမာ | အဖွဲ့ဝင်၊ ကျန်ပုဂ္ဂိုလ် (၁၇)ဦး |

**စိမ်ဆောင်ရှက်ပုံများ**

ရွှေညောင်တော်ပွဲတော်မှ နှစ်စဉ်ရရှိသော အလှူငွေများဖြင့် ပလ္လင်တန်ဆောင်းများ ပြုပြင်မွမ်းမံခြင်း၊ မဟာရံတံတိုင်းဆောက်

လုပ်ခြင်း၊ ပွဲတော်ရက်အတွင်း ပင့်သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းတို့ကို ဖွယ်ဖွယ်ရာရာချက်ပြုတ်လှူဒါန်းခြင်း၊ညနေပိုင်း၌အဖျော်ယမကာများ ဆက်ကပ်ခြင်းပြုကြသည်။

ဤပွဲတော်သို့ ကြွရောက်ချီးမြှောက်ကြသော ဆရာတော် သံဃာတော် တို့တွင် ၅-ဝါရမှ သည် ဝါတော် ၂ဝ-၃ဝ အထိရှိသော မဟာထေရ်များလည်း ပါဝင်ပေသည်၊ကြွရောက်လာကြသော ဆရာတော် သံဃာတော်တို့သည် **"မဟာဗောဓိ ရွှေကျောင်တော်"**အားကျောင်ရေတော်သွန်းဖျန်းခြင်း၊ဆီမီးကပ်လှူခြင်း၊ ဗောဓိကျောင်ရွက်ချောက်များအား လှည်းကျင်းခြင်းပြုကြသည်၊ ထို့ပြင် ဗုဒ္ဓါနုဿတိ ဘာဝနာပွားများ၍ မေတ္တာကမ္မဋ္ဌာန်းကိုလည်း စီးဖြန်းတော်မူကြသည်။

ပင်းဒေသမှ ဆရာတော် သံဃာတော်တို့သည် တနှစ်တကြိမ် ရက်ရှည်စွာ တွေ့ကြုံရသော ဤပွဲတော်ဝယ်- မျက်မှောက်ခေတ် သာသနာရေးများကိုလည်း ဆွေးနွေးကြ၊ မေးမြန်းလျှောက်ထားကြသည်။

> သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ၊
> သုခါ သဒ္ဓမ္မဒေသနာ။
> သုခါ သံဃဿ သာမဂ္ဂီ၊
> သမဂ္ဂါနံ တပေါ သုခေါ။

၁။ ဘုရားပွင့်လာ၊ များသူငါ၊ ချမ်းသာပွားရသည်။
၂။ ဓမ္မဒေသနာ၊ နာရတာ၊ ချမ်းသာပွားရသည်။

၃။ ညီညွတ်သံဃာ၊ နေရတာ၊ ချမ်းသာပွားရသည်။
၄။ စည်းလုံးညီညာ၊ ကျင့်သုံးတာ၊ များစွာချမ်းသာသည်။
(ဓမ္မပဒအဋ္ဌကထာ)

ပင်းမြို့ဒေသမှ ဆရာတော် သံဃာတော်တို့သည် ဤတရားတော်လာအတိုင်း ရှေးမဆွကပင် ကျင့်သုံး ဆောက်တည်တော်မူခဲ့ကြ၍၊ ယင်းကြောင့်ပင် ပင်းဒေသ၌ ယနေ့တိုင်ဂိုဏ်းကွဲခြင်း၊ အဓိကရုဏ်းဖြစ်ခြင်းများ အလျဉ်းပင် မရှိပေ။ [(နတ်မောက်မြို့နယ် တနယ်လုံး၌မြန်မာလူမျိုး တမျိုးတည်း၊ သုဓမ္မာတဂိုဏ်းတည်းသာရှိပြီး၊ သံဃာတော်ဦးရေမှာ အပါး (၅၀၀)ကျော်ရှိသည်။)]

ပင်းမြို့မ ကျောင်းသည် မင်္ဂလာစာမေးပွဲနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲများ လက်ခံကျင်းပရာဌာနလည်းဖြစ်သည်၊ ဤအခြေခံဘာသာရေး စာမေးပွဲများ ဆောင်ရွက်ကျင်းပရာ၌လည်း ဆရာတော်တို့သည် အထက်ပါတရားတော်ကိုပင် နှလုံးသွင်း၍ ဆောင်ရွက်တော်မူကြပေသည်။

## စေ့စပ်သေချာ ဇီမံကာဖြင့်

ပင်းမြို့မကျောင်းတိုက်သို့ ဆရာတော်ဦးဗာကုလ ကြွရောက်သီတင်းသုံးစဉ်မှစ၍ မဟာဗောဓိပင် ဝေါပကအဖွဲ့ကို စနစ်တကျထပ်မံဖွဲ့စည်းဆောင်ရွက်ကြသည်၊ နှစ်စဉ်ရရှိသော အလှူငွေများကို စာရင်းအတိအကျဖြင့် ရေးမှတ် ဆောင်ရွက်ကြသည်၊ ယခုအခါ ငါးသောင်းတန် အင်ဂျင်မီးစက်ကြီး ငယ်ယူပြီး မဟာဗောဓိပင်နှင့် ဘုရားစေတီများအား ညစဉ်မီးပူဇော်ထားသည်။

ရွှေကျောင်းတော်ပွဲတော်မှ နှစ်စဉ်ရရှိသော ဗောဓိသန္တက ဘဏ္ဍာတော်များကို စနစ်တကျပြုလုပ်ထားသည်မှာ ဝမ်းမြောက်ဖွယ်ရာဖြစ်သည်။

**ရွှေကျောင်းတော် ဘုရားပွဲ နှစ်အလိုက်ရငွေများ**

| | | |
|---|---|---|
| ၁၃၃၄-ခုနှစ်ရငွေ | | ၁၂၈၅ - ၀၀ |
| ၁၃၃၅- | ။ | ၁၇၀၁ - ၆၀ |
| ၁၃၃၆- | ။ | ၂၁၅၀ - ၀၀ |
| ၁၃၃၇- | ။ | ၂၅၀၀ - ၀၀ |
| ၁၃၃၈- | ။ | ၃၁၉၅ - ၀၀ |
| ၁၃၃၉- | ။ | ၈၀၂၆ - ၀၀ |
| ၁၃၄၀- | ။ | ၄၀၃၂ - ၀၀ |
| ၁၃၄၁- | ။ | ၃၁၂၁ - ၀၀ |
| ၁၃၄၂- | ။ | ၂၄၄၅ - ၀၀ |
| ၁၃၄၃- | ။ | ၂၅၁၆ - ၀၀ |
| ၁၃၄၄- | ။ | ၄၇၈၄ - ၀၀ |
| ၁၃၄၅- | ။ | ၈၅၉၅ - ၀၀ |
| (၁၂) နှစ်အတွင်း ရရှိငွေ စုစုပေါင်း | | ၄၄၃၅၀ - ၆၀ |

**မဟာဗောဓိ ရွှေကျောင်းတော်ရှက်အတိုင်းအတာ**

အလျား ၈-လက်မခွဲရှိ၏၊ အနံ ၆-လက်မ တမတ် ရှိ၏၊ ဤအတိုင်းအတာကို လွယ်အောင်လက်ဖြင့် စီထားသည်မှာ-

ရွှေညောင်ရွက်များ + အလျားရှည်စွာ၊
ရှစ်လက်မခွဲ + မလွဲမှန်စွာ။
ခြောက်လက်မမှတ် + တမတ်နံသာ၊
အကြီးဆုံး + တို့ဘုန်းဗောဓိသာ။

(နန်းဦးဆရာတော်)

**မဟာဗောဓိ ဘုရားရှိခိုး**

၂။ ဝန္ဒေ-ဝန္ဒေယျ မဿတ္ထံ၊ ယတ္ထ သန္တိဇိတော ဇိတော။
ကာမော ကာမောဿ တိဏ္ဏေန၊ ဗုဒ္ဓေန ဝသတာ သတာ။

ယတ္ထ၊ အကြင်ဗောဓိညောင်ဗွေ – ဗုဒ္ဓပေဉ္စ။ ဝသတာ၊ ဝသန္တေန၊ စံနေတော်မူဆဲဖြစ်ထသော။ သတာ-သန္တေန၊ သူတော်တကာတို့ထက် ဦးသျှောင်အခေါင်အဖျား သူတော်ကောင်းအမြတ်စားကြီးလည်းဖြစ်တော်မူပေထသော။ ကာမော ဿတိဏ္ဏေန၊ ကာမမှန်တိုင်းကာမလှိုင်းတို့ဖြင့် ရိုင်းဇိုင်းကြမ်းတမ်းသော သံသရာမှထွက်ခွာ ကူးမြောက်တော်မူထသော။ ဗုဒ္ဓေန၊ သစ္စာလေးပါး တရားသိမြင် ဘုရားရှင်သည်။ ကာမော၊ ညောင်ဗုဒ္ဓပေ-ပလ္လင်ဗွေငယ်၊ ကြိတ်ချေနှိပ်နင်း၍ အတင်းတိုက်ခိုက်ရန်ချီတက်လာသော မာရ်နတ်အယုတ်တမာကြီးကို။ သန္တိဇိတော၊ ပါရမီတရားမြတ်ဆယ်ပါးတို့ဖြင့် ကြိမ်းဝါး ခြောက်လှန့် အပ်သည်ဖြစ်၍။ ဇိတော၊ မလှန်ဝံ့ပဲ ရန်ညွန့်တုံးစေ ညက်ညက်ကြေအောင် ကြိတ်ချေအောင်မြင်တော်မူအပ်လေပြီ။

ဝန္ဒေယျံ၊ ရှိခိုးဦးခိုက် ပူဇော်အပ်သော။ တံ-အသျှင်ကို၊ ထိုမာရ်နတ်မင်းကိုနှိမ်နင်းအောင်မြင်ရာ မဟာဗောဓိ သီရိဖြိုးလှိုင် မဏ္ဍိုင်အောင်ခန်း၊ ရွှေညောင်နန်းကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ၊ အကြိမ်ကြိမ်မြတ်နိုး အဖန်ဖန်တုပ်ဝပ်လျှိုး၍ ရှိခိုးပူဇော်ပါ၏အရှင်ဘုရား။ (သဒ္ဒနီတိကျမ်း)

## ဗောဓိပင်စောင့် ပုဂ္ဂိုလ်များ

၁။ ဗောဓိပင်ခြေ၊ နဂါးမြွေ၊ မသေ့စောင့်စမြဲ။


၂။ အထက်ဖျားတွင်၊ ဗြဟ္မာပင်၊ မှန်ပင်စောင့်စမြဲ။

၃။ ခက်လက်မညှိုး၊ ဗိဿနိုး စောင့်ရှိုးမှန်မလွဲ။

၄။ ပင်စည်လုံးငုတ်၊ စောင့်ကြပ်လတ်၊ မည်နတ်ဘုမ္မစိုး။

၅။ ရွက်ကြီးရွက်ငယ်၊အသွယ်သွယ်၊ စောင့်ကွယ်ရသေ့မျိုး။

အခန်း ၄-ပြီး၏



## အခန်း—၅

ပင်းမြို့၏မူလအစသည် ဂေါမံရသေ့မှ စတင်ခဲ့ပေသည်၊ ယင်းရသေ့၏ အတ္ထုပ္ပတ္တိကို ဆရာတော် ဦးတေဇဝန္တပြုစုသော စာအုပ်တွင် ဖတ်ရှုရပါသည် ပင်းမြို့အကြောင်း ရေးကြပြောကြလျှင် ဤရသေ့အား ချန်လှပ်ထား၍မရပါ၊ သင့်လည်းမသင့်လှပါပေ၊ ယင်းကြောင့်ရသေ့တို့ အကြောင်းနှင့် ဂေါမံရသေ့အတ္ထုပ္ပတ္တိကို ထည့်သွင်းရေးသားလိုက်ပေသည်။

### ဗုဒ္ဓခေတ်က ရသေ့များ

ဗုဒ္ဓရှင်တော်မြတ်သည် ဉရုဝေဠကဿပ၊ နဒီကဿပ၊ ဂယာကဿပဟူသော ရသေ့ညီနောင်သုံးဦးအဖွဲ့(ရှင်တထောင်)အား တန်ခိုးအမျိုးမျိုးပြ၍ချွေချွတ်တော်မူခဲ့သည်၊ရသေ့အားလုံးပင် အကျွတ်တရားရပြီး ရဟန်းအသွင်ကူးပြောင်းကြသည်၊ ရဟန္တာများလည်း ဖြစ်သွားကြလေသည်။

အဂ္ဂိဒတ္တအမှူးပြုသောရသေ့ ၅၀၀-တို့သည် သစ်ပင်၊တော၊ တောင်၊ နတ်ကွန်းများကို ကိုးကွယ်ရာဟု ယူဆ ပြောဆိုကြသည်၊ ကျင့်သုံးလိုက်နာနေကြသည်၊တနေ့သ၌ မြတ်စွာဘုရား၏

အမိန့်အရ အရှင်မောဂ္ဂလာန် ထေရ်သည် ထိုရသေ့ တို့အား တန်ခိုးပြ၍ ချေချွတ်တော်မူသည်၊ အကျွတ်တရားမရမီမှာ ဗုဒ္ဓ ကြွလာတော်မူပြီး သစ္စာလေးပါး ဟောတော်မူသည်၊ ယင်း နောက် ကိုးကွယ်ရာအမှန်ရပြီး ရဟန္တာများဖြစ်လာသည်။

ဗုဒ္ဓခေတ်က ရသေ့များရှိသေးသည်၊ သို့ရာတွင် ၎င်းတို့သည် သာသနာအဖွဲ့အစည်းအတွင်းမှ မဟုတ်ကြပါ၊ ဘုရားသားတော် များလည်း မဟုတ်ကြပါ၊ ယင်းတို့ဘာသာ ယုံကြည်ရာ ယူဆ ပြောဆိုကျင့်သုံးနေထိုင်သူများပင် ဖြစ်ကြသည်။

## ရသေ့တို့အကြောင်း

ငါးရာ့ငါးဆယ်ဇာတ်တော်များ၌ ဖတ်ရှုကြည့်လျှင် ရသေ့ တို့အကြောင်းကို ကောင်းစွာတွေ့မြင်နိုင်သည်၊ တန်ခိုးရှိသော ရသေ့ တန်ခိုးမဲ့သော ရသေ့ဟူ၍ ရသေ့မျိုးစုံ မြင်နိုင်သည်၊ စဉ်းလဲသောရသေ့နှင့် ဖြောင့်မတ်သောရသေ့ဟူ၍လည်းတွေ့နိုင် ပေသည်၊ အလိုရှိသူများ ရှာဖွေကြည့်ရှုပါလေ။

ဗုဒ္ဓရှင်တော်မြတ် တောထွက်လာစဉ်က အာဠာရ ရသေ့နှင့် ဥဒကရသေ့ ဆရာနှစ်ဦးထံ နည်းနာယူ၍ တရားအားထုတ်ခဲ့ပေ သေးသည်၊ ထိုဆရာရသေ့တို့သည် ရသေ့စွမ်းအားဖြင့်ရှာဖွေ အားထုတ်ကြခြင်းဖြစ်ရာ၊ ဗြဟ္မလောက ၂၀-တွင်မက အမြင့် ဆုံးဘုံသို့ပင် တက်ရောက်နိုင်ကြသည်၊ ကွယ်လွန်သောအခါတွင် လည်း ဗြဟ္မာပြည်ရှိအမြင့်ဆုံးဘုံ၌ ဖြစ်ကြရသည်၊ ဤရသေ့ နှစ်ဦးမှာ လောကုတ္တရာတရား ရှာမှီးသော ရသေ့များ ဖြစ်၍ ကြည်ညိုဖွယ်ရာကောင်းပေသည်။

## ရသေ -၈-မျိုး

မေမ္မပဒအဋ္ဌကထာတွင်လည်း ကြည်ညိုဖွယ်ရာ ဆောင်သော အလောင်းတော်ရသေ့များအကြောင်း ကောင်းစွာဖတ်ရှုနိုင်ကြသည်။

ရသေ့ဟူသည်-အမျိုးအစားအားဖြင့် ရှစ်မျိုးရှိသည်။

၁။ **သပုတ္တဘရိယရသေ့**-အိမ်ရာထောင်သော လူများကဲ့သို့ ပင် ပစ္စည်းဥစ္စာ ရှာဖွေ၍ နေဆောင်းကာ သားမယား ရှိသောရသေ့။

၂။ **ဥဉ္ဆာစရိယရသေ့** - ကောက်နယ်သော တလင်းသို့ သွားပြီး စပါး ပဲ ပြောင်း စသည်တို့ကို အလှူခံပြီး ချက်ပြုတ်စားတတ်သောရသေ့။

၃။ **အနဂ္ဂိပက္ကိကရသေ့** - ဆန်၊ ပဲ၊ စသည်ကို အလှူခံချက် ပြုတ်စားသောရသေ့။

*၄။ **အသာမပါကရသေ့** - ရွာနိဂုံးမြို့သို့ လှည့်လည်ကာ ချက်ပြုတ်ပြီး ဆွမ်းခံစားသောရသေ့။

၅။ **အသ္မမုဋ္ဌိကရသေ့** - ကျောက် လက် နက် စသည်ဖြင့် သစ်ခေါက်ကိုခွာ၍ စားသောရသေ့။

၆။ **ဒန္တဝက္ကလိက**ရသေ့ - သွားဖြင့် သစ်ခေါက်ကိုခွာစား ရသော ရသေ့။

၇။ **ပဝတ္တဖလဘောဇနရသေ့** - ခဲ၊ တုတ်၊ လုံ၊စသည်ဖြင့် သစ်သီးကို ပစ်ခတ်ခူးစားသောရသေ့။

၈။ **ပုပ္ဖုပ္ပလာသိကရသေ့** — အလိုလို ကြွေကျသော သစ်သီး သစ်ပွင့် သစ်ရွက်များကိုကောက်စားရသော ရသေ့ဟူ၍ ရှစ်မျိုးရှိ၏။

(သုတ္တနိပါတ် အဋ္ဌကထာ ပထမအုပ် ၃၁၀)

ဤသို့ ရသေ့အမျိုးမျိုးရှိရာတွင် အချို့တန်ခိုးကြီးရသေ့များမှာ အတိတ်ကမ္ဘာ (၄၀) အနာဂတ်ကမ္ဘာ(၄၀)ပေါင်း (၈၀)ကိုပင် သိမြင်နိုင်ကြ၏၊ ဈာန်အဘိညာဉ်ကိုရသောရသေ့လည်းရှိ၏၊မရသောရသေ့လည်းရှိပေသည်၊ များသောအားဖြင့် ဤရသေ့တို့သည်ဘုရားသာသနာထွန်းကားချိန်မျိုးတွင်အရောင်မှေးမှိန်နေကြသည်၊ နေရောင်အောက်ကျရောက်လာသောပိုးစုန်းကြူးသဖွယ်ပင် ဖြစ်ချေသည်၊ သို့ရာတွင် သာသနာပကာလများ၌မူ လူအပေါင်းတို့၏ ဆရာကြီးများဖြစ်ကြပြီး မင်းနှင့်ပြည်သူတို့၏ အကိုးအကွယ်ခံဖြစ်ပေ၏၊ကုသိုလ်ဖြစ်ရန် ညွှန်ပြနိုင်ကြ၏၊

ဤရသေ့တို့၏ ပေါ်ရာအစ ကိုကား မည်သူမှ မသိနိုင်၊ ကမ္ဘာဦးကာလကပင် ဖြစ်ပေါ်ခဲ့၏ဟု ကျမ်းစာများက ဆိုမိန့်ကြပေသည်။

## မြန်မာအမျိုးသားရသေ့

မန္တလေးရသေ့ကြီး ဦးခန္တီမှာ မြန်မာအမျိုးသား ဖြစ်ပြီး ရသေ့ဘာဖြင့် ဗုဒ္ဓသာသနာတော်အား ပြုစုသွားပုံမှာ- လူသာမန်တို့၏ မတွေးရဲအောင်ပင်ရှိလှ၏၊ ရသေ့ကြီး၏ကောင်းမှုများမှာ မြန်မာပြည်တဝန်း များပြားလှလေသည်။

## ဆရာရသေ့၏ တမာရွက်ဥပမာ

ရှေးအခါက ဗာရာဏသီမင်းတွင် ရုန့်ရင်းကြမ်းကြုတ်သော သားတော်တပါးရှိ၏၊ ထိုသားတော်ကို မယ်တော်ခမည်းတော်တို့ ဆိုဆုံးမ၍မရ၊ ဆွေမျိုးတို့ကလည်း ဆိုဆုံးမ၍မရနိုင် ရှိလေသည်။

တနေ့သောအခါမင်းကြီးသည်သားတော်ကိုခေါ်၍ ဥယျာဉ်တော်သို့သွား၏၊ ထိုဥယျာဉ်၌ မင်းကြီးကိုးကွယ်သော ဆရာရသေ့ရှိ၏၊ ထိုရသေ့သည် ပညာရှိ၏၊ သီလရှိ၏၊ ဆံရာရသေ့ ဆုံးမမှသာ သားတော်လိမ္မာတော့မည်ဟု ကြံစည်ဝိတ်ကူးလျက် သားတော်ကို ရသေ့ထံ အပ်နှံ၍ ပြန်ခဲ့၏။

တနေ့သောနံနက်အချိန့်တွင် ဆရာရသေ့သည် မင်းသားကို ခေါ်၍ ဥယျာဉ်တော်အတွင်း လှည့်လည်သွား၏၊ တနေရာသို့ ရောက်သောအခါ ပေါက်ခါစ တမာပင်ငယ်ကိုမြင်လျှင် မင်းသားအား ရသေ့က ဤသို့ဆို၏။

ဤသစ်ရွက်ကို စား၍ အရသာကို မြည်းကြည့်စမ်းပါဟု ဆို၏။

မင်းသားသည် သစ်ရွက်တရွက်ကို ခူး၍ဝါးသည်၊ အရသာခါးလှသောကြောင့် ထွီဟူ၍ ထွေးထုတ်လိုက်သည်။

မင်းသား၊ အဘယ့်ကြောင့် ထွေးထုတ်ပစ်သနည်းဟု ဆရာရသေ့ကမေး၏။

အရှင်ဘုရား၊ ဤသစ်ပင်သည် ပေါက်ကာစဖြစ်သော်လည်း ခါးလွန်းလှ၏၊ ကြီးသောအခါတွင်ကား မည်သို့ဆိုဖွယ်ရှိလိမ့်မည်နည်း၊ ဤသစ်ပင်၏ အရွက်သည် အဆိပ်နှင့်တူပါသည်ဟု လျှောက်၍ တမာပင်ငယ်ကို ဆွဲနှုတ်ကာ လက်ဖြင့်ချေ၏။

ထိုအခါ ရသေ့သည် မင်းသား ဤတမာပင်သည် ယခုပင် ဤမျှခါးလျှင် ကြီးသောအခါ ပို၍ခါးမည်ကို သင်အသိမဟုတ်ပါလော၊ သင်မင်းသားသည်လည်း ဤတမာပင်ကဲ့သို့ပင် ယခုငယ်ရွယ်စဉ်က ဤမျှရုန့်ရင်းကြမ်းကြုတ်လျှင် ကြီးသောအခါ ပို၍ပင် ရုန့်ရင်းကြမ်းကြုတ်ပေလိမ့်မည်၊ ထိုအခါ တိုင်းသူပြည်သားများက သင့်ကိုနှင်ထုတ်ခဲ့သော် မခက်ပါလား၊ ထို့ကြောင့် သင်မင်းသားသည် ယနေ့မှစ၍ ရုန့်ရင်းကြမ်းကြုတ်မှုကို ပယ်ဖျောက်ပြီးလျှင် အရာရာတွင် သည်းခံပါ၊ သူတပါးကို ချစ်ခင်ပါ သနားပါဟု ဆုံးမ၏။

ထိုအခါမှစ၍ မင်းသားသည် ရုန့်ရင်းကြမ်းကြုတ်မှုကို ပယ်ဖျောက်၍ အရာရာတွင် သည်းခံ၏၊ သူတပါးကို ချစ်ခင်၏၊ သနား၏၊ ခမည်းတော်လွန်သောအခါ မင်းအဖြစ်သို့ ရောက်လေလျှင် တိုင်းသူပြည်သားတို့ကို ရင်ဝယ်သားကဲ့သို့ အုပ်ချုပ်လေ၏။

(ပညာရေး ဝန်ကြီး ဌာနမှ ထုတ်ဝေသော တတိယတန်း မြန်မာဖတ်စာအုပ် ၄၂-မှ ဖော်ပြချက်)။



ဂေါဓံရသေ့ ကျောင်းသခ်မ်းဆောက်၍ နေသွားခဲ့သော
သမိုင်းဝင် သပြေပင်ညီနောင်
(လုံးပတ် ၁၄-တောင်ရှိ၍ ပင်ခြေတွင် လူ၁၀-ယောက်အိပ်နိုင်သော
သစ်မြစ်ပလ္လင်ကြီးများ ရှိသည်)

## ဂေါဝံ ရသေ့

[ဂေါဝံရသေ့သည် ဝိဇ္ဇာဓိုရ်တို့၏အတတ် အပြီးတိုင် တတ်မြောက်တော်မူသဖြင့် သတိုးသစ္စာမင်းတရား၊ စောထိပ်တင်မင်းတရား၊ သဒ္ဒေးစိတ္တတို့အား ခေါ်ဆောင်၍ ဝိဇ္ဇာအဖြစ်သို့ ကူးပြောင်းသွားလေသည်။]

ဤစာစုတို့မှာ မန္တလေးမြို့ ကျောက်ရုံးကြီး တောင်ဘက် ဆိမီးထွန်းတိုက်အုပ် ဆရာတော် ဦးတေဇဝန္တ ရှာဖွေစုဆောင်း ရေးသားသော "မဟာဗောဓိရွှေညောင်တော်သမိုင်းနှင့် ပင်းမြို့သမိုင်း"စာအုပ်မှ တိုက်ရိုက်ဖော်ပြချက်များဖြစ်သည်။

ဤစာကိုထောက်လျှင် ဂေါဝံရသေ့သည် လောကုတ္တရာတရားကို အားထုတ်သော ရသေ့မဟုတ်၊ အထက် ဖော်ပြပါ ရသေ့ရှစ်မျိုးတွင် အမှတ်(၄)ပါ ရသေ့မျိုး ဖြစ်သည်။

## ဂေါဝံရသေ့၏ ဇာတိ

ဝိဇ္ဇာဓရ- အတတ်ပညာအမျိုးမျိုးကိုကျွမ်းကျင်တတ်မြောက်သူ ဂေါဝံရသေ့ကား ဝိဇ္ဇာဓိုရ်အတတ်ပညာမျိုးစုံ တက်ပြီးဖြစ်သည်ဆို၏၊ ၎င်းသည် ကလိင်္ဂတိုင်းမှ ပုဏ္ဏားမျိုး ဖြစ်ပြီး ဥစ္စာဓနကြွယ်ဝသူ၏ သားကြီးဖြစ်သည်၊ဟိန္ဒူပြဟ္မဏမျိုးနွယ်ဝင်ဖြစ်၏။

ပုပ္ပားတောင်ကြီး၏ အရှေ့တာပေါင်းသုံးထောင်အကွာတွင် သပြေညိုတောအုပ်ကြီးသည် ရှေးကထူထပ်စွာတည်ရှိခဲ့၏၊ ထိုတောအုပ်၏တခုသောသပြေနှစ်ပင်ကြားတွင်သစ်ခက်တဲကျောင်း

ဆောက်၍ ဦးစွာသိတင်းသုံးခဲ့သူမှာ ဂေါမံ ရှင်ရသေ့ ဖြစ်၏၊ သမိုင်းလင်္ကာတွင် အောက်ပါအတိုင်း တွေ့မြင်ဖတ်ရှုနိုင်သည်။

## ဂေါမံရသေ့၏ အမှုအရာများ

"ရှေးသရောအခါ ကလိင်္ဂါဟု မည်သာတွင်ပြီး ထိုပြည်ကြီးတွင် ဝေးနီး ကြေငြာ များဥစ္စာနှင့် ပညာထင်ရှား ထိုပုဏ္ဏား၏ သားဩရသ ချစ်မစကား ငယ်ကလိမ္မာ နှုတ်ပညာနှင့် ဘာသာစကား တတ်မြောက်ငြား၍ များသည်သိပ္ပ ဟူသမျှကို တစမကျန် သင်အံ လေ့ကျက် နှုတ်တက်ရွရွ တတ်စွန်းလှ၍ လောဘသန့်ရှင်း ပြစ်မျိုးကင်းအောင် အိမ်မထောင်ပဲ ယူဆောင်ခွာလျက် တောသို့ထွက်မှ ချောညက်ညံ့ပြေ သစ်နက်ရေကို စိတ်နေ ချမ်းမြေ့ ဝတ်ခြုံ၍လျှင် ရသေ့ အင်္ဂါ ညီညာစုံလင် ပြည့်စွာဆင်လျက် တပင်နေနား တပင်သွား၍ ပန်းအားဖြေဖြေ ကြွသွား လေသော် ညွန့်ဝေခက်လက် အရွက်စိတ်စိတ် အရိပ်ချမ်းအေး ညစ်ကြေးမထင် သပြေပင်ကြီး မြရိပ်ထီးနှင့် ဇနီးစက်ခါ သဲမွေ့ရာထက် နေ့ခါသန့်ရှင်း ငွေသဲခင်း၍ နေ့ခင်း လျောက်ပတ် ကျောင်းအမှတ်ဖြင့် ကျိန်းဝပ်ချမ်းမြေ့ ပျော်ပါး၍လျှင် ကောင်းကင်ပျံတက် ငှက်၏ပမာ ဝိဇ္ဇာ တို့လမ်း အခန်းခန်းကို စူးစမ်းစိမံ ကြိုးပမ်း ကြံလျက်

ဂေါ်မည်ခေါ် ရသေ့ကျော်ဟု ထင်ပေါ်တိုင်းလုံး
အံ့မဆုံးသည် ပြိုင်နှုန်းဖက်မဲ့ပညာတည်း....''။
(ပင်းမြို့ပေစာ ပုဒ်ရေ ၂၂-မှ)

## ရှင်ရသေ့အား ပထမဆုံးဖူးတွေ့ရသူ

ရှေးကတကောင်းပြည်ကြီးသည် ယခုအခါ ကသာမြို့နယ်တွင် မထင်ရှားသော ရွာသိမ်ရွာငယ်လေး မျှသာ ကျန်ရှိတော့၏၊ တကောင်းပြည်ကြီးကောင်းစားခဲ့စဉ်က အထိမ်းအမှတ်များဖြစ်သော မြို့ရိုးဟောင်းနှင့် စေတီအိုတို့ကား ဟိုမှာတစု သည်မှာတစု ကျန်ရှိပေသည်။

ဤမည်သော တကောင်းပြည်ကြီးတွင် မဇ္ဈိမဒေသမှ သာကီဝင် ''**အဘိရာဇာ**''မင်းသည် ပထမဆုံးသော တကောင်းမင်းဆက်ကို တည်ထောင်ခဲ့၏၊ ဤမင်း၌ ကံရာဇာကြီး-ကံရာဇာငယ်ဟူသော သားနှစ်ယောက်ရှိရာ သားငယ်ကနန်းရသဖြင့်သားကြီးဖြစ်သူမှာ ပထမ၌ ကလေးကျေးတောင်ညိုအရပ်တွင် ၆-လ ဗိုလ်ဝင်ခံပြီး ''**ကစ္ဆပနဒ်မြစ်**'' အရှေ့ဘက်တွင် ''**ကျောက်ပန်းတောင်း**'' မြို့သစ်ကိုတည်ထောင် စိုးစံရလေသည်။

တကောင်းပြည်ကြီးတွင် အဘိရာဇာမင်းမှ စ၍ မင်းဆက် (၃၃)ဆက် စိုးစံခဲ့၏၊ ယင်း၌ (၃၃) ဆက်မြောက်မင်းမှာ ''ဘိန္နက'' အမည်ရှိ၏၊ ယင်းအား တရုတ်တို့တိုက်ခိုက်ဖျက်ဆီးလျှင် မိဖုရား နာဂဆိန်နှင့် အခြွေအရံတို့သာ ကျန်ရစ်တော့၏၊ ထိုအခါ အိန္ဒိယမြောက်ပိုင်းမှ ''**ဓဇရာဇာ**''မည်သော သာကီဝင်

မင်းသားလာရောက်၍ မိဖုရားနာဂဆိန်ကိုပင် သိမ်းပိုက်ကာ မင်းပြု၏၊ ဤမင်းအား ဒုတိယ တကောင်းမင်းဆက်ဟု ခေါ်၏၊ (၁၇)ဆက်တိုင်တိုင် အုပ်ချုပ်စိုးစံခဲ့ကြ၏၊ ထိုတွင် (၁၆) ဆက်မြောက် တကောင်းမင်းမှာ- **"သတိုးတိုင်းချစ်"** အမည်ရှိ၏၊ ဤသမိုင်းပါအောင်သပြေမြို့ကို စတည်ထောင်သူမှာ ဖော်ပြပါ ဒုတိယတကောင်းဆက်မှ(၁၆)ဆက်မြောက် သတိုးတိုင်းချစ်မင်းကြီး၏သားတော် "သတိုးသစ္စာမင်း" ဖြစ်ပေသည်။

တနေ့သ၌ ထိုမင်းသည် နတ်ပေးအိပ်မက်အရ မှူးမတ်စုံလင်စွာဖြင့်ရေဝတီမြစ်ရိုးတလျှောက် စုံတော်မူခဲ့လေသည်၊ယုန်လွှတ်ကျွန်းသို့ ရောက်လျှင် ကမ်းသို့တက်တော်မူ၍ အံ့ကိုးပါးနှင့်ပြည့်စုံသော ပုပ္ပားတောင်ကြီးအား အံ့သြဖွယ်ရာတွေ့မြင်လေသည်၊ ထိုတောင်ထိုတောမှ ဆက်လက်၍ ကြွချီတော် မူလာသည်တွင် သပြေမြိုင်တောင်အုပ်အတွင်းမှ သခ်မ်းကျောင်းဖြင့် သီတင်းသုံးနေတော်မူသော ဂေါ်ခံရှင်ရသေ့အားဖူးမြင်ရလေသည်၊ ဘဝဟောင်းမှပြုဖူးသော ရေစက်များကြောင့် စကားစမြည်ပြောဆိုလျှောက်ထားယင်းပင် ချစ်ကျွမ်းဝင်ပြီး ဖြစ်သွားကြလေသည်။

## **သားကိုအပ်၍ပညာသင်**

သဘိုးတိုင်းချစ် မင်းကြီးသည် ဆရာရသေ့အား ကြည်ညိုသဖြင့်လည်းကောင်း၊ မိမိသားအားလည်း ရသေ့ထံမှ ပညာများ ဆည်းပူးသင်ကြားစေလိုသဖြင့်လည်းကောင်း သားတော် "သတိုးသစ္စာမင်းသား"အား အပ်နှံ၍ တကောင်းပြည်သို့ ပြန်ကြွချီလေသည်။

## ဂေါ်ဓံရသေ့၏ သတင်းကောင်းများ

ဂေါ်ဓံရသေ့၏ ပညာသင်ကြားမှုကို နှစ်သက်လိုလားကြသော မြို့အသီးသီးမှ မှူးမတ်ဘုရင် သဌေးတို့သည် မိမိတို့၏ သားများအား ရသေ့ထံသို့ ပညာသင်ကြားရန် ပို့ဆောင်အပ်နှံကြလေသည်၊ ထင်ရှားသော မင်းသားများမှာ ပန်ထွာပြည်မှ စောထိပ်တင်မင်းသား၊ ရင်းနှင့်နို့စို့ဘက်ဖြစ်သူ သဌေးသား စိတ္တတို့ဖြစ်သည်၊ ၎င်းတို့သည် ဆရာရသေ့ထံ၌ အဋ္ဌာရသပညာရပ်များ သင်ကြားနေစဉ် တနေ့သ၌ သတိုးသစ္စာမင်း၏ ခမည်းတော် တကောင်းမင်းရောက်လာပြန်လေသည်။

## မြို့ပြတည်ထောင်ရန်ဆွေးနွေးခန်း

''အို ဒကာတော်မင်းတရား၊ဤနေရာ ဤဒေသ သည်ကား ဘူမိနက်သန် မြေကြန်လက္ခဏာကောင်းလှပေသည်၊နောင်အနာ ပတ်ကာလတွင်လည်း ဤဒေသ၌ မြတ်စွာဘုရားရှင်ပွင့်ဘော်မူရာ ဖြစ်သည့် ဗောဓိပင်တော်မှ ဒက္ခိဏသာခါတော် ကိုင်းတော် ကိုးကွယ်မည့်နေရာဖြစ်ပေသည်၊ ဘုရားသာသနာတော် စည်ပင် ထွန်းကားမည့်နေရာမှန်လည်း ဖြစ်ချေသည်၊ ဤနေရာဌာနတွင် တပည့်ဖြစ်သူ သတိုးသစ္စာမင်းသားလေးအား ထီးနန်းအသစ် တည်၍ စိုးစံစေနေသော် ကောင်းစွာအံ့ထင်ပေသည်''။

သတိုးတိုင်းချစ်မင်းကြီးသည် ဂေါ်ဓံရသေ့၏မိန့်ကြားချက် အတိုင်း ထီးနန်းအသစ်တည်စေလေသည်၊ ပညာဗလအမတ်ကြီး

ကိုလည်း အကြံပေးအဖြစ် ထားရစ်လျက် တကောင်းပြည်သို့ ပြန်ကြွတော်မူလေသည်။

## စောထိပ်တင်တို့လည်း ပြန်ကြပြီ

ပညာသင်ဘက်များဖြစ်ကြသော စောထိပ်တင်နှင့် စိတ္တတို့လည်း ပန်ထွာပြည် ပိဿနိုးမြို့သို့ ပြန်သွားကြရာ ခမည်းတော်မင်းကြီးက ထီးနန်းလွှဲအပ်တော်မူသဖြင့် 'စောထိပ်တင်' သည် ဗိဿနိုးမြို့တွင် ရှင်ဘုရင်ဖြစ်ရလေသည်။

## အောင်သပြေမြို့

ဆရာဂေါ်ခံရသော့သည် မြို့နေရာ ရွေးချယ်ရန် ပညာဗလအမတ်ကြီးအား ညွှန်ပြတော်မူသည်မှာ ''ဟောဒီသပြေပင်နားက ကျောင်းသခ်မ်းကို ဦးထိပ်ကထားပြီး အရှေ့ အနောက် တောင်မြောက် တာနှစ်ရာကွာစီချလေ၊ပြီးလျှင် ကျုံး မြောင်း အုတ်ရိုးနှင့်တကွတည်၊ မြို့အမည်ကို 'အောင်သပြေမြို့'' ဟု မိန့်ကြားလေသည်။ (အုတ်မြို့ရိုးဘောင်များ ယခုတိုင် ကျန်ရှိပေသေးသည်။)

## ပေမူပါ မြို့တည်ပုံအနေအထား

မဆွရှေးဟောင်း ရဲမက်ပေါင်းတို့ သောင်းသောင်းရှင်ပျ လုပ်ဆောင်ကြသော် ဘယ်မျှလိုတာ ဗိုလ်ပါအနေတွက်ရေဘာယ်မျှ ပေါင်းထခွဲဝေ မြို့နေခြင်းရာ အတန်းတာလျှင် အတာဘယ်လောက် မြောက်တောင်တွက်ဆ

ဘယ်မျှလောက်တာ မြို့အင်္ဂါဖြင့် ထားရာသည်များ တံခါးသွယ်သွယ် မြို့နယ်လေးရပ် သတ်မှတ်နိမိတ် ခွဲစိတ်သချာ ဝေတာမည်မျှ သိလိုလှဟု ချင့်ထစေရေ မေးတုလေသော် ဖြေစိမ့်စေ့စုံ သောတာရုံဖြင့် လူဗိုလ် တကာ စေ့စေ့နာလော မြို့တာအင်န်း ရွှေမြောက် စွန်းက ရွှေတောင်ကျအောင် တွက်ဆသေချာ ကိုး ဆယ်သာ၍ တတာအစွန်း ထိုတောင်ယွန်းမှ လှည့်ထ လယ်ယာ တောင်မျက်နှာဝယ် တာ-ငါးဆယ်ပြား တံခါးတဘာ ဗိုလ်ပါထက်ဝန်း မင်္ဂလာမြတ် ဆောင် တတ်ထွက်ရာ အမည်မှာလျှင် 'ရန်အောင်မြင်' တည့်၊ ရန် နှင့် ရန် တား ထိုတံခါးမှ နောက်တောင်ကျလျှင် တာငါးဆယ်မျှ အမှန်ရ၏၊ ထိုကဆက်ကာ နောက် မျက်နှာတွင် တာလေးဆယ့်ငါး အစွန်းပြား၌ တံခါး တတန် သုသာန်နာမ တတာရ၏၊ ထိုမှဆင့်ပွား လေး ဆယ့်ငါးတာ အဝန်းမှလျှင် နောက်မြောက်ပင်တည်း တောင်သို့ထိ၏၊ သိသိသာသာ မြေမျက်နှာမူ တာငါး ဆယ်ကျ 'ရွှေတိုးရ'ဟု ခေါ်ကြအများ တံခါးထားရာ တတာမှန်လှ သည်ကမယွန်း ရွှေမြောက်စွန်းတွင် မင်္ဂ လာတံခါး တခြားမြောက်ဆယ် စွန်းဝယ်ကိုးတာ တံခါးရာတွင် တတာဆင့်ပေါင်း အားလုံးပေါင်းရ ဂဏန်းချသော် လေးရာ့လေးသာ မြို့ဝန်းတာကို ဗိုလ် ပါရဲမက် နတ်စက်ဖျှဖျှ တာခံကြသော် ဗေ့ငကိုယ်တာ တယောက်မှလျှင် သချာစသော် တလက်သစ်မျှ၊ ဝေစု

ရ၏၊ လူများသင်းကျစ် ကေရာဇ်ရာဇာ မင်းမြတ်မှာ လျှင် ဗိုလ်ပါအပေါင်း ဆပ်ညောင်း၍ တသောင်း နှစ်ထောင် စွန်းဆောင်တရစ် နှစ်ဆယ်သာမြောက် စွန်း ရှစ်ယောက်တည့် ခယမ်းရှိ၏၊ များဘိနတ်ထွေ လူဗိုလ် ချေတို့ တွားရေးယဉ်မျှ အပေါင်းရဟု ဉာဏ်ခွဲဝေ သိကြလေလော့၊ ဗိုလ်ခြေများစွာ ပုံတာဝေဝေ ကိုယ့်စု ကျကို အားရနှစ်သက် သူ့ထက်ငါပ လုပ်ဆောင်ကြ သော် ကာလမကြာ မြို့အင်္ဂါနှင့် ညီညာသိမ်းသိမ်း တည် လုပ်ပြီးသည်... မှတ်တီးချိုမြ သံညောင်းတည်း....။

## ပင်းမြို့တွင်ရန် အကြောင်းဖန်

ကောဇာသက္ကရာဇ် ၃၇၉-ခုနှစ်တွင် 'အောင်သပြေ'မြို့သည် အမည်သစ်ဖြင့် ထင်ရှားရန်အကြောင်း ပေါ်လာပြန်သည်၊ ထိုအကြောင်းမှာ ပုဂံပြည်အနော်ရထာမင်းတရားကြီး ပင့်ဆောင် ကိုးကွယ်တော်မူသော အရှင်အရဟံ ဗောဓိပင့်လာမှုကြောင့်ပင် ဖြစ်သည်၊ ဗောဓိပင်ပင့်ဆောင်ကိုးကွယ်မှုကိုလည်း အနော်ရထာ မင်း နန်းတက်သော သက္ကရာဇ်နှင့် ထပ်တူပင် ပြဆိုထားသည်၊ ဆရာတော် နှစ်ပါး ပြုစုတော်မူသော သမိုင်း ၂-စောင်လုံး သက္ကရာဇ်တူကြ၏။

**[ဤစာများမှာ ၁၂၆၆-ခု၊ ပထမဝါဆိုလဆန်း ၂-ရက် (၃) ချက် တီးအချိန်တွင် ပင်းသမိုင်းကို ရေးကူးပြီးသည်ဟု စာတမ်းပါသော ပေမူမှဖြစ်၏။]**

ထိုနှစ်တွင် အနော်ရထာမင်းကြီး မြို့ပြနိုင်ငံ တိုးချဲ့၍ တည်ထောင်ရာတွင် မဟာဗောဓိပင်ရှိရာ ဌာနသို့လည်း မြို့ပြ တည်ထောင်ရန် ရောက်လာကြ၏၊ မြို့အမည် ရွေးချယ်ကြသောအခါ ဗောဓိပင် ပင့်ဆောင်စိုက်ပျိုးမှုကိုအစွဲပြု၍ 'ပင့်မြို့' ဟု သမုတ်ကြသည်၊ ထိုကမှ ခုတိုင်အောင်ပင်းမြို့ဟု ရွေ့လျောပြီးခေါ်ဝေါ်ကြသည်၊ ယခုအခါ မြို့ဟုခေါ်သော်လည်း ဂေဇက်ဝင်မြို့မဟုတ်တော့ပေ၊ နတ်မောက်လက်အောက်ခံ ရွာကြီးတရွာပင် ဖြစ်၏။

၁။ ပဉောင်ရုကျွေ၊ ဗုဒ္ဓဟော၊ ထုတ်လေတရားမြတ်။
၂။ ပင့်သည်အမှန်၊ အရဟံ၊ ထေရ်ပုံဗောဓိသတ်။
၃။ ပင်းမြို့ခေါ်ပေ၊ ကာလရှည်၊ တွင်လေအမည်မှတ်။

**ပင်းမြို့ အကျယ်အဝန်း**

၁။ အရှေ့အရပ်တွင် ၉၁ တာ
၂။ အနောက်အရပ်တွင် ၉၁ တာ
၃။ တောင်အရပ်တွင် ၁၀၁ တာ
၄။ မြောက်အရပ်တွင် ၁၂၁ တာ

**မြို့တံခါးလေးပေါက်**

(၁) အရှေ့အရပ်တွင် မင်္ဂလာတံခါး၊ (၂) အနောက်မြောက်ဘက်တွင် အမင်္ဂလာတံခါး၊ (၃) တောင်ဘက်တွင် ရန်အောင်မြင်တံခါး၊ (၄) မြောက်ဘက်တွင် ရွှေအိုးရ တံခါးဟူ၍ မြို့တံခါးလည်း လေးပေါက်ပင်ရှိ၏။

## ပင်းမြို့၏တော်လေးဝ

ပင်းမြို့တွင် တော်လေးဝရှိသည်၊ ယနေ့တိုင်လည်း ထင်ရှားစွာရှိသေး၏၊ ထိုဒေသမှ အမျိုးသားများသည် တော်လေးဝနှင့်ပတ်သက်၍ ယနေ့တိုင် ဂုဏ်ယူပြောဆိုနေကြဆဲပင်ဖြစ်သည်။

၁။ အရှင်အရဟံပင့်ဆောင်စိုက်ပျိုးခဲ့သောမြို့အရှေ့ဘက်ရှိ မဟာဗောဓိ ရွှေညောင်တော်။

၂။ ဤအပင်မှ မျိုးပွား စိုက်ပျိုးသော အနောက်ဘက်ရှိ မဟာဗောဓိတော်။

၃။ မြို့မြောက်ဘက်တွင် အရှင်အရဟံဦးစီးပြီးသမုတ်ခဲ့သော မြောက်သိမ်တော် (စာရန်အိုင့်ရွာ၏အနောက်ဘက်တွင် ရှိသည်၊ ပင်းမြို့နှင့် ၂-ဖာလုံခန့်သာဝေးသည်)။

၄။ မြို့တောင်ဘက်တွင်လည်း အရှင်အရဟံဦးစီးပြီးသမုတ်ခဲ့သော တောင်သိမ်တော် (ဤသိမ်တော်မှာ မြောက်သိမ်တော်လောက်ကောင်းမွန်ခြင်းမရှိတော့ပေ၊ သိမ်ဦးတွင်တည်ထားသော စေတီတဆူသာ အထင်အရှားရှိတော့၏)။

မြောက်သိမ်တော်သည် လှပခန့်ညားသော အုတ်တံတိုင်းကြီးနှင့် ၈၀-ရာခိုင်နှုန်းကောင်းမွန်ပေသေး၏၊ အုတ်တံတိုင်းတောင်ဘက်တွင်ကြီးမားခန့်ထယ်သော ပိဋကတ်တိုက်ကြီးရှိ၏၊ အတွင်း

သို့ဝင်ရန် တောင်ဘက်တွင် **တံခါးမကြီး** တခု ရှိသည်၊ အရှေ့အနောက် လေဝင် နေဝင် တံခါးတပေါက်စီရှိပြီး မြောက်ဘက်တွင် အပေါက်ငယ် ၃-ပေါက်ဖောက်လုပ်ထားသည်၊ ရှေ့မျက်နှာစာတွင် စိန်တောင် အုတ်ဝရံတာများဖြင့် ကာရံထားသည်၊ အရှင်အရဟံသည် ဤပိဋကတ်တိုက်တော်တွင် စာပေ ချပို့ခဲ့သလော၊ ရဟန်းတော်တို့သည်လည်း ကြိမ်ဖန်များစွာ သိတင်းသုံးခဲ့လေသလောဟု အတွေးနှင့်ရောရမ်း မှန်းဆ ကြည်ညိုမိနဲ့ရပေတော့သည်။

### အလောင်းမင်းတရား လက်ထက်ပင်းမြို့

အလောင်းမင်းတရားသည် မြန်မာပြည်မြောက်ဘက်တလွှားတွင်အုပ်စိုးလျက်ရှိ၏၊ ထိုစဉ်က ပင်းမြို့တွင် ပင်းမင်းကြီးဦးမြတ်အုပ်စိုး၏၊ ဦးအောင်ဇေယျသည် ဦးမြတ်အား တိုင်ပင်နှိုးနှော့လို၍ အခေါ်လွှတ်ရာ ပင်းမင်းကြီး ဦးမြတ်က ဦးအောင်ဇေယျအပေါ် သံသယမကင်းသဖြင့် မသွားပဲညင်းဆန်နေလေသည်၊ ယင်းအခါက ကလေးသူငယ်များသည် အောက်ပါ သီချင်းတပေါင်ကို ဆိုခဲ့ကြသတတ်။

> (ဘောဓိရဲ့ ရွှေပလ္လင် ယဉ်ပါပေရဲ့ ရပ်ကယ်က ကိုကြီးမြတ်သူခေါ်လာ၊ ကျူးညီနောင် ကြောင် နှစ်ကောင်နဲ့ မောင်မညင် သာ)

ပင်းမြို့ ပထမဆရာတော်ရှင်ကြီးထွေးသည် တပည့်မောင်မြတ်နှင့် မောင်ကျော်တို့အား ခေါ်ယူအမိန့်ရှိသည်။

"တပည့်များက မင်းဖြစ်ထိုက်တဲ့ ဇာတာ လက္ခဏာမပါ၊ အောင်ဇေယျက မင်းဖြစ်ထိုက်တဲ့ဇာတာလက္ခဏာပါတယ်၊ ရှေးပညာရှိများရဲ့ သိုက်သမိုင်းကလဲ ဟသ်ာကိုမုဆိုးက လေးနှင့်ခွင်းလိမ့်မည်ဟု အဆိုရှိသည်၊ အင်းဝကို ဟသ်ာတည်းဟူသော မွန်တို့က အုပ်စိုးလာမည်၊ ထိုအခါ ဟသ်ာကိုမုဆိုးက လေးနှင့်ခွင်းလိမ့်မည်စကားအရ- မုဆိုးချုံရွာသား အောင်ဇေယျသည် တိုက်ထုတ်မှ မွန်ရန်ကုအေးငြိမ်းလိမ့်မည်။

## ပင်းမြို့၏နောက်ဆုံးမြို့ဝန်

၁၂၄၀-ပြည့်နှစ်တွင် နန်းတက်သော သီပေါဘုရင် လက်ထက်တွင် ပင်းမြို့၊ နတ်မောက်မြို့၊ ကျောက်ပန်းတောင်းမြို့တို့ကို အုပ်ချုပ်ရသော မြို့ဝန်မင်း ဦးမင်းမောင်သည် မြန်မာဘုရင်တို့ လက်ထက် နောက်ဆုံး မြို့ဝန်ပင်ဖြစ်ခဲ့ပါသည်။

၁၂၄၇-ခုနှစ် တန်ဆောင်မုန်းလ (၁၈၈၅)တွင် မြန်မာနိုင်ငံအား ဗြိတိသျှတို့ သိမ်းပိုက်ပြီးနောက် နတ်မောက် မြို့နယ်အား ပင်းမြို့နယ်နှင့် ပူးပေါင်းလိုက်ပြီး မကွေးခရိုင် အတွင်း သွတ်သွင်း၍ အုပ်ချုပ်ခဲ့ပါသည်။

(နတ်မောက်မြို့နယ် မှတ်တမ်း စာမျက်နှာ ၁၁–၁၂)


**မှတ်ချက်။** ။ဤစာများကို တင်ပြသည်မှာ အလောင်းမင်းတရားခေတ်က ပင်းမြို့ ၏ခြေ အနေကို ခန့်မှန်း နိုင်ရန် ဖြစ်သည်။

## သီရိဓမ္မာသောကမင်းကြီး၏ သဝဏ်လွှာ

"အဆွေတော်မြတ် ဒေဝါနံပိယတိဿမင်း ...

အကျွန်ုပ်သည် ဤမဟာဗောဓိပင်မြတ်ကိုဇမ္ဗူဒိပ်ကျွန်းအလုံးစုံကို အစိုးရသော ကျောဇ်မင်း စည်းစိမ်ဖြင့် သုံးကြိမ်တိုင်တိုင် ပူဇော်ပြီးမှ မိမိဦးခေါင်းထက်၌ တင်ရွက်ကာ လည်မျိုပမာဏရှိသော သမုဒ္ဒရာရေသို့ ဆင်းသက်လိုက်ပို့၍ ကုတ္တိုလှေယက်သို့တင်ကာ အဆွေတော်မင်း၏ အထံသို့ ပါးလိုက်ပါသည်၊ အဆွေတော်လည်း အကျွန်ုပ်အတူ ပူဇော်ပါလော့"။

(ဗောဓိပင်ဝတ္ထုမှ)



## အခန်း-၆

## မျက်မှောက်ခေတ် ဗောဓိပင်များ

ဤအခန်း (၆) တွင် မျက်မှောက်ခေတ် ဗောဓိပင်များ အကြောင်းကို ထည့်သွင်းရေးသားထားပါသည်၊ တော်လှန်ရေး ကောင်စီဥက္ကဋ္ဌကြီး ဦးနေဝင်း အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်စဉ်က အိန္ဒိယဝန်ကြီးချုပ် မစ္စစ်ဂန္ဒီ၏ ဓမ္မပဏ္ဏာတော်လက်ဆောင် ဗောဓိပင်အကြောင်းနှင့် ၁၃၄၆-ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ရန်ကုန်မြို့ မြေရကွက်တကုန်းပေါ်ရှိ မဟာဝိဇယစေတီတော်ကြီး အနီးတွင် စိုက်ပျိုးသောဗောဓိပင် အကြောင်းတို့ကို သတင်းစာပါမူရင်းဖြင့်လည်းကောင်း၊ မျက်မြင် ကိုယ်တွေ့များဖြင့်လည်းကောင်း တင်ပြရေးသားထားပါသည်။

ဤစာအုပ်၏ နိဂုံးပိုင်းဖြစ်ပါသောကြောင့် အထူးသဒ္ဓါတရား ဖြစ်ဖွယ်ရာများကိုလည်း ထည့်သွင်းထားပေသည်။

## မဟာဝိဇယစေတီတော်သို့

၁၃၄၆-ခုနှစ် ကဆုန်လဆုတ် ၁၁-ရက်နေ့တွင် ဤအရှင်သည် သက်ရင်းတောဘုန်းကြီး ဦးဇနိတာလင်္ကာရအား ဘုရားဖူးပို့ယင်း ရန်ကုန်မြို့ ရွှေတိဂုံစေတီအနီးတွင် တည်ဆောက်လျက်ရှိသော မဟာဝိဇယစေတီတော်သို့ ဖူးမြော်ရန်ရောက်သည်။

## ဓမ္မရက္ခိတကုန်းမြင်ကွင်းများ

ဓမ္မရက္ခိတကုန်းတော်အဝင်ဝတွင် ကြီးမားသောဆိုင်းဘုတ်စာတမ်းကြီး ချိတ်ဆွဲထားသည်၊ **မဟာဝိဇယစေတီတော်** ဟုကမ္ပည်းရေးထားသည်၊ အရှင်နှစ်ပါးတို့ ထိုအောက်မှဝင်ရောက်သွားလျှင် ဆောက်လုပ်ရေးရုံးကို စတင်တွေ့ရသည်၊ ထိုမှ ဆက်သွားလျှင်- မဟာဝိဇယစေတီတော်ကြီး ပစ္စယာအဆင့်အဆင့်အထိပြီးစီးနေသည်ကို ဖူးမြင်ကြရသည်၊ မုခ်(၈)မုခ်မှ ဂုံးပေါက်ကြီးများကို ခေတ်မီအဆင့်မြင့် ဆောက်လုပ်ရေးပညာဖြင့် တည်ဆောက်ထားသည်ကို မြင်ကြရသည်၊ ကျပ်လုံးအရွယ်ရှိသံချောင်းများ၊ ငါးမူးလုံးများ၊သံအမျိုးမျိုး ကျောက်အရွယ်အစားစားတို့ဖြင့်ဆောက်လုပ်ကြသည်၊ ဘိလပ်မြေများကို အချိုးတကျသုံးစွဲထားသည်ကိုလည်းတွေ့ရသည်။

အတွင်းသို့ဝင်ရာဖြစ်သော မုခ်ကြီးများမှ လှမ်းမြော်ကြည့်လိုက်လျှင် ပလ္လင်ရှစ်ခန်းထားရာ နေရာတော်ကိုထင်ရှားစွာ တွေ့မြင်နိုင်သည်၊ အထက်သို့ ပစ္စယာအဆင့်ဆင့် တက်လျက်ရှိသည်၊ ပြီးစီးလျှင် ဉာဏ်တော် (၁၃၄) ပေရှိမည်ဖြစ်သည်။

## ပုံစံငယ်ထုတ်လျက် တည်ဆောက်ကြ

ဤမဟာဝိဇယ စေတီတော်ကြီး တည်ဆောက်ရာတွင် မဟာဝိဇယစေတီတော်ပုံစံငယ် အင်္ဂါအပြည့်အစုံကို ပထမဆောက်လုပ်ကြရသည်၊ ထိုပုံတော်ကို စေတီတော်၏ အင်္ဂါထောင့်တွင် ကျောင်းဆောင်တခုဖြင့် သပ်ရပ်စွာ ပူဇော်ထားသည်။

အရပ်ရှစ်မျက်နှာတွင် ခြသေ့် ၈ - စီးကိုပြုလုပ် ထားသည်၊ စေတီရန်များကိုလည်း ဖူးရသည်၊ အနုစိတ်လက်ရာမွန်ဖြင့်တော် ဗိသုကာကျော်တို့က ပုံစံပြုလုပ်ကြသည်ဟု သိရသည်။

## ရှေးထုံးစဥ်လာ နမူနာ

ရွှေတိဂုံစေတီတော်ကြီး၏ တနင်္ဂနွေထောင့်တွင် နောင်တော်ကြီးစေတီ တည်ရှိသည်၊ ကိုယ်လုံးပြည့်ရွှေချထားသည်၊ ရွှေတိဂုံစေတီတော်ကြီးမတည်ဆောက်မီက နမူနာအဖြစ်တည်ထားသည်ဟု သိရသည်။

ရွှေတိဂုံအလျင်တည်ခဲ့သည့်အတွက် နောင်တော်ကြီးစေတီဟုခေါ်သည်၊ ကြီးမားသောစေတီတော်နှင့် အဆောက်အအုံများပြုလုပ်ရာ၌ ရှေးခေတ် အဘိုးအဘွားတို့သည်လည်း မျက်မှောက်ခေတ်ဗိသုကာကျော်တို့လို ပါကလားဟု မိမိတို့ ဘိုးဘွားများ၏ ပညာရပ်ကို လေးစားမိရပြန်ပါသည်။

## ပလ္လင်တော်အလုပ်ရုံ

မဟာဝိဇယစေတီတော်ကြီးအတွင်း၌ ကိုးကွယ်တည်ထားရန် ပလ္လင် ရှစ်မျက်နှာနှင့် ဘုရားရှစ်ဆူပါသော အပရာဇိတ ပလ္လင်

တော်ကို အလုပ်ရုံ သီးခြား တည်ဆောက်ပြီး ကျောက်ဆစ် အကျော်အမော်တို့က ထွင်းထုနေကြသည်။

အပြစ်အနာအဆာကင်းသော ဤစကျင်ကျောက်တုံးကြီးကို ဤနေရာ ဤဒေသရောက်အောင် ခေတ်မီ စက်ယန္တရားတို့ဖြင့် သယ်ဆောင်ခဲ့ရပေသည်၊ ဤအရှင်သည် ဤပလ္လင်တော်ကြီး ပုံသဏ္ဌာန်မပေါ်မီ ကျောက်တုံးဘဝကပင် အဆက်မပြတ်ကြည့်ရှု ခဲ့ပေရာ၊ ယနေ့အခြေအနေတွင် ပလ္လင်ရှစ်ခန်းတွင် ဆင်းတုတော် လက်ဟန် (မုဒ္ဒရာ) အမျိုးမျိုးဖြင့် ပုံကြမ်းလောင်းထားသည်ကို ဖူးမြင်ခဲ့ရပေပြီ၊ ပလ္လင်တော်နှင့်ဘုရား ဘုရားနှင့်ပလ္လင်တော်ကို ကျောက်တုံးကြီး တတုံးတည်းမှာပင် တဆက်တည်းထုလုပ်ခြင်း ဖြစ်သည်၊ ဤကျောက်တုံးကြီးမှာ မန္တလေးတိုင်း မတ္တရာမြို့နယ် စကျင်တောင်မှ တူးဖော်ခဲ့ခြင်းဖြစ်ကြောင်းသိရ၏၊ ထိုဒေသသို့ ဤအရှင် သွားရောက် လေ့လာဖူးပေရာ အချို့ကျောက်ဖြူများ တွင် ပတ္တမြားဝပ်လျက်ရှိသည်ကို တွေ့မြင်ခဲ့ရ၏၊ အချို့လည်း ပတ္တမြားများရကြသည်ဟုသိရ၏။

## ကျောက်စာရုံ

ပလ္လင်အလုပ်ရုံ၏မြောက်ဘက်တွင် ကျောက်စာအလုပ်ရုံကြီး တခုရှိသည်၊ ကောင်းမှုရှင်မှတ်တမ်းများ ကျောက်စာထွင်းရန် ဆောင်ရွက်ကြသည်ဟုသိရသည်။

ဤမဟာဝိဇယစေတီတော်မြတ်ကြီး တည်ဆောက်ရာ၌ ပါဝင် လှူဒါန်းကြသော ကောင်းမှုရှင်များမှာ အလွန်တရာ အားတက်

သရော ရှိလှပေသည်၊ စေတီရံတဆူစီအတွက် အလှူငွေ ကျပ်တသောင်းစီ လှူဒါန်းသူများလည်း ရှိသည်၊ နေ့စဉ်ထုတ်သတင်းစာများတွင်လည်း ထည့်သွင်းဖော်ပြကြလေသည်၊ ယခုအခါ ထီးတော်အတွက် အလှူငွေကျပ်တသောင်းစီလှူဒါန်းနေကြပေပြီ၊ ပြည်နယ်အသီးသီးမှလည်းကောင်း၊ တိုင်းအသီးသီးမှလည်းကောင်း စုပေါင်း၍လှူဒါန်းကြသည်လည်းရှိသည်၊ ဌာနဆိုင်ရာတို့မှလည်း စုပေါင်းလှူဒါန်းကြပေသည်။

မဟာဝိဇယ စေတီတော်မြတ်ကြီးအား တည်ဆောက်ရာတွင် စေတီတော်နှင့်လိုက်ဖက်မည့် အုတ်တံတိုင်း အာရာမအရံ၊ ဘုရားဖူးလာသူတို့ စိတ်နှလုံးချမ်းမြေ့စေရန်အတွက် ကျယ်ပြန့်သပ်ရပ်သားနားလှပသော ရင်ပြင်တော်တို့ကိုပါ တပါတည်း တည်ဆောက်မည်ဖြစ်သည်၊ စုစုပေါင်းမြန်မာငွေ ကျပ်သိန်း ၅၀၀-(၅-ကုဋေ) ကုန်ကျမည်၊ (၁၃၄၇-ခုနှစ် နယုန်လပြည့်နေ့တွင် ထီးတော်တင်မည်ဟုသိရသည်)။

## ဓမ္မပဏ္ဏာ မဟာဗောဓိပင်

ဆောက်လုပ်ဆဲ မဟာဝိဇယစေတီတော်၏ အဂ္ဂိထောင့်တွင် သီရိလင်္ကာနိုင်ငံမှ ဓမ္မပဏ္ဏာအဖြစ် ပို့ဆောင်လှူဒါန်းသော မဟာဗောဓိပင်ပျိုကို စိုက်ပျိုးထားသည်၊ ရာဇမတ်များဝန်းရံကာထားသောပင်ဖြစ်သည်၊ ဤအပင်စိုက်ပျိုးပွဲကို ၁၃၄၆-ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့က ပြုလုပ်ကျင်းပခဲ့သည်။

ဤအငင်နှင့်အတူ ပါလာကြသော ညီအကိုတော် ဗောဓိပ
များမှာ ညောင်ဦးမြို့ ရွှေစည်းခုံဘုရားဝင်း တပင်၊ မန္တလေး
ကျောက်တော်ကြီးဘုရားဝင်းအတွင်း တပင် အသီးသီးစိုက်ပျ
ကြလေပြီ။

## နိုင်ငံတော်မှ ကြီးမှူးသော
## ခမ်းနားလှသည့် ဗောဓိပင်စိုက်ပျိုးပွဲ

အလွန်တရာကြီးကျယ်ခမ်းနားလှသော ဗောဓိပင်စိုက်ပျိုး
များကို ဗုဒ္ဓရှင်တော်မြတ် သက်တော်ထင်ရှားရှိစဉ်က သာဝတ္ထ
ပြည် ဇေတဝန်ကျောင်းအနီးတွင် ပြုလုပ်သော အရှင်အာနန္ဒ
ကြီးမှူးစိုက်ပျိုးသည့်ပွဲတပွဲ၊ သီရိမေဃာသောကမင်းတရားကြီးလက
ထက် သီဟိုဠ်သို့ပေးပို့သော ဒက္ခိဏသာခါ ဗောဓိပင်စိုက်ပျိ
သည့်ပွဲတပွဲ၊ **မြန်မာသက္ကရာဇ် ၃၈၈- ခုနှစ် အနော်ရထာမင်
လက်ထက်တွင် အရှင်အရဟံ ပင့်ဆောင်လာသော ဒက္ခိဏသာခါ
ဗောဓိရွှေညောင်တော်ကို နတ်မောက်မြို့နယ် ရွှေမင်းမြို့ဟောင်
တွင် စိုက်ပျိုးသည့်ပွဲတပွဲ** ဤပေါင်း ပွဲသုံးပွဲကိုသာ စာအ
ဖတ်ရှု ကြည်ညိုခဲ့ရပေသည်။

ယနေ့မျက်မှောက်ခေတ် မြန်မာပြည်တွင်မူ နိုင်ငံတော်အစိုး
မှ ကြီးမှူးကျင်းပသော ဗောဓိပင် စိုက်ပျိုးပွဲကြီးကို ရန်ကုန်မြ
တွင် ၁၃၄၆-ခု ကဆုန်လပြည့်နေ့က သိုက်သိုက်ဝန်းဝန်း စည
စည်ကားကား ခမ်းနားထည်ဝါလှစွာဖြင့် ဆောင်ရွက်စိုက်ပျိုး
ခဲ့ပေသည်။

စိုက်ပျိုးပွဲကြီးအပြီးတွင် ဤစာရေးသူသည် နတ်မောက်နယ် သက်ရင်းတောရွာမှ တူတော် အရှင်ဇနိတာလင်္ကာရအား ဘုရားဖူးပို့ယင်း ရောက်ပြန်လေသည်၊ ၎င်းအရှင်သည် ညီတော်ရှင်အဂ္ဂသာရအား ပညာသင်ကြားရန် ပို့အပ်ယင်း ရန်ကုန်သို့ ရောက်လာခြင်းဖြစ်သည်၊ ယင်းကြောင့် ရောက်တုန်း ရောက်ခိုက် ဗောဓိရွှေညောင်ပင်အား ဖူးမြော်ယင်း ရှင်းပြလိုက်ရသည်၊ ဖူးမြော်ပြီးကြလျှင် ဗောဓိပင်အား ရိုသေစွာ ရှိခိုးကန်တော့၍ ကျောင်းသို့ ပြန်ခဲ့ကြသည်။

## မြန်မာ့သာသနာ ကမ္ဘာသို့ဖြန့်ဝေကာ

မြန်မာပြည်သည် ဗုဒ္ဓသာသနာတော်၏ ပင်မကြီးနှင့် တူလှ၏၊ ထေရဝါဒသာသနာ ထွန်းကားရာလည်းဖြစ်၏၊ ဤစကားကို အကျယ်ချဲ့ပါအံ့။

မျက်မှောက်ခေတ် သာသနာရေး ထွန်းကားမှုကို ကြည့်သဖြင့်လည်း ပိုမိုအားတက်ဖွယ်ရာ ဖြစ်၏၊ ယနေ့ မြန်မာပြည် သံဃာတော်ဦးရေမှာ ၂၅၂၈၉၀-ပါး ရှိသည်၊ အမြောက်အမြား တည်ရှိနေသော ပရိယတ္တိ စာသင်တိုက်ကြီးများ၊ ပဋိပတ္တိ ဌာနကြီးများသည် ဤမြန်မာပြည်လောက် အခြား ထေရဝါဒ နိုင်ငံတို့တွင် မတည်ရှိတော့ပေ၊ ဤအရာအားလုံးတို့သည် မြန်မာတို့၏ ဘာသာရေး ပစ္စည်းများ ဖြစ်ကြ၏၊ ထို့ပြင်- ဤကြည်ညိုဖွယ်ရာ ဂုဏ်ယူဖွယ်ရာတို့သည် မြန်မာတို့အတွက် မြန်မာ့ ဘိုးဘေးတို့၏ အမွေအနှစ်များလည်းဖြစ်ကြ၏၊ ဘာသာရေး လက်ဆောင်မွန်များလည်း ဖြစ်ကြလေသည်။

## ကမ္ဘာသို့ပြောပြရန်

ကမ္ဘာ့အံ့ဖွယ်တို့တွင် အပါအဝင်ဖြစ်သော ဉာဏ်တော် ၃၂၆-ပေ အမြင့်ရှိသည့် ရွှေတိဂုံစေတီတော်ကြီး၊ (အင်္ဂလန်မှ စိန့်ပေါလ်ဘုရားကျောင်းထက် မြင့်၏) ပုဂံ၏အင်အားကို သရုပ်ပေါ်လွင်ထင်ဟပ်စေသော ရွှေစည်းခုံစေတီတော်ကြီး၊ (အံ့ကိုးပါးရှိသည်) ကမ္ဘာလှည့် ဘုရားဖူးများပင် သွားရောက် ဖူးမြော်ကြရသော ကျိုက်ထီးရိုးဆံတော်ရှင်နှင့် မင်းဘူး မန်းစက်တော်ရာတို့မှာ မြန်မာပြည်သားတို့ အတွက် ဘိုးဘွား အမွေအနှစ်ရတနာကြီးများပင် ဖြစ်သည်။

ဗြိတိသျှအမျိုးသား 'စကော့အိုကော်နာ'က သူ၏ ပိုးသားလှမ်းသောအရှေ့တိုင်းစာအုပ်တွင် 'မြန်မာနိုင်ငံတွင်ရှိသမျှအခြားအရာဝတ္ထု ပစ္စည်းများ အကယ်၍ ပျက်စီး ဆုံးပါးသွားသည့်တိုင်အောင် ရွှေတိဂုံစေတီကိုသာ အထင်အရှား ကျန်ရစ်အောင် ထိန်းသိမ်းထားနိုင်မည် ဆိုပါက မြန်မာလူမျိုးတို့၏ ဓလေ့စရိုက် အမူအယူများအကြောင်း ကမ္ဘာသို့ ပြောပြရန် လုံလောက်သော အရာများ ကျန်ရစ်နေပေလိမ့်ဦးမည်'ဟု ယူဆရေးသားခဲ့၏။

ဤစာရေးသူသည် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ထီးတော်ပေါ်သို့ ၁၃၃၅-ခုနှစ်က တက်ရောက်ကြည်ညိုခွင့် ကြုံခဲ့ဖူးပေရာ 'မြန်မာမှု မှန်သမျှတို့၏ ပေါင်းဆုံ စုဝေးရာ စေတီတော်'ဟုပင် မှတ်တမ်းတင်ခဲ့ဖူးလေသည်၊ (ဤအတွေ့အကြုံကို ဗုဒ္ဓမမ္မလောက၌ ဆောင်းပါးအဖြစ် တင်ပြခဲ့ဖူး၏။)

## နိုင်ငံခြား သာသနာပြုဆရာတော်များ

ဗုဒ္ဓပွင့်ထွန်းရာ အိန္ဒိယပြည်၌ သင်္ဂါယနာ ၃-ကြိမ် တင်ခဲ့သည်၊ သီဟိုဠ်၌ ၁-ကြိမ်တင်၍ မြန်မာပြည်၌ ၂-ကြိမ် တင်ခဲ့သည်၊ သီဟိုဠ်၌ စတုတ္ထသင်္ဂါယနာ တင်စဉ်အခါက ပေထက် အက္ခရာတင်ခဲ့၏၊ မြန်မာပြည်၌ ပဉ္စမသင်္ဂါယနာ တင်စဉ်အခါက ကျောက်ထက်အက္ခရာတင်ခဲ့၏၊ ကျောက်ပြားချပ်ရေ ၇၂၅-ချပ်ရှိ၏၊ ဆဋ္ဌသင်္ဂါယနာ တင်စဉ်ကမူ စာအုပ်ဖြင့် မှတ်တမ်းတင်ရိုက်နှိပ်ခဲ့၏။

ယနေ့ကမ္ဘာ့ သာသနာပြုလုပ်ငန်းများကို မြန်မာပြည်မှ ဆရာတော်များသည် အာရှတိုက် ဂျပန်သို့လည်းကောင်း၊ အမေရိကတိုက်ရှိ အမေရိကန်နိုင်ငံသို့ လည်းကောင်း၊ ဥရောပတိုက်ရှိ အင်္ဂလန်နိုင်ငံသို့ လည်းကောင်း၊ အပိုင်းနှစ်ပိုင်း အခြေအနေ အမျိုးမျိုးဖြင့် ကြွရောက်တော်မူကြပြီ ဖြစ်လေ၏။

မဟာစည် ဆရာတော်ဘုရားကြီး၊ တောင်ပုလု ဆရာတော်ဘုရားကြီး၊ ဆရာတော် ဦးသေဋ္ဌိလ၊ ဆရာတော် ဦးဥာနိက၊ ချမ်းမြေ့ရိပ်သာဆရာတော်၊ ဆရာတော် ဦးသီလာနန္ဒ၊ ဆရာတော် ဦးကေလာသ၊ ဆရာတော် ဦးဉာဏိဿရ အစရှိသောများပြားလှသော ဆရာတော်များသည် ကြွရောက်သာသနာပြုခဲ့ကြ၊ ပြုတော်မူနေကြလေပြီ။

မြန်မာပြည်၌လည်း မကြုံဖူးအောင် ကြီးမားသော သံဃာ့အဖွဲ့အစည်းကြီး ပေါ်ပေါက်လာပြီး ထိုအဖွဲ့ကြီး၏ လမ်းညွှန်မှု

ဖြင့် ရန်ကုန် မန္တလေး မြို့ကြီးနှစ်မြို့တွင် သာသနာ့ တက္ကသိုလ် ကျောင်းတိုက်ကြီး နှစ်တိုက် ဆောက်လုပ် အကောင်အထည် ဖော်နေကြလေပြီ၊ (ဤအကြောင်းကို ၁၃၄၅-ခုနှစ် ဗုဒ္ဓမေ့လောက အထူးထုတ်စာအုပ်တွင် တင်ပြပြီးဖြစ်၏။)

ယခု ၁၃၄၆-ခုနှစ် ကဆုန်လပြည့်နေ့တွင် ရန်ကုန်မြို့တော် ရွှေတိဂုံဘုရားလမ်း ဓမ္မရက္ခိတ ကုန်းတော်ရှိ မဟာဝိဇယစေတီတော်၏ အရှေ့တောင်ထောင့်တွင် မဟာဗောဓိပင် စိုက်ပျိုးပွဲ ပြုလုပ်ရာမှာ **မျက်မှောက်ခေတ် အနှစ် ၂၀-အတွင်း၌ မကြုံစဖူး ထူးကဲသော ဘာသာရေး လှုပ်ရှားမှု မှတ်တိုင်ကြီး စိုက်ထူမှုပင် ဖြစ်လေသည်**။

ထိုနေ့ ဗောဓိပင် စိုက်ပျိုးပွဲသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကုမာရ ပဲခူးမြို့မဆရာတော်ကြီးနှင့် နိုင်ငံတော် သံဃာ့ မဟာနာယကအဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော် မူကြ၏၊ ထို့ပြင် မဟာဝိဇယ စေတီတော် ဖြစ်မြောက်ရေးအဖွဲ့ နာယကလူကြီးများဖြစ်ကြသော ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပေါ်သိန်းနှင့် ဖြစ်မြောက်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်း ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်တို့လည်း ပါဝင်ဆောင်ရွက်ကြပေသည်၊ ထိုနေ့တုတ် သတင်းစာ အပြည့်အစုံကို **ကြေးမုံသတင်းစာမှ** တဘက်တွင် ဖော်ပြလိုက်ပါသည်။

## မဟာဗောဓိပင်ပျိုး ပင့်ဆောင်စိုက်ပျိုးသည့် မင်္ဂလာသဘင်

အခမ်းအနား သိုက်မြိုက်စွာ ဆင်ယင်ကျင်းပ၊
ပြည်သူတို့က စည်ကားစွာ ကြည်ညိုပူဇော်။

မဟာဝိဇယစေတီတော် ဖြစ်မြောက်ရေး ဗဟိုအဖွဲ့က ကြီးမှူး၍ မဟာဗောဓိပင်ပျိုး ပင့်ဆောင်စိုက်ပျိုးသည့် မင်္ဂလာသဘင် အခမ်းအနားကို ယနေ့နံနက် ၉-နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ဓမ္မရက္ခိတကုန်းမြေပေါ်၌ တည်ဆောက်လျက်ရှိသော မဟာဝိဇယစေတီတော်၏ အရှေ့တောင်အရပ်၌ ခမ်းနား သိုက်မြိုက်စွာ ဆင်ယင်ကျင်းပသည်။

## ဥက္ကဋ္ဌဆရာတော်

အဆိုပါမင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ပဲခူးမြို့မဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဉာဏိန္ဒာစာရ ဆရာတော်ကြီး အမှူးပြုသော နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြသည့်အပြင် မဟာဝိဇယစေတီ ဖြစ်မြောက်ရေးဗဟိုအဖွဲ့ နာယကလူကြီးများဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးလှထွန်း၊ ပြည်ထဲရေးနှင့် သာသနာရေး

ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပေါ်သိမ်း၊ မဟာဝိဇယစေတီတော်ဖြစ်မြောက်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်း ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် ဗဟိုအဖွဲ့ဝင်များ၊ မဟာဗောဓိပင်ပျိုးပင့်ဆောင်စိုက်ပျိုးရေးအခမ်းအနား ကျင်းပရေးလုပ်ငန်းအဖွဲ့အသီးသီးမှ ပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်း ပြည်သူ့ကောင်စီအဖွဲ့အစည်းသုံးရပ်မှပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အသီးသီးမှ မြို့နယ်ပါတီ ပြည်သူ့ကောင်စီ အဖွဲ့အစည်းများမှတာဝန်ရှိသူများ၊ မဟာဝိဇယစေတီတော် တည်ဆောက်ရာ၌ အလှူငွေ ကျပ်တထောင်အထက် ထည့်ဝင် လှူဒါန်း ခဲ့ကြသည့် စေတနာရှင် လုပ်သားပြည်သူများ၊ ဘာသာရေး၊ သာသနာရေး အသင်းအဖွဲ့များမှပုဂ္ဂိုလ်များ၊ လုပ်သားပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြည်ညိုပူဇော်ကြသည်။

## အမွေးနံ့သာရည်များဖြင့်

ယနေ့နံနက် ၆-နာရီမှစတင်၍ ရန်ကုန်မြို့ ကမ္ဘာအေး ကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၏ တောင်ဘက်ရှိ ယာယီပူဇော်ခံမဏ္ဍပ်၌ မဟာဗောဓိပင်ပျိုပင့်ဆောင်သည့် အခမ်းအနားကိုကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြသည့်အပြင် မရမ်းကုန်း မြို့နယ်အတွင်းရှိ ဘာသာရေးသာသနာရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ လုပ်သားပြည်သူများ စည်ကားစွာ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဘာသာရေး သာသနာရေး အသင်းအဖွဲ့များက နံနက် ၅-နာရီမှစတင်၍ပရိတ်တရားတော်များရွတ်ဖတ်သရဇ္ဈာယ် ပူဇော်ကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအား အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

မဟာဗောဓိပင်ပျိုး ပင့်ဆောင်သည့်အခမ်းအနားတွင် မရမ်းကုန်းမြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူး ကြည်မောင်က သာဓုအနုမောဒနာ ဝမ်းမြောက်စကား ပြောကြား ပြီးနောက် မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့အစည်းသုံးရပ်မှ တာဝန်ရှိသူများက မဟာဗောဓိပင်ပျိုးကို ပင့်ဆောင်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှိန်လက်သို့ လွှဲပြောင်းပေးအပ်ပြီး အမွှေးနံ့သာရည်များဖြင့် သွန်းလောင်းပူဇော်ကြသည်။

## ကရဝိက်ဖောင်ဖြင့်ပင့်

ထို့နောက် မဟာဗောဓိပင်ပျိုး ပင့်ဆောင်ရေးအဖွဲ့ဥက္ကဋ္ဌသည် ဗဟန်းမြို့နယ်နှင့်ဒဂုံမြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် အတူ ထီးဖြူတော်လေးလက် အုပ်မိုးထားသော ကရဝိက်ဖောင်တော်ပေါ်သို့ မဟာဗောဓိ ပင်ပျိုးကို ပင့်ဆောင်ကြပြီး ကရဝိက်ဖောင်တော်နောက်မှ ဘာသာရေးသာသနာရေး အသင်းအဖွဲ့များမှ အသင်းဝင်ပေါင်း ၂၀-တို့က ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကာ မော်တော်ယာဉ်များဖြင့် လိုက်ပါလာကြသည်။

မဟာဗောဓိပင်ပျိုးကို ကရဝိက် ဖောင်တော်ဖြင့် ကမ္ဘာအေး စေတီလမ်း တက္ကသိုလ်ရိပ်သာလမ်း၊ ပြည်လမ်းမကြီးနှင့် အလုံ

လမ်းများအတိုင်း ပင့်ဆောင်လာရာ ကမ္ဘာအေး စေတီလမ်းတွင် ရန်ကင်းမြို့နယ်မှ လည်းကောင်း၊ တက္ကသိုလ်ရိပ်သာလမ်းနှင့် ကမ္ဘာအေးစေတီ လမ်းဆုံတွင် ဗဟန်းမြို့နယ်မှ လည်းကောင်း၊ တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ် ဓမ္မာရုံရှေ့တွင် ကမာရွတ်မြို့နယ်မှလည်းကောင်း၊ ပြည်လမ်းမကြီးရှိ ပဒုမ္မာကွင်းရှေ့တွင် စမ်းချောင်းမြို့နယ်မှ လည်းကောင်း၊ အလုံလမ်း ဦးဝိစာရ အဝိုင်းကြီးအနီးတွင် ဒဂုံမြို့နယ်မှ လည်းကောင်း၊မြို့နယ်အတွင်းရှိ လုပ်သားပြည်သူများက ကြည်ညိုဖွယ် မဏ္ဍပ်များ ဆောက်လုပ်၍ လည်းကောင်း၊ သာသနာ့အလံများ လွှင့်တူ၍လည်းကောင်း၊ ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်၍ လည်းကောင်း၊ စတုဒိသာများ ကျွေးမွေးလှူဒါန်း၍ လည်းကောင်း၊ မင်္ဂလာ စည်တော်များ ရွှမ်း၍လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကြည်ညို ပူဇော်ကြသည့်အပြင် မဟာဝိဇယစေတီတော် တည် ဆောက်ရေးအတွက် အလှူငွေများကို ထည့်ဝင်လှူဒါန်းကြသည်။

## ဓမ္မရက္ခိတကုန်းပေါ်သို့

နံနက် ၈-နာရီ ၂၀-မိနစ်တွင် မဟာဗောဓိပင်ပျို ပင့်ဆောင် လာသည့် ကရင်ကော်ဖောင်တော်သည် ဓမ္မရက္ခိတ ကုန်းမြေအစသို့ ရောက်ရှိလာရာ၌ ရွှေတိဂုံစောင်းတော် ကျောင်းရေသွန်းပွဲတော်မှ ဘာသာရေး သာသနာရေး အသင်းအပွဲ့များ၊ ဒဂုံမြို့နယ်အတွင်း ရှိ လုပ်သားပြည်သူများ စေတနာရှင် လုပ်သားပြည်သူများက အသင့် စောင့်ကြို ပူဇော်ကြပြီးနောက် မဟာဗောဓိပင်ပျိုကို တင်ဆောင်လာသည့် ကရင်ကော်ဖောင်တော်ကို မြန်မာ့ရိုးရာ ထုံး

ခမ်းစဉ်လာအတိုင်း ရွှေဝင်း-နောက်ဝင်းများ ခင်းကျင်း၍ ၊မွေရကျိတ ကုန်းတော်ပေါ်သို့ ခမ်းနားသိုက်မြိုက်စွာဖြင့် ဆက် ပက် ပင့်ဆောင်သွားကြသည်။

နံနက် ၉-နာရီတွင် မဟာဗောဓိပင်ပျိုး ပင့်ဆောင် စိုက်ပျိုး သည့် မင်္ဂလာသဘင် အခမ်းအနား စတင်ကြောင်း အခမ်းအ နားမှူး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကြည် သွင်က ကြေငြာပြီး ပရိသတ်များက နိုင်ငံတော် သံဃာ့မဟာ နာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီးထံမှ ရှစ်ပါးသီလ ခံယူဆောက် တည်ကြသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ပဲခူးမြို့မဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဉာဏုတ္တရ ဆရာ တော်ကြီးက ဗောဓိပင်ပျိုးစိုက်ပျိုးခြင်း၏ အကျိုးတရားများနှင့် စပ်လျဉ်းသော ဩဝါဒကထာ မြွက်ကြားတော်မူသည်။

## မင်္ဂလာအချိန်

ထို့နောက် မဟာဗောဓိပင် စိုက်ပျိုးမည့် မဟာဝိဇယစေတီ တော် ဖြစ်မြောက်ရေး ဗဟိုအဖွဲ့ နာယကလူကြီးများနှင့် ဗဟို အဖွဲ့ဥက္ကဋ္ဌတို့သည် သတ်မှတ်ထားသော နေရာ၌ အသင့် နေရာ ယူထားကြပြီး ဝေယျာဝစ္စအဖွဲ့မှ မဟာဗောဓိပင် စိုက်ပျိုးမည့် နေရာတွင် ဗောဓိမြေများ ဖြန့်ခင်းခြင်း ၊ သဲပျောင်း သွန်း လောင်းခြင်းများ ပြုလုပ်ကြသည်။

နံနက် ၉-နာရီ ၅၇မိနစ် ၃၆-စက္ကန့်တွင် မင်္ဂလာအချိန် ကျရောက်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးအဖွဲ့

အမှူးဆောင် အရာရှိချုပ် ဒုတိယ ဗိုလ်မှူးကြီးမောင်မောင်သန့်က ကြေငြာရာ ဆရာတော်သံဃာတော်များက ဇယန္တော ဗောဓိယာမူလေ အစရှိသော ဇယပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး မဟာဝိဇယစေတီတော် ဖြစ်မြောက်ရေး ဧဟိုအဖွဲ့ နာယကလူကြီးများနှင့် ဧဟိုအဖွဲ့ ဥက္ကဋ္ဌတို့က မဟာဗောဓိပင်ပျိုးကို အောင်မြင်စွာ မြေချစိုက်ပျိုးကာ ရွှေ, ငွေ, ရတနာမြေများ လောင်းဖို့ခြင်း, နံ့သာ အထုံရေများ သွန်းလောင်းခြင်းတို့ကို လုံးတန်း အစဉ်အလာအတိုင်း စနစ်တကျ ဆောင်ရွက်ကြသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်ကြီးများက မဟာဗောဓိပင်ပျိုးရင်း၌ မြတ်စွာဘုရားအား ရည်မှန်း၍ အနေကဇာတိသံသာရံ အစရှိသော ဥဒါန်းဂါထာတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော် မူကြပြီး ပရိသတ်များက သာဓုအနုမောဒနာ သုံးကြိမ်ပြုကြသည်။

ထို့နောက် အခမ်းအနားသို့ ကြွရောက်လာကြသည့် ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ် ရွတ်ဆိုပူဇော်ကြပြီး ခရာသင်း, ထိုးစည်, ကြေးစည်များ တီးခတ်ကာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ညနေပိုင်းတွင် ဓမ္မရက္ခိတကုန်းတော်ပေါ်၌ စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူ သဲကုန်းဆရာတော် အရှင်ဉာဏိဿရ မထေရ်မြတ်က ဗောဓိပူဇာ တရားတော်ကို ဟောကြားတော်မူသည်။


## ဗေဒါပင် အစုံဆုံးနေရာ

မြန်မာပြည်၌ မဇ္ဈိမဒေသမှဖြစ်စေ သီဟိုဠ်မှဖြစ်စေ ဗေဒါပင်များ ပင့်ဆောင်ကိုးကွယ်မှုမှာ ပုဂံခေတ်၊ ကုန်းဘောင်ခေတ်၊ လွတ်လပ်ရေးခေတ်၊ မျက်မှောက်ခေတ်အထိ အဆက်မပြတ်ပင် ဖြစ်သည်။

ယင်းသို့ ခေတ်အဆက်ဆက် အဆက်ဆက် ပင့်ဆောင်ကိုးကွယ်မှု ပြုခဲ့ကြသော်လည်း ဗေဒါပင် အစုံအလင်ကားမဟုတ်ပေ၊ ဗုဒ္ဓရှင်တော်မြတ်ကြီး ပွင့်တော်မူရာ "**မဟာဗောဓိပင်ဆောင်ပုဒ္ဓဂေဟ**"တမျိုးသာ ဖြစ်သည်။

ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဆင္ဃသင်္ဂါယနာ လိုဏ်ဂူတော်ကြီး ဝန်းကျင်တွင်မူ ပွင့်တော်မူပြီးသော ဘုရား ၂၈-ဆူတို့၏ ဗေဒါပင်များကို အပြည့်အစုံ စိုက်ပျိုးထားရှိသည်။ ဗေဒါကံ့ကော်ပင်များ၊ ဗေဒါညောင်ကြပ်ပင်များ၊ ဗေဒါထောက်ကြံ့ပင်၊ ဗေဒါပိတောက်ပင် စသည်များစွာ စုံလင်လှသည်။

ထိုလိုဏ်ဂူကြီး၏ မြောက်ဘက် တွင် တော်လှန်ရေးခေါင်းဆောင်ကြီး ဦးနေဝင်းနှင့်ဇနီးဒေါ်ခင်မေသန်းတို့ အိန္ဒိယပြည်သို့ ချစ်ကြည်ရေး သွားရောက် လည်ပတ်စဉ်က ပင့်ဆောင်လာသော မဟာဗောဓိပင်ရှိသည်၊ အောင်မြင် ရှင်သန်လှပေ၏၊ ထိုဗေဒါပင်၏ မြောက်ဘက်တွင် ဗေဒါပင်သမိုင်း ကျောက်စာတိုင်ကို ပါဠိ၊ မြန်မာ၊ အင်္ဂလိပ် သုံးဘာသာဖြင့် ရေးထိုးစိုက်ထူထားသည်၊ ကျောက်စာ အပြည့်အစုံမှာ တဘက်ပါအတိုင်းဖြစ်၏။



တော်လှန်ရေးကောင်စီဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့်ဇနီးတို့
ပင့်ဆောင်စိုက်ပျိုးခဲ့သော ဗောဓိပင်တော်
(ကမ္ဘာအေးလိုဏ်ဂူမြောက်ဘက်တွင်ရှိသည်)

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

အိန္ဒိယ ဓမ္မပဏ္ဏာတော်
မဟာဗောဓိပင် ကျောက်စာတိုင်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်
ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန
သာသနာရေး ဦးစီးဌာန
သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ရန်ကုန်မြို့

သာသနာတော် ၂၅၂၅-ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၄၃-ခုနှစ်
ပြာသိုလပြည့်ကျော် ၅-ရက်
ခရစ် ၁၉၈၂-ခုနှစ်၊ ဇန်နဝါရီလ ၁၃-ရက် ကြာသပတေးနေ့
နံနက် ၉-နာရီတွင် စိုက်ထူသည်။

(မြောက်ဘက်)

## မဟာဗောဓိပင်သမိုင်း ကျောက်စာ

ပြည်ထောင်စု မြန်မာနိုင်ငံတော် တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ ဗိုလ်ချုပ်ကြီး နေဝင်းနှင့် ဇနီး ဒေါ်ခင်မေသန်းတို့ အိန္ဒိယသမ္မတနိုင်ငံ တော်သို့ ချစ်ကြည်ရေး အလည်အပတ် သွားရောက် ရာတွင် မြန်မာသက္ကရာဇ် ၁၃၂၉ ခုနှစ် တပေါင်း လပြည့်ကျော် (၇)ရက်၊ ခရစ်နှစ် ၁၉၆၈-ခုနှစ် မတ်လ ၂၀-ရက် ဗုဒ္ဓဟူးနေ့၌ နယူးဒေလီမြို့ သမ္မတအိမ်တော် တွင် အိန္ဒိယသမ္မတနိုင်ငံတော် ဝန်ကြီးချုပ် မစ္စစ်အင်ဒီရာ ဂန္ဒီက ဓမ္မလက်ဆောင်အဖြစ် ပေးအပ်သည့် မဟာဗောဓိ ပင်ကို ရန်ကုန်မြို့ ဆင္ဃသင်္ဂါယနာ သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေ ပိဋကတ်တိုက်ဝင်းအတွင်း၌ ၁၃၃၀-ပြည့်နှစ် တော်သလင်း လပြည့်ကျော် (၈) ရက် ခရစ်နှစ် ၁၉၆၈-ခုနှစ် စက်တင်ဘာလ ၁၄ - ရက် စနေနေ့ နံနက်၆း၃၀-နာရီတွင် မြေချစိုက်ပျိုး ပူဇော်သည်။

**သာသနာရေး ဦးစီးဌာန**

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန

(တောင်ဘက်)

## Inscription Commemorating the planting Of the Maha Bodhi Tree

This is the religious gift presented by the prime Minister of the Revolutionary Council of the Union of Burma, Agga-Mahā Siri Sudhamma General Ne Win and Daw Khin May Than, at the President's House in New Delhi on Wednesday, 20th March, 1963 (Burmese Era 1329, Seventh Waning Day of Tabaung)'on the Occasion of their goodwill visit to the Republic of India.

It was planted and consecrated in the Precinct, of Sacred Library at Chaṭṭhasaṅgiti Siri Mangala Hill, Kaba-Aye, Rangoon on Saturday, 14 th September, 1968 (Burmese Era 1330, Eighth Waning Day of Tawthalin) at 6;30 a-m.

The Department of Religious Affairs,
Ministry of Home and Religious Affairs,

(အရှေ့ဘက်)

## မဟာဗောဓိရုက္ခုပ္ပတ္တိ
## သိလာလေခနမိဒံ

မရမ္မရဋ္ဌသင်္ဂမေ အဂ္ဂမဟာသိရိသုဓမ္မောပါဒိစောရိ အဂ္ဂမဟာသေနာပတိနေဝင်းတိ နာမဓေယျော ရဇ္ဇပရိဝတ္တနသမိတိယာ ဥက္ကဋ္ဌဘူတော ဒေါ်ခင်မေသန်းတိ နာမဓေယျာယ သဟ ပုညကာရိနိယာ သဒ္ဓိံ ဘာရတိယ သမ္မတမဟာရဋ္ဌံ သုဟဇ္ဇစာရိက.မစရိ။ တဒါ မရမ္မဝသော ဧကူနတ္တိံသာဓိကတိသတေကသဟဿေ ဖဂ္ဂုနမာသဿ ကာဠပက္ခသတ္တမိယ ခရိတိဝသေ အဋ္ဌသဋ္ဌျာဓိကနဝသတေကသဟဿေ တတိယမာသဿ ဝီသတိမေ ဗုဓဝါရေ တဿ အဂ္ဂမဟာသေနာပတိနော နယူးဒေလီနဂရေ သမ္မတရာဇမန္ဒိရေ သိရိမတီဣန္ဒိရာဂန္ဓီတိ နာမဓေယျာယ ဘာရတိယ မဟာရဋ္ဌဿ ပဓာနမန္တိနိယာ တရုဏမဟာဗောဓိရုက္ခော ဓမ္မပဏ္ဏာကာရဘာဝေန ဒိန္နော။

သောစ ဝေရိက္ခယနဂရေ ဆဋ္ဌသင်္ဂီတိ ဘူမိဘာဂေ သိရိမင်္ဂလာ ကမ္ဘာအေးထလေ ပိဋ္ဋကာလယပရိဝေဏေ မရမ္မဝသော တိံသာဓိက တိသတေကသဟဿေ ပေါဋ္ဌပါဒ မာသဿ ကာဠပက္ခအဋ္ဌမိယံ ခရိတိဝသေ အဋ္ဌသဋ္ဌျာဓိက နဝသတေကသဟဿေ နဝမာသဿ စတုဒ္ဒသမေ သနိဝါရေ ပုဗ္ဗဏှသမယေ အစ္စာဓိက ဆ ဃဋိယံ ပူဇိတော စေဝ ရောပိတော စာတိ။

သာသနိကဝိဘာဂ
သရဋ္ဌိယသာသနိကမန္တာလယ

(အနောက်ဘက်)

## မဟာဗောဓိအများဆုံးနေရာ

မြန်မာပြည်၌ ဗောဓိပင်အများဆုံးနေရာကို ပြပါဟုဆိုလာလျှင် မုံရွာမြို့နယ်ရှိ "**ဗောဓိတထောင်ဘုရား**"ကိုသာ ကြွပါဟု ညွှန်ရပေလိမ့်မည်၊ ထိုနေရာ၌ "**ဆရာတော်ဦးနာရဒ**" ကြီးမှူး၍ ဗောဓိပင်များ စိုက်ပျိုးထားရာ အပင်တထောင်ရှိသည်၊ အပင်တိုင်း၏အောက်ခြေတွင်လည်း ပလ္လင်နှင့်တကွ ဆင်းတုတော်များ ထုလုပ် ကိုးကွယ်ထားသည်၊ ကျယ်ဝန်းလှသော မြေအပြင်ပေါ်၀ယ် ဗောဓိပင်များကို စနစ်တကျ စိုက်ပျိုးထားပေသည်၊ အတော်မောအောင်တက်ရသော မျှော်စင်ထက်မှ ကြည့်မျှော်ဖူးမြင်ရလျှင်ဗောဓိပင်လယ်ကြီး၊ ဗောဓိတောမြို့၊ ဗောဓိတောအုပ်ကြီးအတွင်းသို့ရောက်ရှိရသည့်ပမာ ခံစားကြရသည်၊ထိုနေရာကား ဗောဓိပင်အများဆုံးနေရာပေတည်း။

ရန်ကုန်မြို့ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းအဖွဲ့ ဩဝါဒါစရိယဆရာတော် ခြောက်ထပ်ကြီး ဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာဇိဏ္ဏ မဟာထေရ် ဆရာတော် ဘုရားကြီး၏ ဗောဓိပင်ဆိုင်ရာ အဆုံးအဖြတ်များ—

၁။ ဗောဓိကိုင်းဖြတ်ကောင်းပုံ

(က) ဓာတ်တော်နှင့်တကွ စေတီတော်ကို ထိုးဖျက်နှိပ်စက်နေသော ဗောဓိကိုင်းကို ဖြတ်ကောင်းသည်။

(ခ) ထိုဗောဓိကိုင်းတို့၌ နားနေကြသောငှက်တို့သည် စေတီတော်၌ ကျင်ကြီးကျင်ငယ် အကယ်၍ စွန့်ချခဲ့ငြားအံ့၊ ထိုဗောဓိကိုင်းကိုလည်း ဖြတ်ကောင်းသည်။

(ဂ) အကြွင်ကျောင်း၌ မြတ်စွာဘုရား၏ ဓာတ်တော်ကိုသိမ်း ကိုးကွယ်ထားအပ်၏၊ ထိုဓာတ်တော်ကျောင်းကို စောင့် ရှောက်ခြင်းငှာ ဓာတ်တော်ကျောင်းကို ထိုးနေသော ဗောဓိကိုင်းကို ဖြတ်ကောင်းသည်။

၂။ အမြစ်ဖြတ်ကောင်းပုံ

(ဃ) စေတီ၏ ဖိနပ်အကြည်ကို ဖျက်ဆီး၍သွားသော ဗောဓိ မြစ်ကိုလည်း ဖြတ်တောက်ပယ်ရှားကောင်းသည်။

(င) အကြောင်းကား မြတ်စွာဘုရား၏ ဓာတ်တော်ကိန်းဝပ် သော စေတီတော် ရုပ်တုတော်များသည် ဗောဓိပင် စသော ပရိဘောဂစေတီထက် အထူးသဖြင့် မြတ်သော ကြောင့်တည်း။

၃။ ဗောဓိပင်ကို စည်ပင်အောင်ပြုကောင်းပုံ

(စ) ကောင်းသောစိတ်ဖြင့် ဗောဓိပင်၏ ကြီးပွားစည်ပင်ခြင်း အကျိုးငှာ ဩဇာရှိသောအကိုင်းကိုပယ်ခြင်း၊ ပုပ်ဆွေး ရာအရပ်ကို ဖြတ်တောက်ပြုပြင်သောပုဂ္ဂိုလ်သည် သက် တော်ထင်ရှား မြတ်စွာဘုရား ကိုယ်တော်၌ သွတ်သင် ရှင်းလင်းသောသူများ ကုသိုလ်ရသလို ကုသိုလ်ကောင်းမှု တိုးပွား အကျိုးများစွာ ရသည်။

(ဆ) တယောက်သော ဥပါသကာသည် အနောမဒဿီမြတ်စွာ ဘုရား၏ ဗောဓိပင်ကို ပြုစုပျိုးထောင်၏၊ ဗောဓိပင်ရင်း ပတ်ဝန်းကျင်၌ အင်္ဂတေ မြေညက်ဆိုင်တို့ကို ကာရံပေး

လျက် ရှိရှိသေသေပြုလုပ်သဖြင့် ယခုဘုရားရှင်လက်ထက်မှာ **အနုလောမပဒါယကာရဟန္တာမထေရ်**ဖြစ်လာ၏။

ဗောဓိကိုင်းနှင့်ဆင်းတုသည် ကျောင်းတန်ဆောင်းတို့ထက်မြတ်၏။

အကြင်ဗောဓိကိုင်းသည် ဗောဓိပင်၏ အခြံအရံဖြစ်သော ဗောဓိကျောင်းနှင့် ဗောဓိတန်ဆောင်းကိုထိုးဖျက်နှိပ်စက်၏၊ ဗောဓိကျောင်းတန်ဆောင်းကို စောင့်ရှောက်ခြင်းငှာ ထိုဗောဓိကိုင်းကို မဖြတ်ကောင်း။ အကြောင်းကား-အခြံအရံဗောဓိကျောင်း၊ ဗောဓိတန်ဆောင်းသည် ဗောဓိပင်အကျိုးငှာသာလျှင်ဖြစ်၏၊ ဗောဓိပင်သည်ဗောဓိကျောင်းဗောဓိတန်ဆောင်း အကျိုးငှာ မဖြစ်နိုင်၊ ထို့ကြောင့် ဗောဓိကိုင်းကိုမဖြတ်ရ (ရုပ်ပွားစေတီဟောင်းပြင်ဆင်မှုအသုံးအဖြတ်ကျမ်းမှ)

ပင်းမြို့ ပဌမမြောက် ဆရာတော်

# ဘဒ္ဒန္တဗာကုလမဟာထေရ်၏

# အတ္ထုပ္ပတ္တိအကျဉ်း

ဆရာတော်ဦးဗာကုလသည် နတ်မောက်မြို့နယ် ပင်းငွေးချို သဖန်းကန်ရွာရှိ ခမည်းတော်ဦးအောင်-မယ်တော်ဒေါ်ဂေါက်စံ တို့မှ ၁၂၉၇-ခုနှစ် နတ်တော်လပြည့်ကျော် ၃-ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသည်။

၁၃၁၆-ခုနှစ်တပေါင်းလဆန်း ၁၀-ရက် တနင်္လာနေ့တွင် သဒ္ဓမ္မဝံသာရုံ ပါဠိတက္ကသိုလ်ကျောင်းဆရာတော် ဦးဥတ္တမအား ဥပဇ္ဈာယ်ပြုလျက် မိတ္ထီလာမြို့ကောင်စီအတွင်းရေးမှူးဦးတင်ဖေ-ဒေါ်သန်းမေတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ မြင့်မြတ်သောရဟန်း အဖြစ်သို့ ရောက်တော်မူသည်။

၁၃၂၄-ခုနှစ်တွင် မန္တလေးမြို့ ညောင်ရမ်း ပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော် ဦးလက္ခဏ ထံတွင် သီတင်းသုံးစဉ် အစိုးရစာချတန်း စာမေးပွဲကိုအောင်မြင်သဖြင့် (သာသနဓဇ ဓမ္မစရိယ)ဘွဲ့ကို ကောင်းစွာရရှိခဲ့သည်။

ဆရာတော်ဦးဗာကုလ ရှင်အဖြစ်သို့ ရောက်ရှိသည်ဆိုသည်မှ စ၍ ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့ရသော ဆရာတော်များမှာ ပင်းမြို့ ငွေးချိုသဖန်းကန်ရွာ ဆရာတော် ဦးဃောသိတ၊ ဦးကုဏ္ဍလ၊ ဦးဩဘာသ၊ မိတ္ထီလာမြို့ သဒ္ဓမ္မဝံသာရုံကျောင်း ဆရာတော်ဦးဥတ္တမ၊မဟာနန္ဒိသေနာရာမဆရာတော်၊ညောင်ရမ်း ပါဠိတက္ကသိုလ် ကျောင်းအုပ်နှင့် ဣထိက ဆရာတော်များနှင့် ပခုက္ကူမြို့ မဟာ ဝိ သု တာ ရာ မ တိုက်မှ ဆရာတော်များဖြစ်ကြသည်။

၁၃၂၇-ခုနှစ်တွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ စစ်ကိုင်းကျောင်း ဆရာတော်ထံတွင် ဘာသန္တရ စာပေများ လေ့လာဆည်းပူးနေစဉ် ပင်းငွေးချိုဆရာတော်ဦးဃောသိတ၏ အမိန့်အရလည်းကောင်း၊ ပင်းမြို့ကျေးရွာရှိ ဒကာ ဒကာမတို့၏ လျှောက်ထားတောင်းပန်မှုအရ လည်းကောင်း၊ ယင်းနှစ် နတ်တော်လဆန်း ၁၀-ရက်နေ့မှစ၍ ဤပင်းမြို့ကျောင်းတွင် ပဋ္ဌမမြောက် ဆရာတော်အဖြစ် ကျောင်းထိုင် အုပ်ချုပ်ရသည်။

ယခုအခါ ဆရာတော်သည် သက်တော် ၄၉-ရှိ၍ သိက္ခာတော် ၂၉-ဝါရှိပြီဖြစ်သည်။ ဤအချိန်သည် ဉာဏ်မီးတောက်ချိန်ဖြစ်၍ သာသနာပြုကောင်းချိန်ပင် ဖြစ်သည်။ ဘဝအတွေ့အကြုံများကို အခြေခံ၍လည်းကောင်း၊ ပိဋကတ်စာပေ ဂန္ထန္တရကျမ်းစာ အထွေထွေတို့မှ ရရှိအပ်သော သင့်နိုးရာရာအဆို အမိန့်များကို ရယူ၍လည်းကောင်း၊ ပင်းမြို့မ ကျောင်းတိုက်ကြီး၏ တိုးတက် သာယာမှုကို ဖန်တီးဆဲ ဖန်တီးလတ္တံ့ပင် ဖြစ်သည်။

## ဆရာတော်၏ ဟန်ပန်မူရာများ

ဆရာတော်သည် စာပေကို ချစ်မြတ်နိုး၍ ပညာရေးကို အားပေးလှသည်၊ ဆရာတော် ကျောင်းတွင် စာအံသံ မဆိတ်ခြင်းက သက်သေပြုလျက်ရှိသည်၊ အခြေခံရရှိပြီး ရှင်သာမဏေများအား နတ်မောက်မြို့ပေါ်ရှိ ဒီပင်္ကရာကျောင်းတိုက်သို့ ပို့ဆောင်ခြင်း၊ သင့်လျော်ရာ မြို့ပြရှိဆရာတော်များအား အပ်နှံခြင်းဖြင့် ပရိယတ္တိပညာရေးကိုလည်း အားပေး ထောက်ပံ့လျက်ပင် ရှိသည်၊ (အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ၊ ဟူသောတရားနှင့် ညီညွတ်လှပါပေ၏။)

ဆရာတော်သည် ဝိနည်းတရားတော်ကို ရိုသေစွာ လိုက်နာလျက်ရှိရာ အာဂန္တုကဝတ်၊ အာဝါသိကဝတ်များ အထူးပြည့်စုံလှသည်၊ မဟာဗောဓိပင်အား အဖူးအမြော် လာခြင်းဖြင့် ညော့ ပရိသတ် မပြတ်မစဲရှိပေရာ နေ့တမုဝအာဂန္တုက ဝတ်ပြုနိုင်ရေး မှာ မလွယ်ကူလှပေ။

ဆရာတော်သည် အနေရိုးသည်၊ အပြောပြတ်သည်၊ စည်းကမ်းရှိသည်၊ စနစ်ကျသည်၊ ကျောင်းတွင်း ကျောင်းပြင် သူ့နေရာနှင့်သူ နေတတ်ထိုင်တတ် ထားတတ် သိုတတ်ရန် များလှစွာသော တပည့်တို့အား သင်ကြားပေးလေ့ ရှိသည်၊ ယင်းကြောင့် ထိုတပည့်တို့သည် ဆရာအား ချစ်ကြောက်ရိုသေရှိလှပေသည်။

ဆရာတော်ထံသို့ နယ်လေးရပ်မှ မဟာဗောဓိပင်ပွားများ အလှူခံလာလေ့ရှိရာ ဆရာတော်သည် ထိုထိုအရှင်မြတ်တို့၏ အလို ဆန္ဒကို ဖြည့်စွက်နိုင်ရန် အလို့ငှာ ဗောဓိပင် ပျိုးထောင်မှုကို နှစ် စဉ်ပြုလုပ်ထားသည်၊ အချို့ ဗောဓိပင်ငယ်များမှာ အပင်ပေါက် ၍ ၄-လက်မ၊ ၅-လက်မရှိလျှင်ပင် ပင့်လိုသူ ဒကာပေါ၍ ဒေသစာရီ ကြွချီရတော့သည်၊ ဆရာတော်ကား ပျိုးမြဲ။

ဆရာတော်သည် ဗောဓိယင်္ဂဏဝတ်ပြုရာတွင် အထူးပင် နှစ်သက်လေ့ရှိ၏။ ဗောဓိပင်နှင့်စပ်သော ထိုထိုသိမှတ်ဖွယ်ရာ ဗဟု သုတများကိုလည်း ဟောပြ မိန့်ကြားတော် မူတတ်၏၊ အောက် ပါ ဗောဓိပင် ဘုရားရှိခိုးမှာ ပင်းမြို့ဆရာတော် ဦးဗာကုလ အမြဲ ဝတ်ပြု ရှိခိုးသော ဂါထာဖြစ်သည်။ ဌာန်ကရိုဏ်းကျနစွာ ရွတ် ဆို ရှိခိုးကြည့်ပါ။

## မဟာဗောဓိ ဘုရားရှိခိုး

တဿ မူလံ မဟာဉာဏော၊ ဥပေသိ ဗောဓိမဏ္ဍလေ။
တဿ ဗုဒ္ဓဿ ပါဒေစ၊ သဗောဓယော နမာမဟံ။

မဟာဉာဏော၊ မြေထုရေထု လေအစုနှင့် မေရုဗဟို တောင် မြင်းမိုရ်ပင် နိုင်းဆိုမရ ကြီးမြင့်လှသည့် ဉာဏ်များမဟေ သုံးလူ ဆွေသည်။ ဗောဓိမဏ္ဍလေ၊ ကမ္ဘာတည်ဦး မကတူးက ပွင့်ဖူး ပဒုံ ကြာငါးရုံနှင့် ငါးစုံသင်္ကန်း ပေါ်ထွက်ထွန်း၍ လေးကျွန်း အစ ဘုရားပဘိ တုမရှိသည့် ဗောဓိမဏ္ဍိုင် မြေဦးဆိုင်၌။

ဋ္ဌိတော၊ စိမ်းလဲ့ပြိုးပြောင် မြသွေးရောင်နှယ် သံတောင်တထု ထက်အာကာသို့ မြင့်စွာဖြိုးမောက် တန်ခိုးတောက်၍ ပေါက်ရောက်တည်ရှိသော။ ယော ဗောဓိရုက္ခော၊ ဖွားဖက်တော်ရင်း အကြင် ဗောဓိပင်မင်းသည်။ အတ္ထိ၊ ဖားဖားဝေဝေ တည်ရှိပေ၏။ တဿ ဗောဓိရုက္ခဿ၊ သဗ္ဗညုတ ဉာဏ်များသခင် မိးရှူစဉ်က တူပင်ပြိုင်လက် မြေမှထွက်သည့် ဖွားဖက်တော်ရင်း ထိုဗောဓိပင်မင်း၏။ မူလံ၊ ရှေးရှုရှက်စပ် အနီးရပ်သို့။ ဥပေသိ၊ ဥရုဝေဠ အမည်ရသည့် တောမှ ခဲ့ခွာ ပန်းမိုးရွာလျက် ဒေဝါဖန်သ နတ်လမ်းမဖြင့် လှမ်းတရင်ရင် မြန်းကြွဝင်၍ **မောင်စင်လှူဆက်** ရှစ်ဆုပ်မြက်ဖြင့် ရွှေလက်တော်ဆန့် ကြဲကာဖြန့်မည် စိတ်တော်ရည်၍ ထိုဤလှည့်ပတ် အရှေ့ရပ်က ချဉ်းကပ်တော်မူလေပြီ။ သဗောဓယော၊ ပင်စည်ကိုင်းခက် ကြွားကြွားတက်သည့် ဖွားဖက်တော်ရင်း ဗောဓိပင်မင်းနှင့် တကွဖြစ်သော။ တဿဗုဒ္ဓဿ၊ ထိုဗော ဓိပင်မင်း ရွှေဘောင်ကြီးသို့ ယှဉ်မှီးကပ်ငြားမြတ်ဘုရား၏။ ပါဒေစ၊ ပတ္တမြားအသွေး နီထွေးရောင်လျှပ် ကန့်အတွက်နှင့် ရွှေစက်အစုံ ကြာပဒုံတို့ကိုလည်း။ အဟံ၊ ပဋိစ္စဝတ် သံသာညွတ်မှ မလွတ်နိုင်ပဲ တလဲလဲနှင့် ဆင်းရဲဒုက္ခခံနေရသော အကျွန်ုပ်သည်။ နမာမိ နမောတဿ၊ ဇောဗလဝ ဖြင့် ဝရဇိန်နှုန်း ကျမ်းတိုင်းအဆီ ဆန်းဂိုဏ်းညီအောင် စီကာကုံး၍ ရှင်ပြုံးသဒ္ဒါ စိတ်ကြည်နိဗ္ဗာန်တိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**(ဝိဇ္ဇောဒယဆရာတော် ရေးသည်)**

## သံဝေဇနိယ လေးဌာန

ဇာတဋ္ဌ သမ္ဗောဓနဋ္ဌ၊ ဓမ္မစက္က ပဝတ္တနံ။
နိဗ္ဗာနဋ္ဌာတိ စတ္တာရိ၊ သံဝေဇနိယာနိတိ လက္ခယေ။

ဇာတဋ္ဌ၊ သုံးလောကထိပ်တင် ဘုရားရှင် ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တော် လည်းကောင်း။ သမ္ဗောဓနဋ္ဌ၊ လောကဥက္ကဋ္ဌဘုရားမြတ်၏ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိတော်မူရာ ဗောဓိပင်လည်းကောင်း။ ဓမ္မစက္က ပဝတ္တနံ၊ ဓမ္မစကြာတရားတော် ဟောတော်မူရာ မိဂဒါဝုန်ဥယျာဉ်တော်လည်းကောင်း။ နိဗ္ဗာနဋ္ဌ- ရွှေပြည်နိဗ္ဗာန် ဝင်စံတော်မူရာ ရဂုံသာမော အင်ကြင်းတောလည်းကောင်း။ ဣတိစတ္တာရိ၊ သချပ်တွက်ကြား ဤလေးပါးတို့ကို။ သံဝေဇနိယာနိတိ- နောက်သားနောင်လာ သူတော်စွာတို့ သံဝေဂဖြစ်ရာဌာနတို့ ဟူ၍။ လက္ခယေ- ကောင်းမှု တောင်းဆု ပေါင်းပြုညီညာ ဖွေရှာလိုလား အမျိုးသားတို့ ကြိုးစားပုံသေ မှတ်သားကြရလေတော့သတည်း။ (အကျယ်=ဒီ။ ၂။ ၁၁၆၊ ကြည့်ပါလေ)

ဤသည်တို့မှာ- ရွှေညောင်တော် အတ္ထုပ္ပတ္တိကထာကျမ်း, မှန်နန်း ရာဇဝင်တော်ကြီး ပထမတွဲ, မြန်မာ့စွယ်စုံကျမ်းနှင့် မဟာဗုဒ္ဓဝင်စသော အထွေထွေကျမ်းဂန် မှတ်တမ်းတို့မှ အခြေခံ၍ ရေးသားအပ်သော **မဟာဗောဓိ ရွှေညောင်တော် သမိုင်း သစ်ပေတည်း**။

## ကျမ်းပြီးနိဂုံး

**ဇိတံ မေ။** ။ဘဒ္ဒန္တဗာကုလနှင့် ဘဒ္ဒန္တပညာသာမိ မဟာထေရ်နှစ်ပါးတို့၏ တိုက်တွန်းချက်အရ ၁၃၄၆-ခုနှစ် နယုန်လဆန်း ၃ ရက် တနင်္ဂနွေနေ့မှ စတင် ရေးသားခဲ့သော စာမျက်နှာ (၂၀၀)ရှိ ဤ **မဟာဗောဓိ ရွှေညောင်တော် သမိုင်းသစ်** သည် နယုန်လပြည့် မဟာသမယ အခါတော်နေ့ နံနက် ၉-နာရီတွင် အလုံးစုံ ပြီးစီးအောင်မြင်ပါသည်။

**သဒ္ဓါပညာပွင့်လင်းသာခဲ့။** ။ဤမဟာဗောဓိ ရွှေညောင်တော် သမိုင်း ကို ရေးသားရာ၌ ဗုဒ္ဓရှင်တော်မြတ်အား ပိုမိုကြည်ညိုခွင့် ကြုံရပါသည်၊ ပါဠိတော်မှလည်းကောင်း, အဋ္ဌကထာမှလည်းကောင်း, ထပ်မံကြည့်ရှုမိ ကြည်ညိုမိရသဖြင့် သဒ္ဓါပညာပွင့်လင်းသာခဲ့ရပါသည်၊ ထို့ပြင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစိတ္တ ...မင်းကွန်းဆရာတော်ဘုရားကြီး ဦးစီးရေးသားတော်မူသော မဟာဗုဒ္ဓဝင် ကျမ်းတော်ကြီး ၆-တွဲ ၈-အုပ်ကိုလည်း အခေါက်ခေါက် အခါခါ သုံးသပ် ဖတ်ရှုမိရပြန်သဖြင့် အားကြီးသော ငြိမ်းကြီးသဖွယ် မှီခိုရာရရှိခဲ့ပါသည်။

**ဒုတိယမြောက်သမိုင်း။ ပထမထုတ်** ။ဤသမိုင်းစာအုပ်သည် စာရေးသူ၏ ၆-အုပ်မြောက် စာအုပ်ဖြစ်၍ သမိုင်းစာအုပ်တွင်မူ ဒုတိယမြောက် ရေးသော သမိုင်းဖြစ်ပါသည်။ (ကရဝိက်ငှက်သမိုင်း စာအုပ်မှာ လွန်ခဲ့သော ခုနစ်နှစ်ကပင် ရေးခဲ့၏၊ မထုတ်ဖြစ်သေးပါ။)

**ရသစာပေနှင့် သုတစာပေ။** ။ဤစာရေးသူသည် ရသစာပေကိုသာ အရေးများခဲ့သဖြင့် သမိုင်းစာအုပ်များကို သုတစာပေဖြင့် ပြုရရာတွင် အတန်ငယ် ခက်ခဲမှုများ ကြုံတွေ့ခဲ့ရပါသည်၊ ယခု နိဂုံးပိုင်းကို ဖတ်ရှုနေသော ပုဂ္ဂိုလ်သည် ရှေ့ပိုင်း အခန်း-၆ ခန်းတို့ကိုလည်း ဖတ်ရှုပြီးဖြစ်မည်ဟု ယုံကြည်ပါသည်၊ ထိုအရေးတို့တွင် အချို့နေရာ၌ သုတသက်သက်ဖြင့် ဖွဲ့စည်းရေးပို့ထားသည်ကို တွေ့ရမည် ဖြစ်သော်လည်း အချို့နေရာ၌မူ ရသစာပေဖြင့် ပို့ပေးထားသည်ကို တွေ့ရပါမည်၊ ထိုရေးသားချက်များမှာလည်း '**ဤသမိုင်း**' ကိုပင် အထောက်အကူ ပြုထားသဖြင့် ဆီလျော်မှု ရှိသည်သာ တွေ့ရပါမည်။

ဤသမိုင်းကို ရေးသားနိုင်ရန် ပိဋကတ်ကျမ်းများ, ရာဇဝင် မဟာဝင်, ဗုဒ္ဓဝင်ကျမ်းစာများ၊ ငွယ်စုံကျမ်းများနှင့် မှတ်တမ်းများကို လက်လှမ်းမီသမျှ ရှာဖွေစုံစမ်း မှတ်ရှုလေ့လာခဲ့ပါသည်၊ ထို့ပြင် စိတ်တည်ငြိမ်မှု ရရှိစေရန် ဗုဒ္ဓါနုဿတိ ဘာဝနာပွားများခြင်း, ဗောဓိပင်ပျိုအား နေ့စဉ်ဆွမ်းခံပြန်တိုင်း ရေတော်သွန်းလောင်းခြင်း, အှုက်လှုခြင်း စသော ဗောဓိယင်္ဂဏဝတ်များကိုလည်း နိဗဒ္ဓဝတ်ထား၍ ဆောင်ရွက်ခဲ့ပါသည်၊ ဤသို့ ရုပ်ပိုင်း, စိတ်ပိုင်းဆိုင်ရာများကို ဖြည့်ဆည်းပံ့ပိုးခဲ့သဖြင့် ဤသမိုင်းကား "**ပြည့်စုံသော သမိုင်းတည်း၊ အမှားဟူက မူမျှမရှိသော သမိုင်းတည်း**" ဟူ၍ မဆိုသာပါ၊ ချွတ်ချော် တိမ်းယိမ်း လွဲမှားမှုများ ရှိနိုင်ပါ**သည်**၊ တွေ့နိုင်ပါသည်၊ ထိုအခါ

မုံရွေးစေတဝန်ဆရာတော်၏ အောက်ပါကဗျာကို ဖတ်ရှု၍ စာပေရေးသားပြုစုခြင်း သဘောကို စောကြောမိကြစေလိုပါသည်။

## မမှားဘယ်သို့ရှိလေမျို့

ဘုရားသာသနာ၊ လေးရာမက၊ ငါးရာမျှ၌၊ ဝန္ဒဂါမဏိ၊ မင်းကြီးလက်ထက်၊ အာဏာစက်တွင်၊ ထွန်းတက်ဖုန်းရောင်၊ ရွှေတောင်အက်ခြ၊ စကြနှယ်ရှုသား၊ သောဏာမည်ထူး၊ အမှူးပြုဆောင်၊ သောင်းသိဟိုဠ်ပေါ်၊ ထေရ်ကျော်ငါးရာ၊ ရဟန္တာဝသီ၊ သမ္မိဒါဉာဏ်ရ၊ သင်္ဃိန္ဒတို့၊ ဘုရားမိန့်ရွတ်၊ ပိဋကတ်ကို၊ မွတ်မွတ်ဖြူဖွေး ပေထက်ရေး၍၊ ဆေးလေးကြပ်ကြပ်၊ **အထပ်တရား၊** **တည်းဖြတ်ပါလည်း၊ အက္ခရာပုဒ်ဆွေး၊ မှားယွင်းသေး၏။** ညစ်ကြေးစပ်ယှဉ်၊ ပုထုဇဉ်သာ၊ ငါတို့မှာကား၊ **မမှားဘယ်သို့ ရှိလေမျို့** လိမ့်၊ **ယွင်းချို့**အက္ခရာ၊ ပျက်ယိုရာ၌၊ ပညာကြီးရှင်၊ **ငြမ်းကောင်းဆင်သို့၊** ပြင်**စေသတည်း**။

**နတ်မေဘက်အရှင်သုစိတ္တသာရ**

# မှိုင်းမြင်မိုးကိုးကားသော ကျမ်းများ

၁။ ဝိနည်းမဟာဝါ
၂။ ထေရာပဒါန်
၃။ ဇာတ်အဋ္ဌကထာ စတုတ္ထအုပ်
၄။ ဗောဓိဝင်ဝတ္ထုတော်
၅။ မဟာဗောဓိ ရွှေညောင်တော်သမိုင်း
၆။ ရွှေညောင်တော် အတ္ထုပ္ပတ္တိကထာ
၇။ ပင်းမြို့ အတ္ထုပ္ပတ္တိကထာ
၈။ မြန်မာ့စွယ်စုံကျမ်းများ
၉။ မှန်နန်းရာဇဝင်တော်ကြီး
၁၀။ ကုန်းဘောင်မင်းဆက် ရာဇဝင်
၁၁။ ဆရာတော် ဦးဗာကုလမှတ်စု
၁၂။ ပင်းမြို့နှင့် ရွှေညောင်တော်သမိုင်း ပေစာ
၁၃။ ရုပ်ပွားစေတီတော်ဟောင်း ပြင်ဆင်မှု အဆုံးအဖြတ်
၁၄။ မြတ်ဘုရား ရွှေတိဂုံသမိုင်း
၁၅။ နတ်မောက်မြို့နယ် မှတ်တမ်း
၁၆။ မဟာဗုဒ္ဓဝင်

# ဓမ္မဒါန အလှူရှင်များ

၁။ ဒေါ်လှရင် နတ်မောက်မြို့နယ် ပိတ်ချင်းတောရွာ ၃၀ဝိ

၂။ ဦးမောင်ဝင်း-ဒေါ်ထားတင် မန်နောင်ကျေးရွာ ၁၅ဝိ

၃။ ဦးသန်းဆွေ-ဒေါ်နွဲ့ မန္တလေး ၁၅ဝိ

၄။ ဦးတင်လှိုင်-ဒေါ်ခင်ထွေး ပင်းမြို့ ၁၀ဝိ

၅။ ဦးတင်အောင်-ဒေါ်သိန်းချုပ် ဗထူးတပ် ၆ဝိ

၆။ ဦးပိုးရှန်း သားသမီးတစု ပင်းမြို့ ၂၅ိ

၇။ ဦးအုံးမြိုင်မိသားစု သဃ်န်းကျွန်း ၂၅ိ

၈။ မောင်ညွန့်လွင်နှင့်အဖွဲ့ ပုဏ္ဏားကားရွာ ၁ဝိ

၉။ ဘုန်းကြီးဘဦးအုန်းမောင်-ဒေါ်ငြိမ်းထွေး
နဘူးတောင်ရွာ ၅ဝိ

၁၀။ ဘုန်းကြီးဘဦးပန်းပာန်-ဒေါ်ကျင်လှိုင်
သက်ရင်းတောရွာ ၅ဝိ

၁၁။ ကျောင်းဒကာ ဦးအောင်ရင်-ဒေါ်တုတ်မ
မိသားစု သရက်ချဉ်ရွာ ၅ဝိ

၁၂။ ကျောင်းဒကာ ဦးသန်းမိသားစု စန်းကမ်းရွာ ၅ဝိ

# ဗောဓိရွှေညောင်တော်၏ ထူးဆန်းသော အဖြစ်အပျက်များ

## ဗောဓိရွက်နှင့် သုံးပါတီ

၂၉-၆-၇၃ နေ့ညတွင် ပင်းမြို့ပုပ္ပာရုံကျောင်း၌ ဆရာတော် သံဃာတော်များနှင့် ရွာခံလူကြီးများဆုံတွေ့ယင်း ဗောဓိညောင် တော်နှင့် ပတ်သက်သော အကြောင်းအရာများကို ဆွေးနွေးကြ ရာ တချိန်ကပြည်သူ့ရဲဘော် ဖြစ်ခဲ့ဖူးသော သမဝါယမ ဥက္ကဋ္ဌ လူကြီး ဦးစောနေဝင်းက လျှောက်ထားသည်မှာ–

တပည့်တော်ကိုယ်တွေ့ လျှောက်ထားရမယ်ဆိုလျှင် လွတ်လပ်ရေးပြီးစ ရေှင်စုံသူပုန်များ ကျွန်ုပ်တို့မြေ တဝိုက်ကို ကြီးစိုးနေစဉ် တောတွင်း သုံးပါတီ ညီညွတ် ရေးကို ပြုလုပ်ခဲ့ဖူးပါတယ် ဘုရား၊ ထိုစဉ်အခါက ဟောဒီ မဟာဗောဓိ ရွှေညောင်တော်မှ ညောင်ရွက် ၃-ရွက်စီ ထူးထူးခြားခြား ကျောချင်းကပ်ပြီး လူက တမင်ဖန်တီးထားသလို ပူးကပ်နေပါတယ်၊ ဗောဓိ ညောင်ပင်ကြီးက ညောင်ရွက်များ ၃-ရွက်စီ ပူးကပ် ချိန်နှင့် တောတွင်းသုံးပါတီ ညီညွတ်ရေး ပူးပေါင်းချိန် ဟာ မှတ်မှတ်ရရ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ခဲ့တာကို တပည့်တော် ကိုယ်တွေ့ မျက်မြင်ပါဘုရား၊ ဒီနယ်မှလူ အားလုံးလဲ အသိပါဘုရား။

နောက်တချက် ကြုံရသည်မှာ သုံးပါတီ ညီညွတ်ရေး လုပ်ပြီး တနှစ်မပြည့်မီမှာပဲ ဟောဒီ ဗောဓိပင်ကြီးမှ ညောင်ရွက် တရွက်တည်းကနေ (ထွက်ရိုးထွက်စဉ် မဟုတ်ပဲ) အမြီးသုံးခွ ထွက်လာတာကိုလဲ တပည့်တော် များ ကိုယ်တွေ့မျက်မြင်ပါဘုရား၊ ဟော မကြာပါဘူး တောတွင်းသုံးပါတီ ညီညွတ်ရေးလဲ ပျက်ပြားပြီးငွေ့ပေ မရတော့ပဲ ကွဲပြဲကုန်ပါတယ် ဘုရား။

(ဤကား ၂၉-၆-၇၃ နေ့ညက ဤစာရေးသူ ကြားသိခဲ့ရ သော အဖြစ်အပျက်အမှန် ထူးခြားချက်ဘခုပင် ဖြစ်ပါသည်။)

## မရှိသေ၍ ဒုက္ခတွေ

ထိုနယ်မှလူများသည် ဤမဟာဗောဓိ ရွှေညောင်တော်ကို ဘုရားပွင့်ရာ ဗောဓိမျိုး ဖြစ်သောကြောင့် ပရိဘောဂစေတီ ထိုက်၍အထူးပင်ရိုသေ လေးစားမှု ရှိကြသည်၊ ဗောဓိပင် အဦး တွင် ဖိနပ်စီးခြင်း, ထီးဆောင်းခြင်း, မပြုကြသည့်အပြင် မဖွယ် မရာစကားကိုလည်း မပြောကြ၊ ရိုင်းပြသော အမူအရာများကို လည်း လုံးဝ ရှောင်ကြဉ်ကြလေသည်၊ မရှောင်သူများအဖို့ ထိခိုက်နစ်နာတတ်သည်ဟု အမှတ်သညာ ထားကြသည်၊ ပရိ ဘောဂစေတီထိုက်၍ ရိုသေခြင်းဖြစ်သည်။

တခါက ရွှေပန်းတောရဲစခန်းမှုးခန်းမှူး(ဌာနအုပ်)ဦးစိန်ဖေ နှင့်အဖွဲ့ ဤဗောဓိရွှေညောင်တော် အုတ်ခုံပေါ်၌ ဖိနပ်စီး၍ မရိုမသေပဲ ဖဲရိုက်ကြရာ ရွာသူရွာသားများက မပြောဝံ့၍

ကြည့်နေကြရသည်၊ မကြာပါချေ၊ ဦးစိန်ဖေ၏ဇနီးမှာ အဆိပ်သောက်၍သေရပြီး သားသမီး ၂-ယောက်စလုံး ရေနစ်သေဆုံးကြရသည်၊ ဦးစိန်ဖေမှာမူ ရူးသွပ်ပြီး သေသွား ရလေသည်၊ ထိုအဖြစ်အပျက်မှာ တနယ်လုံးကသိရှိကြ၍ ယခုတိုင် ပြောမဆုံးရှိနေကြသည်၊သတိပြုစရာ သံဝေဂပွားစရာပါတကား။

ထိုဦးစိန်ဖေ၏လက်ထက်မှာပင် သူ၏ လက်အောက် ရဲသား (ပုလိပ်)တယောက် ဗောဓိပင်အနီး မေတ္တာကန်မှ ငါးများကို ဖမ်းသူသောကြောင့် ထိုပုလိပ်လည်း မြွေကိုက်၍သေရကြောင်း ရွာခံလူကြီးများက ရှင်းပြ၍ ဤစာရေးသူမှတ်သားခဲ့ရပါသည်။

## ညောင်ကိုင်းကျိုးလျှင် သတိပြု

ပင်းနယ်တပိုက်မှ အကြီးအကဲပုဂ္ဂိုလ်ကြီးများ တစုံတခုဖြစ်တော့မည်ဆိုလျှင် ဤဗောဓိပင်မှ ထူးခြားချက်များ ဖြစ်ပေါ်တတ်သည်ဆို၏၊ ၎င်းတို့ပြောပြချက်အရ သိရှိရသည်မှာ မြန်မာသက္ကရာဇ် ၁၂၉၉-ခု (ဗြိတိသျှအစိုးရလက်ထက်)က ဤမဟာဗောဓိရွှေညောင်တော်မှ မြောက်ဘက်ခေါင်ကိုင်းကြီး ကျိုးကျဖူးသည်၊ထိုခေါင်ကိုင်းကြီးကျိုး၍ မငြေးမနှောင်းမှာပင် ပင်းမြို့ဂိုဏ်းချုပ် ဆရာတော်ကြီး ဦးကေသရ ပျံလွန်တော်မူကြောင်း သိရသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရခါနီးခရစ်နှစ် ၁၉၄၇-ခုနှစ်ကလည်း မဟာဗောဓိရွှေညောင်တော်မှအနောက်ဘက်ခေါင်ကိုင်းကြီးကျိုးကျပြန်ရာ ထိုနယ်၏အကြီးအကဲတဦးဖြစ်သော "ပင်း၊ လက်ခုပ်ပင်၊ ငွေးချို၊ သပန်းကန်" လေးရွာအုပ် သူကြီးဦးယုပ်န်

သေဆုံးချိန်နှင့် လာ၍တိုက်ဆိုင်နေကြောင်း ရွာခံလူကြီးများက ပြောပြကြသည်။

မှတ်ချက်။ ။ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်သည့်နှစ်က (မကွယ်လွန်မီ ၂-လအလို)လည်း ဤမဟာဗောဓိရွှေကျောင်းတော်မှ မထွက်စဖူးကျောင်စေးများထွက်ကြောင်း သိရ၏။

## ၉-လောင်းမ ဆင်ကြီးနှင့်မိချွေး

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးစ ဤနယ်တဝိုက်ကို ပြည်သူ့ရဲဘော်များ ကြီးစိုးလျက် ရှိကြသည်၊ ထိုပြည်သူ့ရဲဘော်တို့၏ လက်ထက်တွင် ၉-လောင်းမခေါ်သော ဆင်ဆိုးကြီးနှင့်မိချွေး ခေါ်သော ဆင်မကြီး ၂-ကောင်ပါရှိလာသည်၊ ၉-လောင်းမ ဟုခေါ်ရခြင်းမှာ ဤဆင်ကြီးသည် လူ ၉-ယောက်တိတိနင်းချေ ထိုးသတ်ဖူး၍ ၉-လောင်းမဟု ခေါ်ဆိုခြင်းဖြစ်သည်၊ ထိုဆင်ကြီး ၂-ကောင်မှာ အခြားကျောင်းပင်မှ ကျောင်ရွက်များကိုသာ စားပြီး ဤမဟာဗောဓိရွှေကျောင်းတော်မှ ကျောင်ရွက် များကို မစားပဲ ကွင်းရှောင်၍သွားလေသည်၊ ဤအကြောင်းကို အယုံအကြည်မထားသောပြည်သူ့ရဲဘော်များက ဆင်ကြီး ၂-ကောင်ကို မဟာဗောဓိရွှေကျောင်ပင်အောက်သို့ မောင်းယူလာပြီး လက်တွေ့အစားခိုင်းလေသည်၊ ဆင်ကြီး ၂-ကောင်မှာ လုံးဝ မစားသည့်အပြင် အရိုအသေပြုသောအားဖြင့် ဒူးတုပ်၍ပင် နေသည်ဆို၏။

# ကဗျာမှတ်တမ်းများ

ဤမှတ်တမ်းပြုစုချိန်၌ ပင်းမှာ သာမန်ကျေးရွာတရွာသာ ဖြစ်သော်လည်း ရှေးမြန်မာမင်းများ လက်ထက် အခါကမူ သမိုင်းဝင်မြို့တမြို့ဖြစ်သည်၊ မြို့တည်နှစ်၊ မြို့တည်မင်း၊ မြို့ရိုးယာ စသည်များကို လက်ာမှတ်တမ်းများ ရေးဖွဲ့၍ထားသည်၊ ရှေး ပညာရှိတို့၏ လက်ရာပညာအမွေအနှစ် ဖြစ်သော ပင်းမြို့တည် သမိုင်းလင်္ကာများကို ပေစာဖြင့် လည်းကောင်း၊ ပုရပိုက်ဖြင့် လည်းကောင်း၊ ဇလာစာအုပ်များဖြင့် လည်းကောင်း ခေတ် အဆက်ဆက် ရေးကူး မှတ်သားထားသည်ကို တွေ့ရသည်၊ ဤ စာအုပ်၌ မြို့တည်သမိုင်းလင်္ကာများကို အစအဆုံး မထည့်နိုင် သော်လည်း တစိတ်တဒေသ လင်္ကာများကို အရှင်သုံဝဏ္ဏ၏ ဗောဓိပင်မှတ်တမ်း၌ ဖော်ပြထားပေးပြီးဖြစ်ပါသည်၊ ဗဟုသုတ အဖြစ် ပင်းမြို့နှင့် ဗောဓိရွှေညောင်တော်ဖွဲ့ လေးချိုးကဗျာ ၂-ပုဒ်နှင့် ဘောလယ်တပုဒ်ကို ဖော်ပြပေးလိုက်ပါကြောင်း။

ဦး ညာသာမိ (မာဂဓီ-သာစည်)

## ဗေဒါပင်အနီး စေတီရုံများဘွဲ့

## ဘောလယ်

၁။ ဗေဒါပင်ခြေပင်ခြေ၊ ပလ္လင်ဗွေအနီးမှာလ၊
အသျှင်စေတီကြီးတွေက တန်ခိုးလျှံဖြာ၊
ဝန်းရံတည်ခါတည်ခါ၊
ကြည်ကြည်သဒ္ဒါမြူးတယ်လေ ...
ထူးတင့်လှစွာ။

၂။ ခတ်တော်တွေကိန်းပါလို့၊ ကျိန်းစက်ရာ
သိမ်းစက်ကမ္ဘာကွဲ့တည်စေကြောင်း၊
ရည်ရည်ချွေညောင်းပါလို့ တောင်းဆုတော်၊
ကောင်းမှုစုံညီစုံညီ၊ ထုံဝသီတိုးတယ်လေး ....
ကျိုးရှိဖို့နော်။

၃။ ဂုဏ်တော်တွေထူးပါတဲ့မြတ်ဇိနော်၊
ကပ်ကြည့်မျှော်ကာကွဲ့ဖူးမြင်ရေး၊
အထူးရွှင်အေးပါတဲ့သဒ္ဒါရည်။
နတ်ပေါင်းဗိုလ်လူဗိုလ်လူ
သီတဂူစန်းလိုလေး လန်းရွှင်လို့ကြည်။

၄။ သျှင်တော်မြတ်ပေါင်းကိုတဲ့ ညွှတ်ပျောင်းတည်၊
လွှတ်ကြောင်းရည်ပါလို့ ဝဋ်စက်လွှား၊
ကျွတ်ကျွတ်ထွတ်သွားရာကွဲ့ ပြည်နိဗ္ဗာန်
ရည်စိတ်ဿန်ကာ သန်ကာ၊
ညက်ညက်ဖြာလောင်းတယ်လေ....
ကောင်းကောင်းမှုပန်။

**မှတ်ချက်။** ။**ကျောင်းကုန်းဆရာတော် ဦးသုမနထံမှ ရရှိပါသည်။**

## မဟာဗောဓိရွှေစေတီတော်ဘွဲ့

## လေးချိုးကဗျာ

* သဘင်းကြားသမို့ အဖြာဖြာအခြေမယွင်းတာတွေပြုရမှာဖြင့်
ရွှေပင်းနဂရာ တဝငယ်က
(အိုကွယ်)အသရေလင်းရောပ ထီးကနက်စံရာ။

* ဩဘ် နေပမာ အဆင်းကဲ့သို့
ထေရ်ဆရာ သနင်းရယ်က
စေတနာသွင်းကာ ပုံဂံပြည်မှ
အရဟံမထေရ်ကြည်ညိုယင်းရယ်နှင့်
ကြံဖန်ကာတလိ သီဟိုဠ်သို့ ချဉ်းပါလို့
ဗုဒ္ဓဟော ရုက္ခမင်းကို သွင်းတဲ့စေတနာ။

* ဆေးဒန်းနှင့်မြင်းသီလာ သေချာသိုင်းပါလို့
ဒက္ခိဏာသာခါ လက်ယာကိုင်းကိုလ
ရက်ကြာမဆိုင်းငယ်တဲ့ ပင့်ဆောင်လာ
ရာဇာတို့ပြည်ပါး
(အိုကွယ်)ရတနာမချို့တည်ထား။

* သို့ကြောင်းအင်
ပင့်မြို့ခေါ်တင်တဲ့
ရွှေညောင်ပင် ဗောဓိထူးကို
ဖူးကြအများ။

(၁၂၉၀-ပြည့်)

**ပင်းမြို့ဘွဲ့လေးချိုးကဗျာ**

* ယင်းသို့ဝယ်ပြည်ဘောင်မကိုဋ္ဌမှာလ
ပင်းမြို့နယ်တည်ထောင်လိုက်တာက
ညီနောင်စိုက်ပါတဲ့ကျွန်းအမှန်။

* ခင်သမယံ ကြော်ညံတွေ့တာက
ရှင်အရဟံ ဂေါ်စံရသေ့ပါပဲ
ပျော်စံမွေ့ပါတဲ့ သေလာယံ။

* ကြည်ညိုသူနောင်နေ့်မြင့်ရန်ဖို့
သီဟိုဠ်ပြည်ညောင်တော်ပင့်စဉ်က
သီသင့်ပါတဲ့ ယင်းဝစနံ
ပင်းနဂရုံမှာတော့ သိရန်အကြောင်း။

* ထွန်းသိမ်တော်
ပင့်ခဲ့ပါရွှေညောင်တော်သို့
အသရေဆောင်သနော် နတ်ပြည်တိုင်းလိုပ
(ကွယ်တို့ရယ်) နှိုင်းနှင့်ဖို့ညွှန်း။

**အထက်ပါကဗျာ ၂-ပုဒ်ကို ပင်းမြို့ စာပြော (ကွက်စိပ်) ဆရာဦးထွန်းကြီး ၅၅-နှစ်ထံမှရရှိသည်။**



မြ့တေနာမိသားစု အိန္ဒိယမှ ပင့်ဆောင်စိုက်ပျိုးထားသော ရန်ကုန်မြို့
မဟာစည် ရိပ်သာအတွင်းရှိ ဗောဓိပင်ပျိုးအား ရေလောင်းနေကြပုံ။

# နတ်မောက် အရှင်သုမိတ္တာသာရ ၏

## ထွက်ပြီး စာအုပ်များ

၁။ ရက်ပေါင်းကိုးဆယ်
၂။ ထေင်မြတ် မဟာစည်
၃။ အောင်ခြင်းရှစ်ပါး ပုံပြစာပန်းချီ
၄။ အနန္တငါးပါး
၅။ မြင်းမိုရ်ဦးကျောက်စာ
၆။ မဟာဗောဓိရွှေညောင်တော်

## ပြုစုပြီး စာအုပ်များ

၁။ ကလေးသင် အနန္တငါးပါး၊ (စာမူတင်ထားဆဲ)
၂။ တဝဂူ မိုးကောင်းဘုရားသမိုင်း ( ။ )
၃။ မြသိတာဘုရားသမိုင်း ( ။ )
၄။ ကျန်းမာခြင်းအလှ မြတ်ဒါန
၅။ ဘဝနှင့် စာပေများ
၆။ စာနယ်ဇင်း ဝတ္ထုဆောင်းပါးများ
၇။ ကရဝိက်ငှက်သမိုင်း